# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၁၈)


# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**

**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG" အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# ဝေဒနာရှင်များ ရောဂါသက်သာပျောက်ကင်းရေးအတွက် ပြုစုကုသပေးမည့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး ၂၄ နာရီ ဖွင့်လှစ်ထားရှိပြီ



ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးအား တွေ့ရစဉ်။

ရန်ကုန် မေ ၈

ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးအား အရေးပေါ် ခွဲစိတ်ကုသမှု အပါအဝင် အရေးပေါ် ဆေးဝါးကုသမှု ခံယူရန် လိုအပ်သည့် လူနာများကို အချိန်မီ ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန် ၂၄ နာရီ ဖွင့်လှစ်ထားရှိပေးလျက်ရှိသည်။

ထို့ပြင် ဆေးရုံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆေးရုံအုပ်ကြီးအပါအဝင် ဆရာဝန်၊ ဆရာမ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများကလည်း ဝန်နှင့်အားမမျှတသည့်ကြားမှ လူနာများအား နွေးနွေးထွေးထွေးဖြင့် ဂရုတစိုက် ကုသပေးလျက်ရှိသည်။

သို့ဖြစ်၍ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးတွင် အနယ်နယ် အရပ်ရပ်မှ လာရောက်ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများနှင့် လူနာစောင့်များအား

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

**အကာနှင့်အသတ်ဖြင့် နိုင်ငံခြားခရီးသွားလာခွင့်ကို ဗြိတိန်နိုင်ငံမှ ခွင့်ပြုပေးမည်**

နိုင်ငံတကာသတင်း | စာ ၁၃




**ဆင်းရဲတဲ့ နိုင်ငံတွေကို ဘဏ္ဍာငွေကူညီပြီး ကာကွယ်ဆေးထိုးခြင်းကို အရှိန်မြှင့်တင် လုပ်ဆောင်မယ်လို့ ပြောလိုက်တဲ့ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများ**

နိုင်ငံတကာရေးရာ | စာ ၁၄



မြန်မာ့အလင်း

## အကြမ်းဖက်အဖျက်သမားရန်စွယ်များ ပြည်သူ့အားဖြင့် ရှင်းလင်းဖယ်ရှား

မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ယင်းကဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ယင်းက ဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်ပြီ ဖြစ်သည်။ ဖော်ပြပါ အဖွဲ့အစည်းအားလုံးမှာ မြေပေါ်တွင်မရှိ။ နယ်စွန်နယ်ဖျားတောတွင်း ဒေသများတွင် ခိုအောင်းလှုပ်ရှားရင်း ပြည်တွင်း၌ မတည်မငြိမ်ဖြစ်အောင်၊ အကြမ်းဖက်လှုပ်ရှားမှုများဖြစ်အောင် လူမှုကွန်ရက်မှတစ်ဆင့် လှုံ့ဆော်မှု၊ သွေးထိုးမှုများ ပြုလုပ်နေကြခြင်း ဖြစ်သည်။ ယင်းကဲ့သို့ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဒေသန္တရ ကာကွယ်ရေးတပ်ဖွဲ့ဟု အမည်ခံသည့် အကြမ်းဖက်မှုများ မြို့ရွာဒေသများအတွင်း ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု ဆိုသော်လည်း အွန်လိုင်းပေါ်တွင် တွေ့ရခြင်းမျှသာဖြစ်ပြီး လက်လုပ်မိုင်းခွဲ၊ မီးပုလင်းပစ်၊ အုပ်ချုပ်ရေးမှူးခားနှင့်ထိုး၊ Non-CDM ကျောင်းဆရာဆရာမများကို ခြိမ်းခြောက် စသည့်အမှုတို့ကို လစ်ရင်လစ်သလို လုပ်တတ်သည့် လူကြမ်းလက်တစ်ဆုပ်စာခန့်နှင့် ၎င်းတို့ကို ပုန်းလျှိုးကွယ်လျှိုး အားပေးအားမြှောက်ပြုနေသူ လူတစ်စုခန့်တို့သာဖြစ်သည်။ ဘယ်မြို့နယ်မှာ PDF ဖွဲ့ပြီးပါပြီဟု အပြိုင်အဆိုင်လိုင်းပေါ်တင်ကာ ဒေသတွင်းဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်အချို့ကို လုပ်ပြပြီး မိမိတို့ရှိကြောင်း ပြရုံထက်မပို။ တောတွင်းနှင့် မြို့ပေါ်နှစ်ဖက်ညှပ်၍ တိုက်ခိုက်ရန်၊ မြို့တွင်းတိုက်ပွဲများဆင်နွှဲပြီး အာဏာကို ရယူရန်ဟူသော စိတ်ကူးယဉ်အိပ်မက်၏ အစိတ်အပိုင်းများဟိုတစ်စ ဒီတစ်စ မျှသာဖြစ်သည်။

သို့ရာတွင် CRPH၊ NUG၊ PDF နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများမှာ ဗုံးခွဲ၊ လူသတ်၊ မီးရှို့၊ ခြိမ်းခြောက် စသောအကြမ်းဖက်လုပ်ရပ်များပြုလုပ်ခြင်း၊ အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း၊ အကြမ်းဖက်မှုကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်ရန် ကြံစည်အားထုတ်လျက်ရှိခြင်းဟူသော လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၎င်းတို့အား အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်ပြီဖြစ်သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းက သာမန်ဆန္ဒပြမှုများမှစတင်ကာ တဖြည်းဖြည်းရေချိန်မြင့်လာခဲ့သည့် ဆူပူလှုပ်ရှားမှုများမှာ တစ်ဆင့်ပြီး တစ်ဆင့်ပြောင်းလဲလာပြီး လက်ရှိအခြေအနေတွင် အကြမ်းဖက် လုပ်ရပ်များပြုလုပ်သည့် အဆင့်သို့ရောက်ရှိခြင်းနှင့်အတူ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်ပြီဖြစ်ရာ မြို့ပြရပ်ရွာဒေသများအတွင်း အေးချမ်းစွာနေထိုင်ကြသည့်ပြည်သူများ အနေဖြင့် ၎င်းအုပ်စုများနှင့် မပတ်သက် မဆက်စပ်မိအောင် သတိပြု ရှောင်ရှားနေထိုင်ရန်၊ အကြမ်းဖက်အုပ်စုများအား ဖော်ထုတ်အရေးယူရာတွင်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင်လည်းကောင်း ပူးပေါင်းပါဝင်ကြရန် အရေးကြီးလာသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် အရေးပေါ်ကာလအခြေအနေတစ်ရပ်အတွက် အခြေခံဥပဒေအရ ပေါ်ပေါက်လာရခြင်းဖြစ်ပြီး သတ်မှတ်ကာလလုပ်ငန်းတာဝန်များပြီးမြောက်၍ ပြည်သူက ရွေးချယ်တင်မြှောက်သည့် အစိုးရပေါ်ပေါက်လာပြီးနောက်တွင် နိုင်ငံ့တာဝန်များကို အစိုးရသစ်ထံ ပခုံးပြောင်းထမ်းဆောင်ရန် လွှဲအပ်သွားရမည်ဖြစ်သည်ကို ပြည်သူအားလုံးက သတိချပ်ကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လက်ရှိအစိုးရသည် အရေးပေါ်ကာလအစိုးရတစ်ရပ်အနေဖြင့် ဆူပူမှုများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း မတိမ်းမစောင်းရအောင်၊ တာဝန်များကို ပြီးမြောက်အောင် ထမ်းဆောင်သွားမည်သာဖြစ်ပြီး နိုင်ငံ၏ ဆူးပြောင့်ခလုတ်တံသင်းတို့ကိုလည်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရှင်းလင်းသွားမည်သာဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၈

COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဘုရားပုထိုးစေတီများနှင့် အခြားဘာသာဝင်များ၏ ဘာသာရေးကျောင်းများအား ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ယင်းကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့တွင် ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက်ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် ပန်းခြံများ၊ ကစားကွင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ဈေးများ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်း ခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမရပူရမြို့နယ် မြင်တော်ကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

နေပြည်တော် မေ ၈

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက် ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အမရပူရမြို့နယ် ကြည်းမြင့်တိုင်ကျေးရွာအုပ်စု မြင်တော်ကျေးရွာရှိ အိမ်ထောင်စု ၄၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ**

ပညာရေးဝန်ကြီးဌာန

"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

### အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

### ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ . . . . .

အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သစ်အခြေခံစက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံ စက်မှုလုပ်ငန်းဌာန၊ အမှတ်(၁၀) ပရိဘောဂစက်ရုံအား ကြည့်ရှုစစ်ဆေးရာ သစ်အခြေခံစက်မှုလုပ်ငန်းဌာန စက်ရုံအထွေထွေမန်နေဂျာက စက်ရုံနောက်ခံသမိုင်းများနှင့် စက်ရုံ၌ Prowess Myanmar Co., Ltd နှင့် ပူးပေါင်း၍ ပရိဘောဂများ ထုတ်လုပ်တင်ပို့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ (ယာပုံ)

**သစ်ထုတ်ခြင်းကို တစ်နှစ်ရပ်နားမည်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သယံဇာတ ထုတ်ယူသုံးစွဲခြင်းတွင် သစ်တောကာကွယ်ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံးလိုအပ်ချက်ကိုသာ ထုတ်ယူလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်မှစ၍ သစ်အလုံးလိုက် ပြည်ပတင်ပို့ခွင့်ကို ရပ်နားထားခဲ့ပြီး ပဲခူးရိုးမအတွင်း သစ်ထုတ်ခြင်းကို ၁၀ နှစ် ရပ်နားထားခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးသစ်ထုတ်ခြင်းကို တစ်နှစ်ရပ်နားမည်ဖြစ်ကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြင့် သစ်အချောထည်များပိုမိုထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနနှင့် ကုမ္ပဏီ ပေါင်းစပ်ပြီး Teamwork ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်အချောထည်စက်များ၏ နည်းပညာ၊ ဈေးကွက်နှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရှေ့ဒဂုံမြို့နယ်ရှိ Century Myanmar Private Limited သစ်ပါးလွှာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အရှေ့ဒဂုံမြို့နယ်ရှိ National Wood Industry Ltd., ကျွန်းသစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာက ကုမ္ပဏီဆိုင်ရာ အချက်အလက်များ၊ စက်ရုံ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ သစ်အခြေခံစက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ ပြည်ပတင်ပို့နိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံ၏ အနာဂတ် သစ်အခြေခံစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော်အတွင်း ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်အတွင်း ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် နေပြည်တော်အတွင်း ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှုများကို သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ငလိုက်ချောင်းအနီးရှိ သဲရေစစ်ကန် အမှတ် (၁) နှင့် နန်းဦး ရေပေးရေးစက်ရုံတို့ကို ကြည့်ရှုခဲ့ပြီး အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ရုံးရှိ အစည်းအဝေးခန်းမတွင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနမှူး ဦးလှမိုးထွန်းက နေပြည်တော်အတွင်း ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ ရန်အောင်မြင်ဆည်သို့ သွားရောက်ကာ သဲရေစစ်ကန်နှင့် ဆည်ပတ်လမ်း တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ဗေဇ္ဇမောင်ဆည်ရှိ သဲရေစစ်ကန်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ရေဆိုးသန့်စင်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်သို့ ဆွမ်းပဒေသာပင် ဆက်ကပ်လှူဒါန်းခြင်း၊ မဟာနာယကကျောင်းတော်ကြီး၌ ကျင်းပသည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရှိ သင်တန်းများဖွင့်လှစ်သည့် အစည်းအဝေးသို့တက်ရောက်

**နေပြည်တော် မေ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသော ထာဝရဆွမ်းပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



### ပရိတ်တရားတော်များကို နာယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာတော်ဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

### အနုမောဒနာတရား နာယူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)မှ ဆရာတော်ကြီးတို့အား အလှူရှင် ရန်ကုန်မြို့ အင်းယားလမ်း Popular Group မှ ဦးကျင်ဦး၊ ဒေါ်ချောစုလွင် မိသားစုတို့က ဆွမ်းနှင့်ဆေးသေတ္တာ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းလောင်း အမျှပေးဝေသည်။

### သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး တင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ခေတ္တပါမောက္ခချုပ်၊ အနုပညာအထက်တန်းကျောင်း လက်ထောက်ညွှန်ကြားရေးမှူးတို့က သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသားများသည် ခိုင်လုံသည့် သမိုင်းကြောင်း နောက်ခံအထောက်အထားများဖြစ်ကြသည့် ပရိုင်းမိတ်ရုပ်ကြွင်းများ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ဟူသည့် လူ့ယဉ်ကျေးမှု ခေတ်အဆင့်ဆင့်တို့၏ ဖြစ်စဉ်အထောက်အထားများဖြင့် ပြည့်စုံစွာ ပိုင်ဆိုင်ထားရှိသူများဖြစ်ကြပါကြောင်း၊ မြန်မာ့မြေပေါ်တွင် အေးအတူပူအမျှ ခေါမဦးချ စုစည်းနေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြပြီး စာပေ၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှု၊ အနုသုခုမ၊ ကျင့်ဝတ်၊ ဓလေ့ထုံးစံများစွာ ပေါ်ကြွယ်ဝကာ ထိုအမွေအနှစ်ရတနာ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြပါကြောင်း၊ မြန်မာလူမျိုးတို့၏ ကောင်းမွန်သော ဗုဒ္ဓအဆုံးအမနှင့် မှန်ကန်သော အမျိုးသားရေး စရိုက်လက္ခဏာများကို မြှင့်တင်ပေးရန် အကောင်းဆုံးသော လက်နက်သည် စာပေလက်နက်ပင် ဖြစ်ပါကြောင်း၊ ထိုစာပေဘာသာရပ်ကို မသင်မဖြစ် သင်ကြားကြရပြီး ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သော ရှေးဟောင်း သုတေသနဆိုင်ရာပညာ၊ ပြတိုက်ဆိုင်ရာပညာ၊ အကပညာ၊ သဘင်ပညာ၊ အဆို၊ အတီး၊ အမှုတ် ပညာရပ်များ၊ မြန်မာ့အနုပညာ ပန်းချီ၊ ပန်းပု၊ လက်မှုအတတ်ပညာများ သင်ကြားပေးနေကြသော ယခု ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတွင် အလွန်အရေးပါလျက်ရှိကြောင်း၊ ဖွင့်လှစ်ပြီးသော သင်တန်းများနှင့် ဖွင့်လှစ်ရန်ကျန်နေသေးသော သင်တန်းများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကူးစက်မှု မခံရစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ကာကွယ် တားဆီးရေး အစီအမံများ၊ အကြံပြုချက်များနှင့်အညီ စနစ်တကျ ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ လိုအပ်ချက်မရှိစေရေး၊ ပြည့်စုံစေရေးစီစဉ်ဆောင်ရွက်ရန်၊ အဆောင်နေ ကျောင်းသား၊ ကျောင်းသူများရှိပါက အဆောင်များရရှိနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိနိုင်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

### နာသုံးနာရှိရန်တို့ လိုအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၊ ကျောင်းများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို ပညာတတ်အောင် သင်ကြားပေးရမည် ဖြစ်ကြောင်း၊ ထိုသို့ သင်ကြားနိုင်ရန်အတွက် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ အချိုးမျှတစွာဖြင့် သင်ကြားမှု၊ သင်ယူမှု ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမ နည်းပြီး ကျောင်းသား၊ ကျောင်းသူ များနေပါက အချိုးမျှတမှုမရှိဘဲ ကျောင်းသား၊ ကျောင်းသူများကို ပညာတတ်အောင် သင်ကြားပေးနိုင်မည်မဟုတ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို ပညာတတ်အောင် သင်ကြားရန် အတွက် ဆရာ၊ ဆရာမ လုံလောက်စွာရှိရန် သင်ထောက်ကူပစ္စည်းနှင့် သင်ကြားချိန် လုံလောက်စွာရှိရန်နှင့် ဆရာ၊ ဆရာမများက စေတနာ၊ အနစ်နာနှင့် ဝါသနာ စသည့် နာသုံးနာရှိရန်တို့ လိုအပ်ပါကြောင်း၊ သို့အတွက် ဆရာ၊ ဆရာမများကို ဖြည့်ဆည်းပေးရန်အတွက် ယခုလို လာရောက်ခြင်း ဖြစ်ကြောင်း မှာကြားသည်။

### ဖွင့်လှစ်သင်ကြား နိုင်ရေး

ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်းကို ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)တွင် မေ ၄ ရက်တွင်လည်းကောင်း၊ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာ သင်တန်းကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ဧပြီ ၂၀ ရက်တွင် လည်းကောင်း၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ မေ ၅ ရက်တွင်လည်းကောင်း၊ ပန်တျာနှင့် ပန်းချီ၊ ပန်းပုသင်တန်းများကို အနုပညာအထက်တန်းကျောင်း (ရန်ကုန်နှင့် မန္တလေး) ၌ မေ ၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်းနှင့် အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်းကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ မေ ၁၀ ရက်တွင် ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် ဖွင့်လှစ်ပြီးသင်တန်းနှင့် ဖွင့်လှစ်ရန်ကျန်ရှိသည့် သင်တန်းများကို COVID-19 စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့်လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသား ညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေး တပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# မင်းဘူး-အမ်း-စစ်တွေလမ်းသည် ပြည်နယ်၊ ပြည်မ ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင် အဓိကအရေးပါ လမ်းများအဆင့်မြှင့်တင်တည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်



**နေပြည်တော် မေ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၇ ရက်တွင် နေပြည်တော်၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေး လမ်းပိုင်း ၂၂ မိုင် ၆ ဖာလုံကို ၁၂ ပေ အကျယ်မှ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းပြီးမှု၊ လမ်းချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား- မကွေးလမ်းပိုင်း မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ လမ်းနယ်တိုင်များနှင့် လမ်းဘေးရေနုတ်မြောင်း ဆောင်ရွက်ခြင်း၊ လမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၃၃/၁ နှင့် ၃၃/၂)အကြားရှိ သရက်ခွ ချောင်းတံတားသို့ ရောက်ရှိရာ တံတားအောက်ဘက်နှင့် တံတားအထက်ဘက် ရေစီးလမ်းကြောင်းအခြေအနေ၊ Box Culvert ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးမှုကြောင့် ထိန်းသိမ်းဆောင်ရွက်ရမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လက်ရှိတံတားအား တံတားခန်းဖွင့် တိုးချဲ့တည်ဆောက်ရန် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၆၂/၇ နှင့် ၆၃/၀) အကြားတွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃)မှ အရှည်ပေ ၁၈၀ ပေါင်းကူးချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်းဘူး-အမ်း လမ်းအပိုင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)၏ ရင်းရှည် လမ်းစခန်းရုံးတွင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစံမင်းအောင်နှင့် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကြည်ပိုတို့က ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**တိုးချဲ့ပြုပြင်သွားရန်လို**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်၏ အဓိကဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်းနှင့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း သုံးလမ်းရှိသည့်အနက် နေပြည်တော်-မကွေးမှ ဝင်ရောက်နိုင်သည့် မင်းဘူး-အမ်း-စစ်တွေလမ်းသည် ပြည်နယ်၊ ပြည်မ ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင် အဓိကအရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ယခုလမ်းပိုင်းသည် တောင်ပေါ်လမ်းဖြစ်သည့်အတွက် လမ်းကွေ့များချဲ့ပေးရန် လိုပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည့်နေရာများတွင် လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေး၊ အသိပေး ဆိုင်းဘုတ်များ၊ Guard Post နှင့် Guard Rail များ စိုက်ထူပေးရန် လိုပါကြောင်း၊ တောင်ပေါ်လမ်းများချဲ့ခြင်းသည် အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီး ခရီးသွားပြည်သူများ၏ ယာဉ်အန္တရာယ်လျော့နည်းသွားစေပါကြောင်း၊ Data အချက်အလက်များကို နှစ်အလိုက် မှတ်တမ်းတင်ထားရှိရန် လိုအပ်ပါကြောင်း၊ ယာဉ်အန္တရာယ်ဖြစ်တတ်သည့် လမ်းအပိုင်းများကိုလည်း ချက်ချင်းတိုးချဲ့ ပြုပြင်သွားရန် လိုပါကြောင်း မှာကြားသည်။

**အရည်အသွေးပြည့်မီရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မင်းဘူး-အမ်း လမ်းအပိုင်း လမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကွန်ကရစ်ရေမြောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် နယ်စပ် အမ်းတောင်ကြားသို့ရောက်ရှိပြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ်အပိုင်းမှ တာဝန်ယူဆောင်ရွက်သော (151km မှ 153km)အကြားတွင် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းပြီးမှုတို့ကို လမ်းတစ်လျှောက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းများအဆင့်မြှင့်တင်တည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သယု(ပဲပဒို) တံတားသို့ရောက်ရှိပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး)နှင့် စစ်ဆေးရေးအဖွဲ့တို့နှင့်အတူ တံတားကြိုးထိန်းခုံကြံ့ခိုင်မှု၊ ပင်မတံတားပေါ်တွင် တံတားကြမ်းခင်းများ၊ တံတားလက်ရန်းများ၊ တံတားပင်မဆိုင်းကြိုးများ ကြံ့ခိုင်မှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် စစ်ဆေးပေးရန် လိုပါကြောင်းနှင့် တံတားကြီးလုံခြုံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အပိုင်းကို တာဝန်ရှိသူများအား မှာကြားသည်။ လက်ရှိ သယု(ပဲပဒို) ကြိုးတံတားမှာ ယာဉ်ဖြတ်သန်းမှု တန်(၂၀) သာ ခွင့်ပြုနိုင်သည့်အတွက် အဆိုပါ တံတားဘေးတွင် တန်(၆၀)ခံနိုင်ဝန်ရှိသည့် တံတားအသစ်တစ်စင်း တည်ဆောက်နိုင်ရေး Feasibility Study ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (158km)နှင့် (160km)အကြား အမ်းမြို့အဝင်တွင် ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့တွင်း လမ်းဆုံ လမ်းညွှန်ကျောက်တိုင်ကို တင့်တယ်လှပစေရေး အဆင့်မြှင့်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင် (၃) ဦးအောင်သန်းဦးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များရှိ မီးလောင်ကျွမ်းခဲ့သည့် စက်ရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ ဒုတိယဝန်ကြီးက စက်ရုံများ ပြန်လည်လည်ပတ်ရေးအတွက် စက်ပစ္စည်းကိရိယာများ တင်သွင်းရေး၊ အာမခံထားရှိသော စက်ရုံများ အာမခံလျော်ကြေးရရှိရေး၊ အလုပ်သမားများ လူမှုဖူလုံရေးခံစားခွင့်များ ရရှိရေး၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပညာရှင်များ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးကိစ္စရပ်များ အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လတ်တလော တွေ့ကြုံနေရသည့် အခက်အခဲများ၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရဌာနများအနေဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင် (၃) နှင့်အတူ အမှတ် (၁) သစ္စာလမ်း ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်လျက်ရှိသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံစဉ် ကွန်တိန်နာငှားရမ်းစရိတ် မြင့်တက်နေခြင်း ကိစ္စရပ်များ၊ ကွန်တိန်နာသင်္ဘောများ ယခင်ကကဲ့သို့ ပုံမှန်ဝင်ရောက်နိုင်ရေးနှင့် ပို့ကုန်အတွက် လိုအပ်သည့် ကွန်တိန်နာအလွတ်များ လုံလုံလောက်လောက် ရရှိရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူမှု တတိယတစ်လတာခရီး

**ကနောင်**

*ယမန်နေ့မှအဆက်*

ကိုဗစ်-၁၉ ကပ်ရောဂါကို ကမ္ဘာ့နိုင်ငံအများစုမှာ ယနေ့အချိန်အထိ ဖြစ်ပွားနေဆဲဖြစ်တာမို့ နိုင်ငံတကာလေကြောင်း ခရီးသည်တွေကနေ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအန္တရာယ် ကင်းဝေးစေဖို့အတွက် ယာယီကန့်သတ်ထားခဲ့တဲ့ နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းဆိုင်ရာ ညွှန်ကြားချက်ရဲ့ သက်ရောက်မှုကာလကို မေ ၃၁ ရက်အထိ တိုးမြှင့်ခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုဗစ်-၁၉ တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေးနှိုးဆော်ချက်တွေကို ဧပြီလအတွင်း ထုတ်လွှင့်ခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်နှုန်းမြင့်မားနေခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအစီအမံများ ထားရှိဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိတာကို မြင်တွေ့ရပါတယ်။ ဦးစားပေးအစီအစဉ်အရ ဇန်နဝါရီ ၂၇ ရက်တွင် ကာကွယ်ဆေးထိုးနှံခြင်းစတင်ခဲ့ပြီး ဧပြီ ၂၁ ရက်အထိ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံခြင်းတွင် ကာကွယ်ဆေးအရေအတွက် ၁ ဒသမ ၅၄ သန်း၊ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းအဖြစ် ၀ ဒသမ ၃၄သန်း စုစုပေါင်းကာကွယ်ဆေး ၁ ဒသမ ၈၈ သန်းကို ထိုးနှံခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများက သံရုံးဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဧပြီ ၅ ရက်မှာ စတင်ထိုးနှံပေးခဲ့ပါတယ်။

ပြည်ပကနေ နယ်စပ်လမ်းကြောင်းများကနေ ဝင်ရောက်လာခဲ့ကြတဲ့ ကရင်နဲ့ မွန်ပြည်နယ်တို့က ဒေသခံများ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနည်းလမ်းများအရ ကွာရန်တင်းထားရှိရန်နဲ့ ကျန်းမာရေးစစ်ဆေးပေးတာ၊ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူတာတွေကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်ဆေးရုံက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း ဧပြီ ၄ ရက်က သိရှိရပါတယ်။

ဧပြီ ၅ ရက်က UWSA “ဝ” တပ်ဖွဲ့ဝင်များနဲ့ မိသားစုများကို ဆေးဘက်ဆိုင်ရာသင်တန်းနဲ့ မွမ်းမံသင်တန်းတွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာ ဝမ်ဟုန်ဆေးရုံမှာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးတပ်ရင်းက ဆေးတပ်ဖွဲ့ဝင်များက သင်ကြားပေးခဲ့တာဖြစ်ပါတယ်။ ဆေးဘက်ဆိုင်ရာသင်တန်းကို ဒေသခံတိုင်းရင်းသားပြည်သူ ၄၆ ဦးနဲ့ မွမ်းမံဆေးဘက်ဆိုင်ရာသင်တန်းကို ဒေသခံတိုင်းရင်းသားပြည်သူတွေ ၂၄ ဦးတို့ကို သင်ကြားပေးလျက်ရှိတာဖြစ်တဲ့အတွက် ဒေသခံများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအားဖြည့်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ထို့အတူ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်အစရှိတဲ့ မြို့ကြီးတွေရဲ့ ပြည်သူ့ဆေးရုံကြီးတွေကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံဆောင်ရွက်မှုတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ရလဒ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးတို့အပါအဝင် မြို့နယ်များရှိ ပြည်သူ့ဆေးရုံအချို့ ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံတွေအတွက် ဆေးဝါးဝယ်ယူနိုင်ဖို့ ငွေကျပ်ဘီလီယံ ၃၀၀ လျာထားခဲ့ပြီး ဆေးရုံလုပ်ငန်းလိုအပ်ချက်တွေနဲ့အညီ ဖြည့်ဆည်းပေးမှာဖြစ်သလို ကျန်းမာရေးဝန်ထမ်းတွေကိုလည်း အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိနေတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ အကျိုးဆက်အဖြစ် ကျန်းမာရေးဝန်ထမ်းများ မိမိတို့မူလလုပ်ငန်းခွင်ကို အများအပြားပြန်လည်ဝင်ရောက်လာခဲ့တာကိုလည်း ဝမ်းမြောက်ဖွယ်မြင်တွေ့နေရပြီဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူ့ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်တွေနဲ့မညီဘဲ CDM ပြုလုပ်နေတဲ့ ဆရာဝန်တွေနဲ့ သူတို့ကိုလက်ခံထားတဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေ၊ CDM ပြုလုပ်ဖို့တိုက်တွန်းလှုံ့ဆော်နေတာတွေ၊ ဆူပူဆန္ဒပြမှုတွေမှာ ကိုယ်တိုင်ပါဝင်တဲ့အတွက် ဥပဒေအရ အမှုဖွင့်အရေးယူခံရတဲ့ ဆရာဝန်တွေရဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေကိုလည်း လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းလျက်ရှိတဲ့အပြင် အဆိုပါ အရေးယူခံထားရတဲ့ ဆရာဝန်တွေရဲ့ နိုင်ငံကူးလက်မှတ်တွေကိုလည်း အမည်ပျက်စာရင်း ရေးသွင်းထားပြီးဖြစ်ပါတယ်။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲတွေကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဘောလုံးအားကစားနည်းကို အမျိုးသား ၂၁ နှစ်အောက်၊ အမျိုးသမီး ၂၅ နှစ်အောက် ပြိုင်ပွဲများ စတင်ကျင်းပပေးမယ်လို့ ဧပြီ ၂၆ ရက်က ကျင်းပတဲ့ အားကစားပြိုင်ပွဲများ ကျင်းပရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးပွဲက သိရှိရပါတယ်။ ၂၀၂၁ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အလေးမ၊ ဝူရှူးနဲ့ ဖူဆယ်ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပမယ်လို့ သတ်မှတ်ခဲ့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

### ပညာရေးအဆင့်မြှင့်တင်ပြီး ကျောင်းများ အမြန်ဆုံးဖွင့်တော့မည်

တက္ကသိုလ်များမှာ စီးပွားရေးဘွဲ့သင်တန်းနဲ့ ဥပဒေဘွဲ့သင်တန်းတွေ တိုးချဲ့ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာမှာ တက္ကသိုလ်တက်ရောက်တဲ့ လူငယ်တိုင်းဟာ စစ်မှန်တဲ့ပညာရပ်တွေနဲ့ စစ်မှန်တဲ့အသိပညာ၊ အတတ်ပညာတွေရရှိဖို့ ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနဲ့ စာသင်ကျောင်းများ ပိတ်ထားရတာဟာ ကျောင်းသား ကျောင်းသူများ၊ မိဘများအတွက် နစ်နာမှုရှိသကဲ့သို့ နိုင်ငံအတွက်လည်း နစ်နာရပါကြောင်း၊ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း လမ်းညွှန်မှာကြားခဲ့ပါတယ်။ အစည်းအဝေးရလဒ်အဖြစ် တက္ကသိုလ်ဇုန် ၂၄ ခု အနက် ဥပဒေဘာသာရပ်သင်ကြားပေးတဲ့ဇုန် ၁၄ဇုန်ရှိနေပြီး *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်များတွင် စီးပွားရေးဘွဲ့သင်တန်းနှင့် ဥပဒေဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (၂၆-၄-၂၀၂၁ ရက်)

✣ **ပြည်သူ့ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွေနဲ့မညီဘဲ CDM ပြုလုပ်နေတဲ့ ဆရာဝန်တွေနဲ့ သူတို့ကိုလက်ခံထားတဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေ၊ CDM ပြုလုပ်ဖို့တိုက်တွန်းလှုံ့ဆော်နေတာတွေ၊ ဆူပူဆန္ဒပြမှုတွေမှာ ကိုယ်တိုင်ပါဝင်တဲ့အတွက် ဥပဒေအရ အမှုဖွင့်အရေးယူခံရတဲ့ ဆရာဝန်တွေရဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေကိုလည်း လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းလျက်ရှိတဲ့အပြင် အဆိုပါ အရေးယူခံထားရတဲ့ ဆရာဝန်တွေရဲ့ နိုင်ငံကူးလက်မှတ်တွေကိုလည်း အမည်ပျက်စာရင်းရေးသွင်းထားပြီးဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာအုတ်မြစ်တော်များအား ပူဇော်စဉ်။ (၂၅-၄-၂၀၂၂ ရက်)

*စာမျက်နှာ ၆ မှ*

မကြာမီ ကျန်တက္ကသိုလ်ဖုန် ၁၀ ခုမှာပါ ဥပဒေပညာရပ်တွေ သင်ကြားပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ထို့အတူ အခြေခံပညာကျောင်းတွေကို ဇွန်လနဲ့ အဆင့်မြင့်ပညာကျောင်းတွေဖြစ်တဲ့ တက္ကသိုလ်တွေနဲ့ ဒီဂရီကောလိပ်၊ ကောလိပ်အစရှိတာတွေကိုလည်း မေလအတွင်း ဖွင့်လှစ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အခြေခံပညာဦးစီးဌာနလက်အောက်က ဆရာ၊ ဆရာမတွေ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာသက်မွေးပညာနဲ့ လေ့ကျင့်ရေးဦးစီးဌာနတို့ လက်အောက်က တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေက သင်ကြားရေးဆရာ၊ ဆရာမတွေ၊ စီမံဝန်ထမ်းတွေအားလုံး လုပ်ငန်းခွင်ကို မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ မပျက်မကွက်ဝင်ရောက်ကြဖို့လည်း အသိပေးထားပြီး ပြန်လည်ဝင်ရောက်လာနေတာကိုလည်း ကြားသိရပါတယ်။

၂၀၂၂ ခုနှစ် ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်တွေက ဖွင့်လှစ်မယ့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းတွေ၊ ဆေးပညာမဟာသိပ္ပံသင်တန်းတွေနဲ့ ပါရဂူဘွဲ့သင်တန်းတွေအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာတွေကို မေ ၁၅ ရက်အထိ လျှောက်ထားနိုင်ပြီဖြစ်တဲ့အတွက် ပညာဖြည့်ဆည်းဖို့ ရည်မှန်းထားသူတွေအတွက် မျှော်လင့်ချက် ပြည့်ဝနိုင်ခဲ့ပါပြီ။

ထို့အတူ ပညာရေးကဏ္ဍ အဆင့်မြင့်မားစေဖို့အတွက် ဧပြီလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာ အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးသစ် မွမ်းမံသင်တန်းများကို ဆရာ၊ ဆရာမတွေကို သင်ကြားပေးလျက်ရှိတာ မြင်တွေ့ရပါတယ်။ သင်ရိုးဘာသာရပ်အလိုက် သင်ကြားနည်းစနစ်တွေကို ဆရာလမ်းညွှန်စာအုပ်များအတိုင်း လေ့ကျင့်ပို့ချနေပြီ ဖြစ်ပါတယ်။ ဆရာတွေအနေနဲ့ သင်ရိုးသစ်ပြဋ္ဌာန်းချက်တွေအပြင် မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ ပထဝီအနေအထားနဲ့ နီတိ စတဲ့ပြန်လည်သင်ကြားပြသသင့်တာတွေကိုလည်း မွမ်းမံသင်တန်းတွေမှာ ထည့်သွင်းသင်ကြားခြင်းအတွက် ကျောင်းသားကျောင်းသူများအတွက် အကျိုးကျေးဇူးများကို ရရှိလာစေမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တက္ကသိုလ်များမှာ ပါရဂူဘွဲ့နဲ့ ပါရဂူဘွဲ့ကြိုသင်တန်းလျှောက်လွှာများ လျှောက်ထားရမယ့်ရက်ကို မူလက ဧပြီ ၆ ရက်လို့ သတ်မှတ်ထားပေမယ့် သင်္ကြန်ပွဲတော်မတိုင်မီ ဧပြီ ၁၂ ရက်အထိ နောက်ဆုံးထားလျှောက်ထားကြဖို့အတွက် ဖြေလျှော့ပေးခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ပညာရေးကဏ္ဍကို အမြန်ဆုံးပြန်လည်မြှင့်တင်နိုင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်တာတွေရဲ့ ထင်သာမြင်သာဆောင်ရွက်မှုအဖြစ်လာမည့် မေ ၅ ရက်မှာစတင်ပြီး အစိုးရနည်းပညာကောလိပ်နဲ့ အစိုးရစက်မှုလက်မှုသိပ္ပံများက AGTI သုံးနှစ် ဒီပလိုမာတန်းများရဲ့ နောက်ဆုံးနှစ်၊ အစိုးရနည်းပညာအထက်တန်းကျောင်းများရဲ့ နောက်ဆုံးနှစ်ဖြစ်တဲ့ ဒုတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်နိုင်တော့မှာ ဖြစ်သလို အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်က တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေက ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ နောက်ဆုံးနှစ်သင်တန်းတွေနဲ့ မဟာဘွဲ့ (ရေးဖြေ)သင်တန်းတွေကို မေ ၅ ရက်တွင် စတင်ဖွင့်လှစ်ပေးတော့မှာဖြစ်ပါတယ်။

ထို့အတူ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ တစ်နှစ်သင်တန်းတွေရဲ့ ဒုတိယနှစ်ဝက် စာသင်ကာလသင်တန်းကို ဧပြီ ၂၀ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာတစ်နှစ်၏ ဒုတိယနှစ်ဝက် စာသင်ကာလသင်တန်းကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ် (ရန်ကုန်)ရဲ့ မဟာဝိဇ္ဇာဘွဲ့ (ဒုတိယနှစ်ဝက်) ပုံမှန်သင်တန်းများနဲ့ အနုပညာကွန်ပျူတာဒီပလိုမာ (တစ်နှစ်) သင်တန်းများကိုလည်း မေ ၅ ရက်နဲ့ ၁၀ ရက်တို့မှာ ပြန်လည်ဖွင့်လှစ်သွားတော့မှာ ဖြစ်ပါတယ်။

## အမျိုးဘာသာသာသနာဆိုင်ရာ ဆောင်ရွက်ချက်များ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်မှာ တည်ထားပူဇော်မယ့် ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်တော်ဖြင့် တည်ထားတဲ့ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ဆင်းတုတော်အပိုင်း(၁) ကို ဆီမီးခုံဆိပ်ကမ်းမှ တစ်ဆင့်နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး ကျင်းပရာမှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်၍ ပရိတ်နံ့သာရည်များပက်ဖျန်းပူဇော်ခဲ့ပါတယ်။ ဧပြီ ၁၀ ရက်တွင် နေပြည်တော်ရှိ တည်ထားပူဇော်မည့် မင်္ဂလာနေရာရောက်ရှိခဲ့တဲ့ အခါမှာလည်း ဧပြီ ၁၂ ရက်မှာ ဆရာတော်၊ သံဃာတော်များက ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁) ကို ပရိတ်နံ့သာ ရည်များနဲ့ ပက်ဖျန်းပူဇော်ပေးတော်မူခဲ့ကြပါတယ်။ ရုပ်ပွားတော်မြတ်ကြီးရဲ့ ဆင်းတုတော်နဲ့ပလ္လင်တော် အစိတ်အပိုင်းများသတ္တမအကြိမ် ပင့်ဆောင်ခြင်းကိုမူ ဧပြီ ၁၉ ရက်က ဆီမီးခုံကျေးရွာမှာ ကျင်းပခဲ့ပါတယ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေအမြင့်ရှိပြီး တည်ထားကိုးကွယ်ပြီးစီးသွားတဲ့အခါ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများအနက် စကျင်ကျောက်တော်နဲ့ ထုဆစ်တဲ့ ဆင်းတုတော်များအနက် အကြီးဆုံးနဲ့ ဉာဏ်တော်အမြင့်ဆုံး ဆင်းတုတော်တစ်ဆူအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဧပြီ ၂၅ ရက် နံနက်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာအုတ်မြစ်တော်စီ အခမ်းအနား၊ ဆင်းတုတော် အပိုင်း(၂) နှင့် (၃) ကြိုဆိုပူဇော်ခြင်း အခမ်းအနားတွေကို ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။

## ပြည်သူများ သွားလာမှုအဆင်ပြေစေရေးဆောင်ရွက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးလျက်ရှိပါတယ်။ မြန်မာ့မီးရထားမှ သင်္ကြန်ကာလ အများပြည်သူများခရီးသွားလာမှု လွယ်ကူစေဖို့ ရန်ကုန် - နေပြည်တော် - ရန်ကုန် လူစီးအမြန်ရထားများဖြစ်တဲ့ အမှတ် (၇) အဆန်၊ အမှတ် (၈) အစုန် လူစီးရထား ခရီးစဉ်များကို ဧပြီ ၄ ရက်တွင် စတင်ပြေးဆွဲပေးလျက်ရှိတဲ့အပြင် ရန်ကုန် - မန္တလေး၊ ရန်ကုန် - မော်လမြိုင်နဲ့ ရန်ကုန် - ပြည် အစရှိတဲ့ ခရီးစဉ်တွေကိုလည်း ပြေးဆွဲပေးလျက် ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(MAI) က မှာယူထားတဲ့ Air Bus A320-214XY-ALR လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိခဲ့တာကို ဧပြီ ၇ ရက်မှာ မြင်တွေ့ရပါတယ်။ ခရီးသည် ၁၇၀ ဆံ့ အဆိုပါလေယာဉ်သစ်နဲ့ ခရီးစဉ်တွေကို ဝန်ဆောင်မှုမကြာမီ ပေးအပ်နိုင်တော့မှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်မှာကြားချက်နဲ့အညီ သင်္ကြန်ကာလခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေဖို့ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲပေးနိုင်ခဲ့တဲ့အပြင် မြို့တွင်း YBS ယာဉ်လိုင်းပေါင်း ၄၃ လိုင်းဖြင့် ယာဉ်စီးရေ ၆၂၇ စီး ပြေးဆွဲပေးခဲ့တာကိုမြင်တွေ့ရပါတယ်။

ရှမ်းပြည်နယ် ကျိုင်းတုံနဲ့ တာချီလိတ်ခရိုင်အတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ စီမံဆောင်ရွက်နေတာတွေကိုလည်း ဧပြီ ၉ ရက်က သိရှိရပါတယ်။

*စာမျက်နှာ ၈ သို့*

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော် အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေအမြင့်ရှိပြီး တည်ထားကိုးကွယ်ပြီးစီးသွားတဲ့အခါ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများအနက် စကျင်ကျောက်တော်နဲ့ ထုဆစ်တဲ့ ဆင်းတုတော်များအနက် အကြီးဆုံးနဲ့ ဉာဏ်တော်အမြင့်ဆုံး ဆင်းတုတော်တစ်ဆူအဖြစ် မြင်တွေ့ရမှာဖြစ်**



COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူမည့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား တွေ့ရစဉ်။ (၅-၄-၂၀၂၁ ရက်)

**❑ ပညာရေးကဏ္ဍ အဆင့်မြင့်မားစေဖို့အတွက် ဧပြီလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာ အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးသစ်မွမ်းမံသင်တန်းများကို ဆရာ၊ ဆရာမတွေကို သင်ကြားပေးလျက်ရှိတာ မြင်တွေ့ရပါတယ်။ သင်ရိုးဘာသာရပ်အလိုက် သင်ကြားနည်းစနစ်တွေကို ဆရာလမ်းညွှန်စာအုပ်များအတိုင်း လေ့ကျင့်ပို့ချနေပြီ ဖြစ်ပါတယ်။ ဆရာတွေအနေနဲ့ သင်ရိုးသစ်ပြဋ္ဌာန်းချက်တွေအပြင် မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ ပထဝီအနေအထားနဲ့ နီတိ စတဲ့ပြန်လည်သင်ကြားပြသသင့်တာတွေကိုလည်း မွမ်းမံသင်တန်းတွေမှာ ထည့်သွင်းသင်ကြားခြင်းအတွက် ကျောင်းသားကျောင်းသူများအတွက် အကျိုးကျေးဇူးများကို ရရှိလာစေမှာဖြစ်**

*စာမျက်နှာ ၇ မှ*

ရိုးရာယဉ်ကျေးမှုများ၊ ဘုရားဖူးဒေသများနဲ့ သဘာဝအလှအပများကို ခံစားနိုင်တဲ့ခရီးစဉ်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းသွားမှာဖြစ်ပြီး အဓိကအားဖြင့် ကျိုင်းတုံ၊ လွယ်မွေနဲ့ ကျိုင်းလပ်မြို့များ၊ မိုင်းဖုန်းကျေးရွာ စတဲ့ဒေသတွေမှာ ခရီးသွားကဏ္ဍဖွံ့ဖြိုးစေဖို့ အစီအမံများရေးဆွဲခဲ့တာကလည်း ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် သာဓကပြစရာ အစီအမံများပဲဖြစ်ပါတယ်။

### ပြည်သူ့အတွက် သတင်းမှန်နှင့် ပြန်ကြားရေး

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ပါတယ်။ ဧပြီ ၁ ရက်က ကျင်းပတဲ့ စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲမှာ စာပေဘာသာရပ်အမျိုးအစား ၁၃ မျိုးအတွက် ဆုပေါင်း ၂၉ ဆုကို ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်ချက်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပြီး ပုံနှိပ်ထုတ်ဝေဖို့အခက်အခဲရှိတဲ့ ကလောင်ရှင်တွေအတွက် စာမူများတွေကို သီးခြားပြိုင်ပွဲဖိတ်ခေါ်ဆုချီးမြှင့်ခဲ့တာ ၁၉၆၉ ခုနှစ်ကတည်းက ယနေ့အထိ ဖြစ်ပါတယ်။

ထို့အတူ ဧပြီ ၂ ရက်ကလည်း ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနဲ့ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုတွေကို ပေးအပ်နိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာမကြီးဒေါ်ကြွယ်ကြွယ်က ရရှိခဲ့တာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ ၄ / ၂၀၂၁ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၉ ရက်က ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေး၊ ကျန်းမာရေးနဲ့ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ပညာရေးစတဲ့ ကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်အောင်၊ တိုးမြှင့်ဆောင်ရွက်နိုင်အောင်၊ နိုင်ငံသားတိုင်းနဲ့ တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိအောင် ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များကို မီဒီယာများထံ ရှင်းလင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်အကြီးအကဲများက ဒေသဖွံ့ဖြိုးရေးနဲ့ လုံခြုံရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ဖို့ သွား



ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - လင်းလတ်

ရောက်ခဲ့တဲ့ ခရီးစဉ်များ၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ချက်များ၊ ပြည်သူများအတွက် အန္တရာယ်ဖြစ်စေမယ့် မူးယစ်ဆေးဝါးရောင်းဝယ်မှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနဲ့ ပစ်ခတ်မှုလေ့ကျင့်ခန်း အခြေအနေများ စတာတွေကို ရှင်းလင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဗီဒီယိုကွန်ဖရင့်ဖြင့် အပတ်စဉ်သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့ရာ ပြည်တွင်းသတင်းဌာနတွေ၊ နေ့စဉ်ထုတ် သတင်းစာတွေနဲ့ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများနဲ့ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနများက သတင်းထောက်များ တက်ရောက် သတင်းရယူခဲ့ကြပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များ၊ CDM လှုပ်ရှားမှုတွင်ပါဝင်တဲ့ အရေးယူခံရတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်များ၊ နယ်စပ်လုံခြုံရေးတာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်စခန်းတွေကို KNLA တပ်မဟာ (၅) က NCA သဘောတူညီချက်တွေကို ချိုးဖောက်ပြီး တိုက်ခိုက်ခဲ့မှုအခြေအနေ၊ မကွေးမြို့နဲ့ မိတ္ထီလာမြို့တို့မှာ ရှိတဲ့ နယ်မြေခံစခန်းတွေကို စိစစ်ဆဲ (သောင်းကျန်းသူ) အဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံးများနဲ့ နှောင့်ယှက်ပစ်ခတ်မှုအခြေအနေ၊ မင်းတပ်မြို့တွင် ဧပြီ ၂၄ ရက်က ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကောလာဟလသတင်းမှားများကို အချို့မီဒီယာများက ဖြန့်ချိသွေးထိုးသည့် အခြေအနေတွေကို တာဝန်ရှိသူတွေက ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောကြားခဲ့ပါတယ်။

### ပြည်သူများအတွက် ပြည်သူ့အစိုးရ

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ဧပြီ ၁ ရက်မှာ ၅၅ သန်း ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြတဲ့ မိမိတို့တိုင်းပြည်မှာ ပြည်သူတွေအားလုံးရဲ့ ဘုံရည်မှန်းချက်က နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့နဲ့ တိုးတက်ဖွံ့ဖြိုးဖို့ဖြစ်ပါတယ်။ သွားရမယ့်လမ်းကြောင်းနဲ့ ပန်းတိုင်ကို ဒီမိုကရေစီစနစ်အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီးဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်း မချွတ်ချော် မတိမ်းမယိမ်းရအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တည့်မတ်ပေးလျက်ရှိနေတဲ့ လက်ရှိအချိန်အခါမှာ တစ်လက်စတည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်သူများစားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရေးနဲ့ လူနေမှုဘဝမြင့်မားရေးတွေကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အချိန်တိုအတွင်း လုပ်ဆောင်မှု အရှိန်အဟုန်အပြည့်နဲ့ ကြိုးပမ်းပေးနေတယ်ဆိုတာ ဧပြီလတစ်လတာအတွင်း ဖြတ်သန်းဆောင်ရွက်ချက်တွေကပင် သက်သေထူလျက်ရှိနေပြီဆိုတာကို ပြည်သူကို အစီရင်ခံတင်ပြလိုက်ရပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတက်ရောက်ပြီး COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)သို့ လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၈

**မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့(၂/၂၀၂၁) အစည်းအဝေးကို မေ ၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ မြန်မာနိုင်ငံ ဆေးကောင်စီနာယကအဖွဲ့ဝင်များဖြစ်ကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်၊ ပါမောက္ခဒေါက်တာ အက်စ်ကျော်လှ၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှု အလေးထားဆောင်ရွက်**

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိသေးသူများကိုလည်း လုပ်ငန်းခွင်သို့ အမြန်ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးပညာဆိုင်ရာကျင့်ဝတ်များကို ဦးထိပ်ထားကာ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ရေးနှင့် မလိုလားအပ်ဘဲ ပြည်သူလူထု၏အသက်များ ဆုံးရှုံးမှုလျော့နည်းအောင် ဆောင်ရွက်ရေး၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်လိုသူများကို ကူညီဆောင်ရွက်ပေးနေမှု အခြေအနေ၊ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကျန်းမာရေးဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိနေမှုများကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများတွင် ရောဂါပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရောဂါဖြစ်ပွားမှု လျော့နည်းအောင် ကြိုတင်ကာကွယ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှု၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ (၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား/ ကျောင်းသူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ်တက္ကသိုလ်များတွင် ဝင်ခွင့်လျှောက်လွှာများ တင်သွင်းခြင်းနှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆေးတက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများ ဆက်လက်ဖွင့်လှစ်ထားရှိမှုများနှင့် ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်မှုများကို အသိပေးပြောကြားပြီး မြန်မာနိုင်ငံ ဆေးကောင်စီအနေဖြင့် မြန်မာနိုင်ငံသားဆရာဝန်များအတွက် Certificate of Good Standing များ စိစစ်ထုတ်ပေးနေမှုများနှင့် ယခုကာလအတွင်း လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ထားရှိမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးက မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီနာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးသည်။

**ကိုဗစ်-၁၉ လူနာများ လက်ခံကုသပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) သို့ ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ လူနာများကို လက်ခံကုသပေးနေမှု၊ လူနာဆောင်သစ်များ ဆောက်လုပ်ပြီးစီးနေမှုတို့ကို တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်ပါရဂူများ၊ ဆေးမှူးဆရာဝန်များ၊ သူနာပြုအရာရှိများမှ တာဝန်ယူ၍ ကိုဗစ်-၁၉ လူနာများကို လက်ခံကုသမှုပေးနေသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်တွင် အိမ်နီးချင်းနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၊ စတုတ္ထလှိုင်းများ ကူးစက်ပြန့်ပွားလျက်ရှိနေသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ပုံမှန်လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်မည့်အချိန်၌ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)၏ ဆေးကုသမှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဖြည့်ဆည်းပေးရန် တင်ပြဆွေးနွေး**

ယင်းနောက် တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းက ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် လက်ရှိ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ခေတ္တပါမောက္ခချုပ် ဦးဇော်မိုးဝင်းက အဆောင်များ နေရာချထားမှုများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး) ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်က အဆောင်လိုက် လူနာများ လက်ခံကုသပေးနိုင်မှု၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ စုစည်းထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး) တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်က ဖြည့်ဆည်းပေးရန်လိုအပ်ချက်တို့ကို လည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အမြန်ဆုံးပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူနာဆောင်အသစ်များ ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ဘူတာစဉ်များတွင် ခရီးသည် တင်/ ချ ပြုလုပ်ကာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ယင်း RBE ရထားကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဘူတာကြီးမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကာ ပဲခူးဘူတာကြီးသို့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက် မည်ဖြစ်သည်။ ယခုပြန်လည် ပြေးဆွဲပေးသော ရန်ကုန်- ပဲခူး RBE ရထားမှာ ယခင်က တွဲဆိုင်း ငါးဆိုင်းဖြင့် နေ့စဉ်ပြေးဆွဲပေးခဲ့ပြီး မေ ၈ ရက်က ပြန်လည်ပြေးဆွဲပေးရာတွင် တွဲဆိုင်းနှစ်ဆိုင်းဖြင့်သာ စတင်ပြေးဆွဲပေးခဲ့ကာ နောက်ပိုင်းတွင် ခရီးသည်လိုက်ပါစီးနင်းမှုပေါ်မူတည်၍ တွဲဆိုင်းများကို တိုးချဲ့ တပ်ဆင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သွားရလာရ သက်သောင့်သက်သာဖြစ်**

"ဒီမနက်မှာပဲ RBE ရထားနဲ့ ပဲခူးက လိုက်လာ တာပါ။ ကျွန်မက ရန်ကုန် သိမ်ကြီးဈေးကနေ စားသုံးကုန်တွေဝယ်ပြီး ပဲခူးမှာ ပြန်ရောင်းချပါတယ်။ ဒီရထားစီးတာက အိမ်နဲ့နီးတာက တစ်ကြောင်း၊ သွားရ/ လာရတာ သက်သောင့်သက်သာ ဖြစ်တာက တစ်ကြောင်း၊ ငွေကြေးကုန်ကျမှုကလည်း ကားခနဲ့ကွာတော့ အရင် ကတည်းက ဒီ RBE ရထားကိုပဲ အားထား လိုက်ပါစီးနင်းခဲ့ရတာပါ။ အခုလို ပြန်လည်ပြေးဆွဲပေးတော့ ကျွန်မအတွက်ကတော့ ကုန်ဝယ်ရတာ ပိုအဆင်ပြေပါတယ်။ ဒီ ရန်ကုန်- ပဲခူး RBE ရထားက သာမန် ခရီးသွားတွေ၊ ရုံးတက်/ ရုံးဆင်းလူတွေ၊ ကုန်အရောင်း အဝယ်ပြုတဲ့သူတွေ အားလုံး လိုက်ပါစီးတဲ့သူ ခရီးသည်စုံပါတယ်" ဟု ပဲခူးနှင့် ရန်ကုန်အခြေခံ စားသောက်ကုန်စည် ရောင်းဝယ်မှုပြုနေသော ပဲခူးမြို့တွင် နေထိုင်သည့် ဒေါ်စန္ဒာအေးက ပြောကြားသည်။

မြန်မာ့မီးရထားမှ ယနေ့ ပြေးဆွဲပေးသော ရန်ကုန် -ပဲခူး ခရီးသည်တင် ရထားမှာ လမ်းတစ်လျှောက် ခရီးသည်တင်/ ချ ရပ်နားပြုလုပ်ပေးပြီး ရပ်နားသည့် ဘူတာစဉ်များမှာ ဘုရားသုံးဆူ၊ တာဝ၊ ကျောက်တန်း၊ ထုံးကြီး၊ လေးထောင့်ကန်၊ ရွာသာကြီး၊ တိုးကြောင်ကလေး၊ သဃ်န်းကျွန်း၊ ပုဇွန်တောင်နှင့် ခရီးစဉ်တစ်လျှောက် ဘူတာစဉ်များဖြစ်သည်။ ခရီးစဉ် စ/ဆုံး ငွေကျပ် ၅၀၀ သာ ကောက်ခံ ဝန်ဆောင်မှုပေးလျက်ရှိပြီး ယင်း ရန်ကုန်- ပဲခူး ရထားမှာ ယခင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလမတိုင်မီ ပြေးဆွဲပေးရာတွင် နေ့စဉ် ခရီးသည်လိုက်ပါစီးနင်းမှုများပြီး တွဲဆိုင်း ငါးဆိုင်းတွင် ခရီးသည် ၃၀၀ ဝန်းကျင်အထိ လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

▼ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းပြိုင်ပွဲယှဉ်ပြိုင်ပါက ကိုယ်စားပြုယှဉ်ပြိုင်မည့်အသင်း ရွေးချယ်ရခြင်းမရှိ သေးဘဲ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲမှာလည်း ၂၀၁၈-၂၀၁၉ ရာသီက နောက်ဆုံးကျင်းပထားပြီး ယင်းနောက်ပိုင်း ကျင်းပနိုင်ခြင်း မရှိသေးပေ။

**ဗိုလ်စွဲထား**

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီနှင့် ၂၀၁၈-၂၀၁၉ ရာသီတို့တွင် သုံးကြိမ်ကျင်းပဖူးပြီး ပထမနှစ်ကြိမ်တွင် မြဝတီအသင်းနှင့် နောက်ဆုံးရာသီတွင် အား/ကာသိပ္ပံအသင်းတို့က ဗိုလ်စွဲထားသည်။

**ဝင်ရောက်ယှဉ်ပြိုင်ခဲ့**

၂၀၁၉ ခုနှစ်က ကျင်းပသည့် ပထမအကြိမ် အာရှကလပ်အမျိုးသမီးပြိုင်ပွဲကို အသင်းလေးသင်းဖြင့် ကျင်းပခဲ့ပြီး ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျ လိဂ်ချန်ပီယံအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဂျပန်ကလပ်အသင်း ဗိုလ်စွဲခဲ့သည်။

**ရဲရင့်လွင်**

---

❑ *ကျောဖုံးမှ*

အာဆင်နယ်အသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်ကို တနင်္လာ နံနက်အစောပိုင်းတွင် အာဆင်နယ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်တွင် ၃၄ ပွဲကစားပြီး ၄၉ မှတ်သာရရှိထားသည့်အတွက် လာမည့် နှစ်ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန် ယနေ့ပွဲစဉ်ကို အားစိုက်ကစားလာဖွယ်ရှိနေသည်။

ပြိုင်ဘက် ဝက်စ်ဘရွန်းအသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေပြီး ယနေ့ပွဲစဉ်တွင် အာဆင်နယ်အသင်းကို အရေးနိမ့်ခဲ့ပါက တန်းဆင်းရဖွယ်ရှိနေသည်။ **အောင်ဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ဦးတင်အောင်ထွန်း



ဒေါ်ခင်လှဝင်း



ကိုသိန်းထွန်း



မချော



ကိုအောင်မြင့်



ဒေါ်မူမူလွင်

❐ *ရှေ့ဖုံးမှ*

ဆေးကုသပေးမှုနှင့် စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မချော (လူနာစောင့်)**

ညောင်လေးပင်မြို့က လာတာပါ။ ကျွန်မက လူနာစောင့်ပါ။ ဆေးရုံတက်နေတာက ကျွန်မ အမျိုးသား ကိုနေလင်းအောင်ပါ။ သူအလုပ်ကအပြန် ဆိုင်ကယ်မတော်တဆဖြစ်ပြီး မြောက်ဥက္ကလာပဆေးရုံကို ဆေးကုသဖို့ ရောက်လာတာပါ။ ညောင်လေးပင်မှာရှိတဲ့ဆေးရုံက အရေးပေါ်ကားနဲ့ လိုက်ပို့ပေးတာပါ။ ဆေးကုသမှု ခံယူနေတာ တစ်ပတ်ပြည့်ပါပြီ။ ဆရာဝန်၊ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ကုသပေးကြပါတယ်။ အခုလူနာက လှုပ်လှုပ်ရှားရှားနဲ့ စားသောက်နေပါပြီ။ ဆေးကုသတဲ့ ကုန်ကျစရိတ်က မရှိပါဘူး။ စားစရိတ်လောက်ပဲ ကုန်ကျပါတယ်။

**ဒေါ်ခင်လှဝင်း (လူနာစောင့်)**

မှော်ဘီက လာတာပါ။ ဆေးရုံတက်နေတာက ကျွန်မသားပါ။ သားနာမည်က မောင်ဇင်ကိုဝင်း အသက် (၁၇)နှစ်ရှိပါပြီ။ ဆိုင်ကယ်မတော်တဆဖြစ်တာပါ။ မနေ့ကမှ ဆေးရုံစတက်တာပါ။ ဆေးရုံပေါ်ဘယ်နှရက်လောက် နေရမလဲတော့ မသိရသေးပါဘူး။ သတိတော့ ရနေပါပြီ။ ဆေးရုံမှာမရှိတဲ့ ဆေးဝါးလောက်ပဲ ဝယ်ရပါတယ်။ ဆေးရုံပေါ်မှာတော့ အားလုံး အဆင်ပြေပါတယ်။ အခက်အခဲ မရှိပါဘူး။ ဆရာဝန်၊ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ကုသပေးကြပါတယ်။

**ကိုအောင်မြင့် (လူနာ)**

အသက်(၃၁)နှစ် ရှိပါပြီ။ မိတ္ထီလာကနေ လာရောက်ဆေးကုသမှု ခံယူနေတာပါ။ ရောဂါက ဗိုက်မှာအနာဖြစ်ချင်လို့ ဒီဆေးရုံမှာ လာခွဲစိတ်မှုခံယူတာပါ။ မေလ ၂ ရက်နေ့က စပြီး ဆေးရုံတက်နေတာပါ။ မိတ်ဆွေတစ်ယောက်က မြောက်ဥက္ကလာပဆေးရုံဖွင့်နေတယ်။ အဲဒီကို သွားပါ။ ဆေးဝါးတွေလည်း အစုံအလင်ရှိတယ်၊ ဆရာဝန်၊ ဆရာမတွေလည်း ရှိတယ်ဆိုလို့ ဒီမှာ လာရောက်ဆေးကုသမှု ခံယူဖြစ်တာပါ။ ဒီမှာတော့ ကုန်ကျမှုမရှိပါဘူး။ ဆေးရုံက အတတ်နိုင်ဆုံး ဆေးဝါးတွေ အခမဲ့ပေးပါတယ်။ ဆေးရုံမှာမရှိတဲ့ ပစ္စည်းတချို့ပဲ ဝယ်ရပါတယ်။ အကုန်အကျတော့ မရှိပါဘူး။ ဆရာဝန်၊ ဆရာမတွေကလည်း စေတနာထားပြီး ကုသပေးကြပါတယ်။ အစစအရာရာ အကုန်အဆင်ပြေပါတယ်။ အခက်အခဲလည်း မရှိပါဘူး။ အခုလို ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ပြီး လူနာတွေအပေါ် စေတနာထားပြီး ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ဒီကိုလာတော့ လူနာစောင့်ဖို့ မိသားစုဝင်နှစ်ဦး ပါပါတယ်။

**ကိုသိန်းထွန်း(လူနာစောင့်)**

ကျွန်တော်က လူနာစောင့်ပါ။ အဒေါ် ချော်လဲပြီး ဗိုက်ကိုငုတ်ထိုးမိလို့ လှိုင်သာယာကနေ မြောက်ဥက္ကလာပ ဆေးရုံကို လာရောက်ဆေးကုသမှု ခံယူတာပါ။ အဒေါ်နာမည်က ဒေါ်ဝင်းပါ။ အသက်(၄၈)နှစ်ရှိပါပြီ။ ပထမ စဖြစ်တော့ ဆေးခန်းသွားပြတယ်။ ဆေးခန်းက မြောက်ဥက္ကလာပ ဆေးရုံဖွင့်တယ်၊ အဲဒီကို သွားပါဆိုလို့ ဒီရောက်လာတာပါ။

ဒီမှာ ဆေးကုသတာက ကုန်ကျမှု မရှိပါဘူး။ လူနာစောင့် စားဖို့သောက်ဖို့အတွက်ပဲ ဝယ်ရပါတယ်။ တခြား ကုန်ကျစရိတ်တော့ မရှိပါဘူး။ ဆေးဝါးကလည်း ဒီမှာ မရှိတဲ့ သေးသေးမွှားမွှား လောက်ပဲ ဝယ်ရတယ်။ ကျန်တာကတော့ အကုန် အဆင်ပြေပါတယ်။ ဆေးထိုးချိန် ဆေးလာထိုးပေးတယ်။ ဆေးပုလင်း ချိတ်စရာရှိရင်လည်း လာချိတ်ပေးတယ်။ ကုန်ကျစရိတ်က ဘာမှမရှိပါဘူး။ အခုလို ဆေးရုံတွေ ပြန်ဖွင့်ပြီး လူနာတွေကို ဆေးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အားလုံးပြည့်ပြည့်စုံစုံ လုပ်ပေးကြပါတယ်။

**ဒေါ်မူမူလွင် (လူနာစောင့်)**

လှည်းကူးမြို့နယ်က လာတာပါ။ ကျွန်မအမျိုးသား နေမကောင်းဖြစ်လို့ လူနာစောင့်ဖို့ပါ။ အမျိုးသားနာမည်က ဦးချစ်ပိုပါ။ အသက် (၅၃)နှစ် ရှိပါပြီ။ အဆုတ်မှာ ရေဝင်လို့ တီဘီဆေးသောက်နေရတယ်။ တီဘီဆေးသောက်နေရင်းနဲ့ အိမ်မှာ မောနေလို့ မြောက်ဥက္ကလာပဆေးရုံလာတက်တာပါ။ ဆေးရုံရောက်ရောက်ချင်း ဆရာ၊ ဆရာမတွေက လိုလေသေးမရှိ အကုန်လုပ်ပေးပါတယ်။ အဆုတ်မှာ ရေဝင်တယ်ဆိုပြီး ရေစုပ်ထုတ်ပေးတယ်။ ရောဂါက အခုတော်တော် သက်သာနေပါပြီ။ အခုသိပ်လည်း မမောတော့ဘူး။ ဧပြီလကုန်လောက်က စပြီး ဆေးရုံလာတက်တာပါ။ ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေကအစ နွေးနွေးထွေးထွေး ဆက်ဆံကြပါတယ်။ အားလုံးလိုလေသေးမရှိဆောင်ရွက်ပေးကြတယ်။ သဘောကောင်းလွန်းလို့ ပြန်တောင်အားနာနေရတယ်။

ဆေးရုံလာတက်တဲ့သူတွေက ပြေလည်တဲ့သူရှိသလို မပြေလည်တဲ့ သူတွေလည်း ရှိတယ်။ မပြေလည်တဲ့သူတွေဆိုလည်း ပံ့ပိုးမှုတွေပေးတယ်။ ဆေးရုံဖွင့်နေတယ်ဆိုတာ မသိဘူး။ လာတဲ့လမ်းတစ်လျှောက်က ဆေးရုံတွေက ပိတ်ထားတာများတော့ အဆင်မပြေဘူး။ ဒီရောက်တော့ မြောက်ဥက္ကလာပဆေးရုံ ဖွင့်ထားတော့ အဆင်ပြေသွားတယ်။ လူနာတွေအနေနဲ့ မြောက်ဥက္ကလာပဆေးရုံမှာ လာရောက်ဆေးကုသမှု ခံယူချင်တယ်ဆိုရင် ဆေးရုံဖွင့်ထားပါတယ်။ ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေအပြင် ဆေးရုံ ဝန်ထမ်းတွေကလည်း နွေးနွေးထွေးထွေး ဆက်ဆံကြပါတယ်။ အားလုံး အဆင်ပြေပါတယ်လို့ ပြောချင်ပါတယ်။

**ဦးတင်အောင်ထွန်း (လူနာစောင့်)**

သာယာဝတီမြို့နယ် ဘီးလင်းရွာသစ်က လာတာပါ။ ကျွန်တော့်သား မြွေကိုက်ခံရလို့ ဒီဆေးရုံမှာ ဆေးလာကုဖို့ လူနာစောင့်အဖြစ် လိုက်လာတာပါ။ ကျွန်တော့်သားနာမည်က မောင်မိုးဇော်ထွန်း အသက် (၁၇) နှစ်ရှိပါပြီ။ လယ်ထဲသွားရင်း မြွေကိုက်ခံရတာပါ။ သာယာဝတီက မြောက်ဥက္ကလာပဆေးရုံလွှတ်လိုက်လို့ ရောက်လာတာပါ။ ကုန်ကျစရိတ်လည်း မရှိပါဘူး။ ဆရာဝန်တွေကလည်း ကောင်းပါတယ်။ မကြာခဏ လာကြည့်ပေးတယ်။ အခုကလေးက တစ်ရက်တည်းနဲ့ ထူထူထောင်ထောင် ဖြစ်နေပါပြီ။ ရောက်ခါစကတော့ ကလေးအတွက် ပူပန်နေရတယ်။ ဒီလိုနေရာမျိုးမှာ ဒီလိုဆရာဝန်၊ ဆရာမတွေက လူနာတွေအပေါ် နွေးနွေးထွေးထွေးဆက်ဆံပြီး အချိန်ပြည့်ကုသပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့အားလုံး အားထားရာ ပြည်သူ့ဆေးရုံကြီးတွေနဲ့ အဲဒီမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဝန်၊ ဆရာမတွေက လူနာတွေအတွက် မရှိမဖြစ်တဲ့သူတွေပါ။

**တွေ့ဆုံမေးမြန်း - စိမ်းခက်လင်းလက်၊ ဓာတ်ပုံ- ကိုနေ**

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် မေ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်နှင့် လောင်းလုံးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ် မဲရုံ ၁၆၃ ရုံ | ၁၁၄၁၆၁ | ၈၈၀၄၅ | ၂၅၄၇၀ | ၇၂၇ | ၉၈၂၈ |
| ၂ | တနင်္သာရီ တိုင်းဒေသကြီး လောင်းလုံး မြို့နယ် မဲရုံ ၁၁၂ ရုံ | ၁၂၇၅၇၄ | ၇၉၈၂၇ | ၁၂၅၃၆ | ၁၀၈၈ | ၁၄၇၇၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်နှင့် လောင်းလုံးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၇၅ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၅၄၄၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၄၈၆၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀၀၅၇၂၊ မြေပြင်လက်ကျန် ၉၈၅၉၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ် အရေအတွက် ၃၅၈၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၆၁၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက် မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကျွန်းစုမြို့နယ် | ၁၆၃ | ၁၂၄၆၂၇ | ၈၇၈၁၆ | ၃၆၈၁၁ | ၃၅၈၇၄ | ၉၉၃ | ၅၆ |
| ၂ | လောင်းလုံး မြို့နယ် | ၁၁၂ | ၁၄၀၈၁၃ | ၇၇၀၅၂ | ၆၃၇၆၁ | ၆၂၇၂၅ | ၂၅၉၂ | ၁၅၅၆ |
| | စုစုပေါင်း | ၂၇၅ | ၂၆၅၄၄၀ | ၁၆၄၈၆၈ | ၁၀၀၅၇၂ | ၉၈၅၉၉ | ၃၅၈၅ | ၁၆၁၂ |

### ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ စစ်ဆေးစိစစ်ချက်အရ ကျွန်းစုမြို့နယ် မဲရုံ ၁၆၃ ရုံအတွက် ထုတ်ယူရရှိခဲ့သည့် ပြည်သူ့ လွှတ်တော် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၂၄၆၂၇အား ရပ်/ကျေးဆန္ဒမဲလက်မှတ် ၁၁၉၄၅၀ စောင်၊ မြို့နယ်ကြိုတင်မဲလက်မှတ် ၇၃၅ စောင်နှင့် မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ် ၄၄၄၂ စောင်တို့ အဖြစ် ဖြန့်ခွဲထုတ်ပေး၊ သုံးစွဲ၊ ထိန်းသိမ်းထားရှိကြောင်း တွေ့ရှိရပါသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၉၄၅၀ | ၈၇၀၈၁ | ၃၂၃၆၉ | ၃၁၄၃၂ | ၉၉၃ | ၅၆ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၇၃၅ | ၇၃၅ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၄၄၂ | | ၄၄၄၂ | ၄၄၄၂ | | |
| | စုစုပေါင်း | ၁၂၄၆၂၇ | ၈၇၈၁၆ | ၃၆၈၁၁ | ၃၅၈၇၄ | ၉၉၃ | ၅၆ |

၆။ မြေပြင်ဖွင့်ဖောက်စစ်ဆေးတွေ့ရှိချက်အရ ကျွန်းစုမြို့နယ်၊ မဲရုံ ၁၆၃ ရုံအတွက် ထုတ်ယူရရှိခဲ့သော ရပ်/ကျေးဆန္ဒမဲလက်မှတ်အရေအတွက် ၁၁၉၄၅၀ အနက် ၈၇၀၈၁ စောင် ဆန္ဒမဲပေး အသုံးပြုထားသဖြင့် ၃၂၃၆၉ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၁၄၃၂ စောင်သာ ကျန်ရှိနေကြောင်းတွေ့ရှိရပါသည်။ အသေးစိတ်စိစစ်ချက်အရ မဲရုံ ၁၄ ရုံတွင် ဆန္ဒမဲလက်မှတ် ၉၉၃ စောင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂ ရုံတွင် ဆန္ဒမဲလက်မှတ် ၅၆ စောင် တရားမဝင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၇။ မြို့နယ်ကြိုတင်မဲလက်မှတ် ၇၃၅ စောင်နှင့် မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ် ၄၄၄၂ စောင်တို့မှာ ရရှိ၊ သုံးစွဲနှင့် မြေပြင်လက်ကျန် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တစ်ခုလုံးအတွက် ထုတ်ယူရရှိ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၂၄၆၂၇ အနက် ၈၇၈၁၆ စောင်အား ဆန္ဒမဲပေး အသုံးပြုထားကြောင်း တွေ့ရှိရပြီး မဲလက်မှတ်စောင်ရေ ၃၅၈၇၄ အား အသုံးမပြုဘဲ ကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် စစ်ဆေးတွေ့ရှိရပါသည်။

၉။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲလက် မှတ် | မြေ ပြင် လက် ကျန် | ကွာခြား ချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၂၂၅၀ | ၁၅၁၃ | ၇၃၇ | ၇၃၆ | ၁ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၅၅၀ | ၄၄၂ | ၁၀၈ | ၁၀၈ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၁၁၀၀ | ၈၄၉ | ၂၅၁ | ၂၅၁ | | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁ | ၄၀၀ | ၃၃၄ | ၆၆ | ၆၆ | | |
| ၅ | ကတ္တလူကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၉၅၀ | ၄၅၀ | ၄၅၀ | | |
| ၆ | ကပကျေးရွာအုပ်စု | ၉ | ၅၀၀၀ | ၃၉၃၂ | ၁၀၆၈ | ၁၀၆၈ | | |
| ၇ | ရေမြစ်ကြီးကျေးရွာအုပ်စု | ၇ | ၂၇၅၀ | ၂၁၄၅ | ၆၀၅ | ၆၀၁ | ၄ | |
| ၈ | ဒုံးပုလဲအော်ကျေးရွာအုပ်စု | ၈ | ၄၀၅၀ | ၃၁၂၄ | ၉၂၆ | ၈၇၆ | ၅၀ | |
| ၉ | တာလပိုင်းကျေးရွာအုပ်စု | ၉ | ၃၉၅၀ | ၃၀၀၃ | ၉၄၇ | ၈၉၅ | ၅၂ | |
| ၁၀ | ကမ်းကြီးကျေးရွာအုပ်စု | ၉ | ၇၃၅၀ | ၅၅၆၁ | ၁၇၈၉ | ၁၅၃၉ | ၂၅၀ | |
| ၁၁ | ဝါရစ်ကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၆၁၆ | ၅၈၄ | ၅၆၇ | ၁၇ | |
| ၁၂ | မင်းဂုတ်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၀၃ | ၄၉၇ | ၄၉၇ | | |
| ၁၃ | မောင်းလှော်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၃၂ | ၁၁၆၈ | ၁၁၇၆ | | ၈ |
| ၁၄ | ဖေးကမိကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၃၁ | ၃၁၉ | ၃၁၉ | | |
| ၁၅ | ညောင်ဘီးကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၂၆၉၃ | ၉၀၇ | ၉၀၇ | | |
| ၁၆ | ကျွဲခရုံကျေးရွာအုပ်စု | ၁၁ | ၇၂၀၀ | ၅၅၂၄ | ၁၆၇၆ | ၁၇၂၄ | | ၄၈ |
| ၁၇ | သန္တုတ်ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၈၀၂ | ၅၄၈ | ၄၉၀ | ၅၈ | |
| ၁၈ | တောပြားကျေးရွာအုပ်စု | ၇ | ၆၂၀၀ | ၄၂၉၅ | ၁၉၀၅ | ၁၈၀၂ | ၁၀၃ | |
| ၁၉ | ကံမော်ကျေးရွာအုပ်စု | ၁၀ | ၁၁၅၅၀ | ၇၆၂၆ | ၃၉၂၄ | ၃၉၂၄ | | |
| ၂၀ | စခန်းသစ်ကျေးရွာအုပ်စု | ၇ | ၅၇၀၀ | ၄၇၃၈ | ၉၆၂ | ၉၁၂ | ၅၀ | |
| ၂၁ | ရေကန်တောင် ကျေးရွာအုပ်စု | ၁၁ | ၆၈၀၀ | ၅၂၃၇ | ၁၅၆၃ | ၁၅၀၅ | ၅၈ | |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက် မှတ် | မြေ ပြင် လက် ကျန် | ကွာခြား ချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၂၂ | သဲချောင်းကျေးရွာအုပ်စု | ၈ | ၅၈၀၀ | ၄၀၂၆ | ၁၇၇၄ | ၁၇၂၂ | ၅၂ | |
| ၂၃ | ကဘင်ကျေးရွာအုပ်စု | ၁၄ | ၇၂၀၀ | ၅၄၀၀ | ၁၈၀၀ | ၁၇၀၀ | ၁၀၀ | |
| ၂၄ | ကော်ဇယာကျေးရွာအုပ်စု | ၆ | ၄၆၀၀ | ၃၅၆၁ | ၁၀၃၉ | ၁၀၃၉ | | |
| ၂၅ | မဲတောကျေးရွာအုပ်စု | ၈ | ၇၂၅၀ | ၅၂၆၉ | ၁၉၈၁ | ၁၈၃၅ | ၁၄၆ | |
| ၂၆ | ဘန္ဒနဲကျေးရွာအုပ်စု | ၉ | ၄၇၀၀ | ၃၃၂၁ | ၁၃၇၉ | ၁၃၂၇ | ၅၂ | |
| ၂၇ | မအိုင်ကျေးရွာအုပ်စု | ၆ | ၈၂၅၀ | ၄၈၅၄ | ၃၃၉၆ | ၃၃၉၆ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၆၃ | ၁၁၉၄၅၀ | ၈၇၀၈၁ | ၃၂၃၆၉ | ၃၁၄၃၂ | ၉၉၃ | ၅၆ |
| | မြို့နယ်ကြိုတင် မဲလက်မှတ် | | ၇၃၅ | ၇၃၅ | | | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၄၄၄၂ | | ၄၄၄၂ | ၄၄၄၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၆၃ | ၁၂၄၆၂၇ | ၈၇၈၁၆ | ၃၆၈၁၁ | ၃၅၈၇၄ | ၉၉၃ | ၅၆ |

## လောင်းလုံးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ မြေပြင်စစ်ဆေးချက်များအရ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စု၊ မဲရုံပေါင်း ၁၁၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၄၀၈၁၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၇၀၅၂၊ ကျန်ရှိ ရမည့်အရေအတွက်မှာ ၆၃၇၆၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၂၇၂၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်း အရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၂၉၆၀၀ | ၇၅၉၂၈ | ၅၃၆၇၂ | ၅၂၈၃၇ | ၂၃၉၁ | ၁၅၅၆ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၂၄၆၃ | ၁၁၂၄ | ၁၃၃၉ | ၁၃၃၉ | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၈၇၅၀ | | ၈၇၅၀ | ၈၅၄၉ | ၂၀၁ | |
| | စုစုပေါင်း | ၁၄၀၈၁၃ | ၇၇၀၅၂ | ၆၃၇၆၁ | ၆၂၇၂၅ | ၂၅၉၂ | ၁၅၅၆ |

၁၁။ လောင်းလုံးမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ မဲရုံ ၁၁၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၅၉၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၅၅၆ အပိုတွေ့ရှိရသည်။

၁၂။ လောင်းလုံးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု မဲရုံအမှတ် (၃) တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့ရှိသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရပါသည်။ သို့ပါ၍ ကြိုတင်မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်မဲအရေအတွက် စာရင်းအတိအကျ မရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၁၃။ လောင်းလုံးမြို့နယ်၊ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | (က)ရပ်ကွက် | ၂၀၅၀ | ၁၁၈၆ | ၈၆၄ | ၈၆၄ | | |
| ၂ | (ခ)ရပ်ကွက် | ၁၂၀၀ | ၇၂၇ | ၄၇၃ | ၄၇၃ | | |
| ၃ | ပန်းတင်အင်းကျေးရွာအုပ်စု | ၆၃၅၀ | ၃၃၃၅ | ၃၀၁၅ | ၂၉၁၁ | ၁၀၄ | |
| ၄ | မောင်းမကန်ကျေးရွာအုပ်စု | ၆၉၀၀ | ၄၄၃၉ | ၂၄၆၁ | ၁၉၁၁ | ၅၅၀ | |
| ၅ | ကျောက်ဆင်ကျေးရွာအုပ်စု | ၈၄၅၀ | ၆၅၆၁ | ၁၈၈၉ | ၁၉၃၉ | | ၅၀ |
| ၆ | မြို့ဟောင်းကျေးရွာအုပ်စု | ၄၀၅၀ | ၂၂၈၈ | ၁၇၆၂ | ၁၆၁၂ | ၁၅၀ | |
| ၇ | တောင်မင်းပြောင် ကျေးရွာအုပ်စု | ၂၀၀၀ | ၁၁၈၄ | ၈၁၆ | ၈၁၆ | | |
| ၈ | ခမောင်းတောင် ကျေးရွာအုပ်စု | ၂၇၅၀ | ၁၄၁၄ | ၁၃၃၆ | ၁၃၁၈ | ၁၈ | |
| ၉ | နခံတောကျေးရွာအုပ်စု | ၁၂၅၀ | ၈၁၇ | ၄၃၃ | ၄၃၃ | | |
| ၁၀ | စခန်းကြီးကျေးရွာအုပ်စု | ၄၂၀၀ | ၂၇၆၇ | ၁၄၃၃ | ၁၄၈၃ | | ၅၀ |
| ၁၁ | ကမြောကင်းကျေးရွာအုပ်စု | ၄၁၀၀ | ၂၇၄၄ | ၁၃၅၆ | ၁၃၅၈ | | ၂ |
| ၁၂ | ကမြောကြီးကျေးရွာအုပ်စု | ၃၄၅၀ | ၂၂၃၉ | ၁၂၁၁ | ၁၁၆၁ | ၅၀ | |
| ၁၃ | သာယာကုန်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၄၇၉ | ၈၂၁ | ၅၁၇ | ၃၀၄ | |
| ၁၄ | မင်းရပ်ကျေးရွာအုပ်စု | ၄၂၀၀ | ၂၄၁၄ | ၁၇၈၆ | ၁၅၃၆ | ၂၅၀ | |
| ၁၅ | ရွာဟောင်းဝကျေးရွာအုပ်စု | ၁၂၀၀ | ၆၂၀ | ၅၈၀ | ၅၈၀ | | |
| ၁၆ | ပန်းဒလဲကျေးရွာအုပ်စု | ၂၃၅၀ | ၁၃၈၆ | ၉၆၄ | ၉၆၄ | | |
| ၁၇ | အင်းဇောက်ကျေးရွာအုပ်စု | ၄၅၅၀ | ၂၄၇၈ | ၂၀၇၂ | ၂၀၇၂ | | |
| ၁၈ | သဗျာကျေးရွာအုပ်စု | ၃၃၅၀ | ၁၉၇၁ | ၁၃၇၉ | ၁၂၆၉ | ၁၁၀ | |
| ၁၉ | (ဂ)ရပ်ကွက် | ၁၅၅၀ | ၉၀၂ | ၆၄၈ | ၆၄၈ | | |
| ၂၀ | (ဃ)ရပ်ကွက် | ၁၈၅၀ | ၁၁၃၈ | ၇၁၂ | ၇၁၂ | | |
| ၂၁ | ဝေဒီကျေးရွာအုပ်စု | ၄၅၅၀ | ၁၈၅၇ | ၂၆၉၃ | ၂၃၉၃ | ၃၀၀ | |
| ၂၂ | ပြင်းထိန်ကျေးရွာအုပ်စု | ၁၁၀၀ | ၅၇၉ | ၅၂၁ | ၅၂၁ | | |
| ၂၃ | ပညစ်ကျေးရွာအုပ်စု | ၈၅၀ | ၅၉၇ | ၂၅၃ | ၃၀၃ | | ၅၀ |
| ၂၄ | စမ်းလှမ်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၃၅၄ | ၇၉၆ | ၇၉၆ | | |
| ၂၅ | တီဇစ်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၃၈၆ | ၈၁၄ | ၈၁၄ | | |
| ၂၆ | ညင်းမော်ကျေးရွာအုပ်စု | ၂၆၅၀ | ၁၄၆၆ | ၁၁၈၄ | ၁၁၈၄ | | |
| ၂၇ | စစ်ပြဲကျေးရွာအုပ်စု | ၃၆၅၀ | ၁၉၄၄ | ၁၇၀၆ | ၁၆၀၆ | ၁၀၀ | |
| ၂၈ | လေးသွန်းခံကျေးရွာအုပ်စု | ၁၃၀၀ | ၆၃၀ | ၆၇၀ | ၆၇၀ | | |
| ၂၉ | ကညုံကျွန်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၀၄၄ | ၁၁၀၆ | ၁၁၀၆ | | |
| ၃၀ | ကထောင်းနီကျေးရွာအုပ်စု | ၇၅၀ | ၂၇၄ | ၄၇၆ | ၄၂၆ | ၅၀ | |
| ၃၁ | ရေဖြူကျေးရွာအုပ်စု | ၈၈၅၀ | ၅၀၄၆ | ၃၈၀၄ | ၃၇၀၀ | ၁၀၄ | |
| ၃၂ | ကဒက်ငယ်ဆိပ်ကျေးရွာအုပ်စု | ၇၀၀ | ၃၂၉ | ၃၇၁ | ၃၇၀ | ၁ | |
| ၃၃ | ကဒက်ကြီးကျေးရွာအုပ်စု | ၃၁၅၀ | ၂၃၀၂ | ၈၄၈ | ၂၂၅၁ | | ၁၄၀၃ |
| ၃၄ | ပြင်ကျောင်းကျေးရွာအုပ်စု | ၁၅၅၀ | ၈၄၈ | ၇၀၂ | ၇၀၂ | | |
| ၃၅ | ကြက်ယက်တွင်းကျေးရွာအုပ်စု | ၃၆၀၀ | ၁၅၅၁ | ၂၀၄၉ | ၁၉၉၉ | ၅၀ | |
| ၃၆ | သပြေရှောင်ကျေးရွာအုပ်စု | ၃၅၀၀ | ၁၇၈၈ | ၁၇၁၂ | ၁၇၁၂ | | |
| ၃၇ | တောကျဲကျေးရွာအုပ်စု | ၁၈၅၀ | ၈၆၀ | ၉၉၀ | ၉၉၀ | | |
| ၃၈ | သကျက်တောကျေးရွာအုပ်စု | ၄၆၀၀ | ၂၃၆၇ | ၂၂၃၃ | ၂၂၃၄ | | ၁ |
| ၃၉ | ကျောက်တွင်းကျေးရွာအုပ်စု | ၁၀၀၀ | ၅၅၉ | ၄၄၁ | ၄၄၁ | | |
| ၄၀ | ဇလွတ်ကျေးရွာအုပ်စု | ၁၅၅၀ | ၇၉၅ | ၇၅၅ | ၇၅၅ | | |
| ၄၁ | ကျောက်ဝပ်ပြင်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၃၃ | ၅၁၇ | ၅၁၇ | | |
| ၄၂ | ကျောက်နီမော်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၇၂၀ | ၈၃၀ | ၈၃၀ | | |
| ၄၃ | အောက်ကျောက်ဝပ်ကျေးရွာအုပ်စု | ၄၃၀၀ | ၂၆၈၀ | ၁၆၂၀ | ၁၃၇၀ | ၂၅၀ | |
| ၄၄ | ကျောက်မတ္တပ်ကျေးရွာအုပ်စု | ၁၄၅၀ | ၉၄၉ | ၅၀၁ | ၅၀၁ | | |
| ၄၅ | ပြင်ကြီးကျွန်းကျေးရွာအုပ်စု | ၁၅၀ | ၈၁ | ၆၉ | ၆၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၉၆၀၀ | ၇၅၉၂၈ | ၅၃၆၇၂ | ၅၂၈၃၇ | ၂၃၉၁ | ၁၅၅၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၄၆၃ | ၁၁၂၄ | ၁၃၃၉ | ၁၃၃၉ | | |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | ၈၇၅၀ | | ၈၇၅၀ | ၈၅၄၉ | ၂၀၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၀၈၁၃ | ၇၇၀၅၂ | ၆၃၇၆၁ | ၆၂၇၂၅ | ၂၅၉၂ | ၁၅၅၆ |



လောင်းလုံးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အကန့်အသတ်ဖြင့် နိုင်ငံခြားခရီးသွားလာခွင့်ကို ဗြိတိန်နိုင်ငံမှ ခွင့်ပြုပေးမည်

**လန်ဒန် မေ ၈**

မေလလယ်ပိုင်းမှစတင်ကာ အပြည်ပြည်ဆိုင်ရာခရီးသွားလာခွင့်ကို တဖြည်းဖြည်းချင်းပြန်လည်ခွင့်ပြုမည်ဟု ဗြိတိန်အစိုးရက ပြောကြားသည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကူးစက်မှုမှာ တဖြည်းဖြည်းချင်း လျော့ကျလာခဲ့သည့်အတွက် ယခုလို ပြောကြားခြင်းဖြစ်သည်။ ဇန်နဝါရီမှ စတင်ကာ အင်္ဂလန်ပြင်ပသို့ ခရီးသွားလာခွင့်ကို ပိတ်ထားခြင်းဖြစ်သည်။

ဆေးကုသခွင့်နှင့် စီးပွားရေးလုပ်ကိုင်ခွင့်တို့အတွက်သာ ခြွင်းချက်ထား၍ ခရီးသွားလာခွင့်ပြုခဲ့သည်။ မေ ၁၇ ရက်မှစတင်ကာ ပိတ်ဆို့ထားမှုများကို တစ်ဆင့်ချင်း ဖြေလျှော့သွားမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂရန့်ရှိတ်ပ်က ပြောကြားသည်။ အန္တရာယ်အဆင့် သတ်မှတ်ချက်အပေါ်မူတည်ကာ အစိုးရသည် ပြည်ပရောက်နေသော နိုင်ငံသားများကို ကန့်သတ်ချက်များ တစ်ဆင့်ချင်း ဖြေလျှော့ပေးမည်ဟု သိရသည်။ နိုင်ငံနှင့် နယ်မြေပေါင်း ၁၂ခု တို့ကို အစိမ်းရောင်ဇုန်အတွင်းသို့ ထည့်သွင်းထားသည်။

ယင်းနိုင်ငံများထဲတွင် ဩစတြေးလျနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှာ အစိမ်းရောင်ဇုန်တွင် ပါဝင်သည်။ အစိမ်းရောင်ဇုန်တွင် ပါဝင်သည့် နိုင်ငံများမှ ပြန်လာသူများသည် အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရန် မလိုအပ်ပေ။ ကိုဗစ်-၁၉ ကူးစက်မှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် နေရာအများကြီးသို့ အပန်းဖြေခရီးထွက်ခြင်းများကို ရှောင်ရှားကြရန်လည်း အစိုးရက တိုက်တွန်းထားသည်။ ဂျပန်နိုင်ငံမှာ အဝါရောင်ဇုန်အတွင်း ပါဝင်သည်။ အိန္ဒိယနှင့် တခြားကူးစက်မှု များပြားနေသည့် နိုင်ငံများကို အနီရောင်ဇုန်တွင် ထည့်ထားသည်။

**အင်န်အိတ်ချ်ကေ**




ဗြိတိန်နိုင်ငံ ဟီသရိုးလေဆိပ်တွင် သွားလာနေကြသူများကို တွေ့ရစဉ်။



## ဆေးဘက်ဆိုင်ရာစေတနာ့ဝန်ထမ်း ထမ်းဆောင်မည့်သူများရရှိရေး အိုလံပစ်အားကစားပြိုင်ပွဲကျင်းပသူများ အခက်အခဲတွေ့နေ

**တိုကျို မေ ၈**

ဂျပန်နိုင်ငံတွင် လတ်တလော ကိုဗစ် -၁၉ ကူးစက်မှုများ များပြားနေသည့်အတွက် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွက် ဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်မည့်သူများကိုရှာဖွေရာတွင် အခက်အခဲနှင့် ကြုံတွေ့နေရသည်ဟု ပွဲစီစဉ်သူများက ပြောသည်။

ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် အားကစားပြိုင်ပွဲအတွက် ဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖြစ်လုပ်ကိုင်မည့်သူ ၁၀၀၀၀ လိုအပ်သည်ဟု တိုကျိုပွဲကျင်းပရေးကော်မတီက တောင်းခံထားသည်။ ဧပြီလအတွင်းက ကောက်ခံထားသည့် စစ်တမ်းကောက်ယူမှုအရ အားကစားဆရာဝန် ၄၇၈၄ဦးကို မေးမြန်းကြည့်ရာ ၉၂ ဦးမှာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသည်ဟု ဖြေကြားကြသည်။

ပွဲကျင်းပရေးကော်မတီသည် ကျန်းမာရေးကိစ္စအတွက် စေတနာ့ဝန်ထမ်း ဆရာဝန် ၂၀၀ ကို တောင်းခံထားသည်။ အသက် ၃၀ ဝန်းကျင် ဆရာဝန်တစ်ဦးက လက်ရှိအခက်အခဲများ ကြုံတွေ့နေရသော်လည်း အားကစားပြိုင်ပွဲမှာ ဦးစားပေးဖြစ်သည်ဟု ပြောကြားသည်။ သို့သော်လည်း လက်ထောက်ဝန်ထမ်းများမှာ အလုပ်ပိနေသည့်အတွက် ၎င်း၏ လုပ်ငန်းခွင်ကို ထားရစ်ခဲ့ကာ လာရောက်ရန် ခက်ခဲမည်ဟု ဖြေကြားသည်။

ဆေးဘက်ဆိုင်ရာစောင့်ရှောက်ရေး အခြေအနေများနှင့် ပတ်သက်၍စိုးရိမ်ပူပန်နေစဉ် ဆေးဘက်ဆိုင်ရာအုပ်စုများ၏ အကြံဉာဏ်ကိုရယူမည်ဟု ပွဲကျင်းပရေးကော်မတီက ပြောသည်။။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်ဝန်ကြီးချုပ် ဆော်ဒီအာရေဗျသို့ခရီးစတင်

**အစ္စလာမ္မာဘတ် မေ ၈**

ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခန်းသည် မေ ၇ ရက်မှ စတင်ကာ ဆော်ဒီအာရေဗျနိုင်ငံသို့ သုံးရက်ကြာ ခရီးစဉ်စတင်လိုက်ပြီဟု သိရသည်။

နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရန်အတွက် သွားရောက်ခြင်းဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးမည်ဟု ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်၏ ခရီးစဉ်မတိုင်မီ ပါကစ္စတန် တပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ် ခမာဂျာဘတ်ဘဝါသည် မေ ၄ ရက် ကတည်းက ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ခဲ့ပြီး အရပ်ဘက်နှင့် ဆော်ဒီတပ်ဖွဲ့ပိုင်းတို့နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

ထို့ပြင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်နှင့်လည်း တွေ့ဆုံခဲ့သည်ဟု သိရသည်။ နိုင်ငံအကျိုးစီးပွား၊ ဒေသတွင်းလုံခြုံရေးနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်တို့အတွက်ပါ ဆွေးနွေးကြသည်ဟု သိရသည်။

**ဆင်ဟွာ**



ပါကစ္စတန်ဝန်ကြီးချုပ် ဆော်ဒီအာရေဗျသို့ ရောက်ရှိလာစဉ်။

## အောက်ဆီဂျင်ထုတ်ပေးသည့်စက်များကို ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံသို့ ပို့ပေး

**တိုကျို မေ ၈**

အောက်ဆီဂျင်ထုတ်စက် ၁၀၀ ကို သယ်ဆောင်လာသည့် လေယာဉ်သည် တိုကျိုဟာနေဒါလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ မေ ၈ ရက် နံနက်ပိုင်းတွင် ထွက်ခွာသွားပြီဟု သိရသည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုတိုးနေသည့်အတွက် အကူအညီပေးရေးအဖြစ် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ဂျပန်အစိုးရ ကြေညာထားသည့် အကူအညီပေးရေး အစီအစဉ်တွင် ပါဝင်သည့် အစိတ်အပိုင်းတစ်ခုအဖြစ် ကူညီပေးခဲ့ခြင်းဖြစ်သည်။ ယင်းအစီအစဉ်တွင် ဒေါ်လာသန်း ၅၀တန် အရေးပေါ်အကူအညီပါဝင်သည်။ အသက်ရှူ အထောက်ကူပြုကိရိယာ ၃၀၀ နှင့် အောက်ဆီဂျင်ထုတ်စက် ၃၀၀ ကို အိန္ဒိယသို့ပေးပို့ပေးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ နေ့စဉ် ကိုဗစ် -၁၉ ကူးစက်မှုမှာ မကြာသေးမီရက်များအတွင်း ၃၀၀၀၀၀ အထိ ရှိလာသည်။ အိန္ဒိယနိုင်ငံအတွင်း ဆေးရုံခုတင်ပြတ်လပ်မှုနှင့် အောက်ဆီဂျင်ပြတ်လပ်မှုတို့နှင့် ကြုံတွေ့နေရသည်။ ဂျပန်အစိုးရသည် အောက်ဆီဂျင်ထုတ်စက်များကို ပြည်တွင်းလုပ်ငန်းရှင်များထံမှ ရယူထားခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၁ ဦး ထပ်မံတွေ့ရှိ

**ဂျေရုဆလင် မေ ၈**

အစ္စရေးနိုင်ငံတွင် မေ ၇ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၁ ဦးထပ်မံ တွေ့ရှိခဲ့သည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထို့ကြောင့် စုစုပေါင်း ကိုဗစ် -၁၉ ကူးစက်ခံရသူနှုန်းမှာ ၈၃၈၈၅၈ ဦးရှိလာခဲ့သည်။ သေဆုံးသူလေးဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၆၃၇၅ ဦး ရှိလာသည်။ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၈၃၁၄၃၂ ဦး ရှိပြီဖြစ်သည်။

တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ စုစုပေါင်းမှာ ၅ ဒသမ ၄၂ သန်း နီးပါးရှိပြီဖြစ်သည်။ တိုင်းပြည်လူဦးရေ၏ ၅၈ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။

**ဆင်ဟွာ**

# ဆင်းရဲတဲ့ နိုင်ငံတွေကို ဘဏ္ဍာငွေကူညီပြီး ကာကွယ်ဆေးထိုးခြင်းကို အရှိန်မြှင့်တင်လုပ်ဆောင်မယ်လို့ ပြောလိုက်တဲ့ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများ

— — ထွန်းကျော် — —

ကမ္ဘာ့နိုင်ငံတွေအတော်များများ တစ်ကျော့ပြန် ကိုဗစ်ကူးစက်မှုအရှိန် ရိုက်ခတ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ အဲဒီအထဲမှာ အဆိုးဆုံးကတော့ အိန္ဒိယနိုင်ငံပဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကိုဗစ်ကူးစက်မှုအရှိန်ကြောင့် ဆိုးရွားတဲ့ အခြေအနေနဲ့ ကြုံတွေ့နေရသလို အောက်ဆီဂျင်ပြတ်လပ်မှုတွေနဲ့လည်း ကြုံတွေ့ခဲ့ရတဲ့အတွက် ကိုဗစ်-၁၉ လူနာအတော်များများ သေဆုံးခဲ့ရပါတယ်။ ထို့အပြင် ဘရာဇီးနိုင်ငံဟာလည်း ဆိုးရွားတဲ့ ကိုဗစ်ကူးစက်မှုအရှိန်ရဲ့ ရိုက်ခတ်မှုကိုခံစားနေရပြီး နေ့စဉ်သေဆုံးမှုတွေရှိနေပါတယ်။ ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ကိုခံရတဲ့အထဲမှာ ဆင်းရဲတဲ့နိုင်ငံတွေလည်းပါသလို ချမ်းသာတဲ့နိုင်ငံတွေလည်းပါပါတယ်။ ဒါပေမယ့် အထိနာမှာကတော့ ဆင်းရဲတဲ့ နိုင်ငံတွေပဲဖြစ်ပါတယ်။ ဒီအရေးတွေကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးဖို့ ဗြိတိန်မှာတော့ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေ ဆွေးနွေးအဖြေရှာခဲ့ကြပါတယ်။

## ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီမယ်

ဂျီ-၇ ချမ်းသာတဲ့ ဒီမိုကရေစီနိုင်ငံတွေဟာ ကမ္ဘာ့ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို အရှိန်မြှင့်တင်လုပ်ဆောင်ဖို့ အစီအစဉ်တွေ လုပ်ဆောင်ခဲ့သလို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီဖို့ ဘဏ္ဍာငွေ ထိထိရောက်ရောက် တိုးမြှင့်ရန်လည်း တိုက်တွန်းခဲ့ကြပါတယ်။

စိန်ခေါ်မှုပေါင်းများစွာ ရင်ဆိုင်နေရတဲ့ကြားက မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများပြားလာတဲ့ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးက ကိုဗစ်-၁၉ ဗိုင်းရပ်စ် ထိတွေ့ဖြစ်ပွားခဲ့ပြီးနောက် လန်ဒန်အစည်းအဝေးမှာ အွန်လိုင်းက ပါဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ပထမအကြိမ် လူကိုယ်တိုင်တက်ရောက်မယ့် ဂျီ-၇ အစည်းအဝေးအတွက် ဗြိတိန်နိုင်ငံဟာ အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံအတော်များများကို ဖိတ်ကြားခဲ့ပါတယ်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံခြားရေးဝန်ကြီးများဟာ နောက်လမှာ အင်္ဂလန်နိုင်ငံတောင်ပိုင်း ကွန်းဝဲလ်မှာ ကျင်းပမယ့် ဂျီ-၇ ခေါင်းဆောင်များအစည်းအဝေးအတွက် အစည်းအဝေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြပါတယ်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများဟာ နောက်ဆုံးနေ့ အစည်းအဝေးမှာ ကိုဗစ်-၁၉ အရေးနဲ့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို မဆွေးနွေးမီ ပွင့်လင်း လူ့အဖွဲ့အစည်းအရေးကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုကဘာလဲဆိုတော့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီဖို့ပဲမဟုတ်လားလို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရာဘ်က သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။




ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး ကျင်းပနေစဉ်။

> “ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းက ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေကို နောက်ထပ်နှစ်နှစ်မှာ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကူညီဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။ ဒါဟာ ကမ္ဘာကြီးအတွက် အာမခံမှုဝါဒတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ကင်းစင်မယ့် ကမ္ဘာကြီးမှာ ကုန်သွယ်ရေးတွေ ပြန်လည်စတင်လာတာနဲ့ စီးပွားရေးရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာပဲဖြစ်”

## ကာကွယ်ဆေးတွေကို အဆင်းရဲဆုံးနိုင်ငံတွေနဲ့ မျှဝေမယ်

ကမ္ဘာတစ်ဝန်းလုံးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁ ဒသမ ၂ ဘီလီယံကျော် ထိုးပြီးပါပြီ။ သို့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကတော့ တစ်ရာခိုင်နှုန်းထက်နည်းတဲ့ ရာခိုင်နှုန်းလောက်ပဲရရှိနေပါတယ်။

အချမ်းသာဆုံးနိုင်ငံတွေရဲ့ ထောက်ပံ့မှုတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ခံထားတဲ့ ကိုဗက်အစီအစဉ်ဟာ ကာကွယ်ဆေးတွေကို အဆင်းရဲဆုံးနိုင်ငံတွေနဲ့ မျှဝေဖို့ပဲဖြစ်ပါတယ်။

သို့သော်လည်း ချမ်းသာတဲ့နိုင်ငံတွေဟာ အစောပိုင်းအဆင့်မှာ ကိုဗက်အစီအစဉ်ကို ဂရုမပြုကြဘဲ ဆေးဝါးထုတ်လုပ်သူတွေနဲ့ ကိုယ်ပိုင်သဘောတူညီမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀၀ ပိုမိုရရှိဖို့လုပ်ဆောင်ထားပါတယ်။ အဲဒီဆေးပမာဏဟာ သူ့ရဲ့ လူဦးရေတစ်ခုလုံးနီးပါးနဲ့ ညီမျှပါတယ်။

## ကိုဗက်အစီအစဉ်ကို အမေရိကန်ဒေါ်လာ ထည့်ဝင်ဖို့ ကတိပြု

ဘိုင်ဒင်ဟာ ဇန်နဝါရီလမှာ သမ္မတဖြစ်လာပြီးနောက်မှာ ကိုဗက်အစီအစဉ်နဲ့ အမြန်ဆုံး ချိတ်ဆက်ခဲ့ပြီးတော့ ကိုဗက်အစီအစဉ်အတွက် အမေရိကန် လေးဘီလီယံထည့်ဝင်ဖို့ ကတိပြုခဲ့ပါတယ်။

ဘိုင်ဒင်အစိုးရအဖွဲ့က လွန်ခဲ့တဲ့သီတင်းပတ်က အက်စ်ထရာဇနီကာ ကာကွယ်ဆေး သန်း ၆၀ ကို လမ်းကြောင်းပြောင်းရယူခဲ့ပြီး အိန္ဒိယကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီထောက်ပံ့ခဲ့ပါတယ်။

## ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေကို ကူညီဖို့ ပြော

သို့သော်လည်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းက ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေကို နောက်ထပ်နှစ်နှစ်မှာ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကူညီဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။ ဒါဟာကမ္ဘာကြီးအတွက် အာမခံမှုဝါဒတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ကင်းစင်မယ့်ကမ္ဘာကြီးမှာ ကုန်သွယ်ရေးတွေ ပြန်လည်စတင်လာတာနဲ့ စီးပွားရေးရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာပဲဖြစ်ပါတယ်။

အက်စ်ထရာဇနီကာနဲ့ သူ့ရဲ့ မိတ်ဖက်တွေဟာ သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကမ္ဘာကြီးအတွက် အလားအလာရှိတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုပြီး ဆေးရင်းနဲ့ ရောင်းချနေကြပါတယ်။

လန်ဒန်အစည်းအဝေးမှာ ပါဝင်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကတော့ အမေရိကန်ပြည်ထောင်စုဟာ မကြာမီမှာ ကမ္ဘာတစ်ဝန်းလုံးကို ကာကွယ်ဆေးထောက်ပံ့ပေးနိုင်တော့မယ်လို့ လွန်ခဲ့တဲ့လက ပြောခဲ့ပါတယ်။

ထို့အတူ ကိုဗစ်-၁၉ တိုက်ဖျက်တဲ့အထဲမှာ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတွေပါဝင်လာခြင်းက ကောင်းမွန်တဲ့ ရလဒ်တွေ ထွက်ပေါ်လာမှာဖြစ်သလို ဆင်းရဲတဲ့ နိုင်ငံတွေအတွက်လည်း ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်ခဲ့မယ်ဆိုပါက ကမ္ဘာကြီးမှာ စီးပွားရေးတွေ နာလန်ပြန်ထူလာမှာဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

# COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃ ဦး တွေ့ရှိ

## COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂၉၄၇ ဦးရှိ

### (၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၈,၈၈၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၄၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၁၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၈-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၄၁၉၁၁၃ | ၂၆၃၂၄၇၅၇ | ၅၉၄၉၁၂ |
| ၂။ | အိန္ဒိယ | ၂၁၈၉၂၆၇၆ | ၁၇၉၃၀၉၆၀ | ၂၃၈၂၇၀ |
| ၃။ | ဘရာဇီး | ၁၅၀၈၇၃၆၀ | ၁၃၆၄၀၄၇၈ | ၄၁၉၃၉၃ |
| ၄။ | ပြင်သစ် | ၅၇၄၇၂၁၄ | ၄၈၁၇၂၈၈ | ၁၀၆၁၀၁ |
| ၅။ | တူရကီ | ၄၉၉၈၀၈၉ | ၄၆၆၂၃၂၈ | ၄၂၄၆၅ |
| ၆။ | ရုရှား | ၄၈၇၁၈၄၃ | ၄၄၈၈၆၁၅ | ၁၁၂၉၉၂ |
| ၇။ | ဗြိတိန် | ၄၄၃၁၀၄၃ | ၄၂၄၂၁၉၂ | ၁၂၇၅၉၈ |
| ၈။ | အီတလီ | ၄၀၉၂၇၄၇ | ၃၅၇၂၇၁၃ | ၁၂၂၄၇၀ |
| ၉။ | စပိန် | ၃၅၆၇၄၀၈ | ၃၂၄၈၀၁၀ | ၇၈၇၉၂ |
| ၁၀။ | ဂျာမနီ | ၃၅၀၄၀၁၂ | ၃၁၄၇၁၀၀ | ၈၅၀၅၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈ – ၅ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၀၉၇၆၂ | ၁၅၆၃၉၁၇ | ၄၆၈၄၂ |
| ဖိလစ်ပိုင် | ၁၀၉၄၈၄၉ | ၁၀၁၃၂၀၄ | ၁၈၂၆၉ |
| မလေးရှား | ၄၃၆၉၄၄ | ၃၉၈၇၂၃ | ၁၆၅၇ |
| မြန်မာ | ၁၄၂၉၄၇ | ၁၃၂၀၁၃ | ၃၂၁၀ |
| ထိုင်း | ၈၁၂၇၄ | ၅၁၄၁၉ | ၃၈၂ |
| စင်ကာပူ | ၆၁၃၃၁ | ၆၀၉၀၆ | ၃၁ |
| ကမ္ဘောဒီးယား | ၁၈၇၁၇ | ၇၃၄၀ | ၁၁၄ |
| ဗီယက်နမ် | ၃၂၃၀ | ၂၆၀၂ | ၃၅ |
| လာအို | ၁၂၃၃ | ၁၅၀ | ၀ |
| ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |

ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင်
အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိရောက်ရှိရာနေရာဒေသတွင်လည်း
အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- ❖ ရပ်ကွက်/ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ လက်ရှိဒေသတွင်နေထိုင်နေသည့် အိမ်ထောင်စုနှင့်လူဦးရေစာရင်းအား ကောက်ယူခြင်း၊
- ❖ မူလဒေသတွင် နေထိုင်ခဲ့ခြင်းရှိ/မရှိ မြို့နယ်လဝကရုံးအချင်းချင်း ဆက်သွယ်မေးမြန်းခြင်း၊
- ❖ မူလနေထိုင်ရာဒေသရှိ မြို့နယ်လဝကရုံးသည် စိစစ်ခံရသူအတွက် ၎င်းအားသိရှိသည့် သက်ဆိုင်ရာရပ်မိရပ်ဖ (ဘာသာရေးခေါင်းဆောင်အပါအဝင် ဩဇာသက်ရောက်သူ) တို့၏ ထောက်ခံချက်အား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများမှတဆင့်တောင်းခံခြင်း၊
- ❖ ယာယီ/ရွှေ့ပြောင်း/Eတံဆိပ်တုံးဖြင့် ယခင်ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်းများကို (၅) ဦးကော်မတီဖြင့် စိစစ်၍ လက်ရှိလူဦးရေအတိုင်း (M) အမှတ်အသားနှင့်နံပါတ်ပါ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် လဲလှယ်ထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုစာရင်း လုံးဝမရှိသေးသည့် မွေးရာပါနိုင်ငံသားများအတွက် (၅) ဦးကော်မတီဖြင့် စိစစ်၍ (M) အမှတ်အသားပါသည့် တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် မြို့နယ်ရုံးများ၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်း၊
- ❖ မည်သည့်ဒေသတွင်မှ စာရင်းမပါဝင်သည့် မွေးရာပါနိုင်ငံသားမဟုတ်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်းကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့် အညီသာ ဆောင်ရွက်ပေးခြင်း၊

### ပြည်သူ့အတွက်ပန်းခင်း စီမံချက်

- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

## နေ့အပူချိန်များ

**နေပြည်တော် မေ ၈**

နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မိုး/ဇလ**

# နိုင်ငံသားတာဝန်၊ နိုင်ငံ့ဝန်ထမ်းတာဝန် ကျေပွန်ကြပါစို့

## သက်ထားဆွေ

နိုင်ငံသားဆိုသည်မှာ......

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၄၅ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများ၊ မြန်မာ နိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်) အရ နိုင်ငံသားဖြစ်သူ များအားလုံး အကျုံးဝင်သည်မှတ်ယူကာ "နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိကြ ပါသည်။"၊ "ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် ကြီးပေါ်ထွန်းလာစေရေးသည်လည်း နိုင်ငံသားတိုင်း ၏ တာဝန်ဖြစ်ပါသည်။" သို့ဖြစ်၍ နိုင်ငံသားတိုင်း သည် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် ကြရပေမည်။

### နိုင်ငံတော်ယန္တရား သက်ဝင်လှုပ်ရှားစေရန်

နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားများ ဖြစ်ကြပြီး နိုင်ငံသားတိုင်းလိုက်နာရမည့် တာဝန် များကို စောင့်ထိန်းလိုက်နာရသကဲ့သို့ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကိုလည်း ဦးထိပ်ပန်ဆင် စောင့်ထိန်းကြသူများဖြစ်သည့် အားလျော်စွာ အမိ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိ ကြပေသည်။

နိုင်ငံ့ဝန်ထမ်းများသည် အမိနိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရမည့်အပြင် နိုင်ငံတော် ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာလည်ပတ်နိုင် စေရန် ဆောင်ရွက်နေကြရသူများဖြစ်ပြီး နိုင်ငံတော် ကိုသာ သစ္စာခံယူရသူများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေး၊ စီးပွားရေးနှင့် အစိုးရအဖွဲ့များ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင် လှုပ်ရှားမှုရှိစေရန် ဆောင်ရွက်ကြရပါမည်။ ဆိုလို သည်မှာ မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ အစိုးရကချမှတ်ပေးသော မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြု ဆောင်ရွက်ပေးကြရမည်ဖြစ် ပေသည်။

ယခုကာလတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း စဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ရည်မှန်းချက် ထားပြီး အောင်မြင်အောင် ဝိုင်းဝန်းအကောင် အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ထို့အတူ မိမိဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ မူလ တာဝန်နှင့် ဝတ္တရားများကိုလည်း ဦးလည်မသုန် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည့်သူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြပေရာ နိုင်ငံ့ဝန်ထမ်း များသည် သိရှိလိုက်နာကျင့်သုံးအပ်သည့် နိုင်ငံ့ ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စောင့်ထိန်း၊ လိုက်နာဆောင်ရွက်သွားကြရန် အထူးပင်လိုအပ်လှ ပေသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် စည်းကမ်းထိန်းသိမ်း ရေးဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များရှိပြီးဖြစ်ရာ ဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကို အလေးအနက်ထား စောင့်ထိန်းလိုက်နာကြရမည် ဖြစ်ပေသည်။

ဆိုင်ရာပြဋ္ဌာန်းချက်အချို့ကို တင်ပြရပါလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၃၇ တွင် "ဝန်ထမ်းသည် ဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ် ထားသည့်ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများ ကိုလည်း စောင့်ထိန်းလိုက်နာရမည်။"ဟုလည်း ကောင်း၊ အခန်း(၆)၊ ခွင့်ခံစားခြင်း၊ ပုဒ်မ ၁၄ တွင် "ဝန်ထမ်းသည် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ကို ခံစားခွင့်ရှိသည်။" ဟုလည်းကောင်း၊ ပုဒ်မ ၁၅ တွင် "ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီး ဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင် သည်။" ဟုလည်းကောင်း၊ ပုဒ်မ ၁၇ တွင် "ဝန်ထမ်း သည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက် များနှင့်အညီ ခွင့်ကို တောင်းခံပိုင်ခွင့်ရှိသည်။" ဟု လည်းကောင်း၊ ပုဒ်မ ၁၈ တွင် "ခွင့်ပေးပိုင်ခွင့်ရှိသူ သည် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဝန်ထမ်းတစ်ဦး တောင်းခံသည့် ခွင့်ကိုငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေ သော ဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်းပြုနိုင် သည်။" ဟုလည်းကောင်း၊ ပုဒ်မ ၂၀ တွင် " ခွင့်ခံစား နေသည့် ဝန်ထမ်းသည် မိမိကိုခွင့်ပြုထားသည့် ခွင့် ကာလ မကုန်ဆုံးမီ အလုပ်ခွင်သို့ပြန်လည်ဝင်ရောက် လိုပါက သက်ဆိုင်ရာခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြု ချက်ဖြင့် ပြန်လည်ဝင်ရောက်နိုင်သည်။" ဟုလည်း ကောင်း၊ ပုဒ်မ ၂၁ တွင် "ဝန်ထမ်းသည် ခွင့်ကာလ ကုန်ဆုံးသော်လည်း အလုပ်ခွင်သို့ ပြန်လည်ဝင် ရောက် လုပ်ကိုင်ခြင်းမရှိပါက ကျော်လွန်သည့်ကာလ အတွက် ခွင့်လစာခံစားခွင့် မရှိ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်ရက်ကျော်လွန်ခြင်း ဖြစ်ပါက ယင်းဝန်ထမ်းအား စည်းကမ်းဖောက်ဖျက်မှု ဖြင့် အရေးယူနိုင်သည်။" ဟုလည်းကောင်း ခွင့် စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များကို တိကျစွာ ပြဋ္ဌာန်းထားပါသည်။

> ▼ **သာဓကအနေဖြင့် ဝန်ထမ်းတစ်ဦးသည် ခွင့်မဲ့ပျက်ကွက်နေပါက ခွင့်စည်းကမ်းများ၊ အလုပ်ခွင်စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များ ကို ဖောက်ဖျက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ခွင့်မဲ့ပျက်ကွက်နေသည့် ဝန်ထမ်းထံသို့ ဌာနမှဆက်သွယ်ပြီး အလုပ်ပြန်လည်ဝင်ရောက်ရန် သဘောထားကြီးစွာဖြင့် ဖုန်းဖြင့် ဆက်သွယ်၍လည်းကောင်း၊ အကြောင်း ကြားစာ ပေးပို့၍လည်းကောင်း၊ အကြိမ်ကြိမ် ပြန်လည်ခေါ်ယူပြီး အလုပ်ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း မရှိသည့်အခါမှသာ ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့ရသည့် အခြေအနေ များကို ဆိုလိုခြင်းဖြစ်**

သာဓကအနေဖြင့် ဝန်ထမ်းတစ်ဦးသည် ခွင့်မဲ့ပျက်ကွက်နေပါက ခွင့်စည်းကမ်းများ၊ အလုပ် ခွင် စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ခွင့်မဲ့ ပျက်ကွက်နေသည့် ဝန်ထမ်းထံသို့ ဌာနမှဆက်သွယ် ပြီး အလုပ်ပြန်လည်ဝင်ရောက်ရန် သဘောထား ကြီးစွာဖြင့် ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ အကြောင်းကြားစာ ပေးပို့၍လည်းကောင်း၊ အကြိမ်ကြိမ် ပြန်လည်ခေါ်ယူပြီး အလုပ်ပြန်လည် ဝင်ရောက် တာဝန်ထမ်းဆောင်ခြင်း မရှိသည့်အခါ မှသာ ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပြီး ပြစ်ဒဏ် ချမှတ်ခဲ့ရသည့် အခြေအနေများကို ဆိုလိုခြင်းဖြစ် ပါသည်။

### အကြောင်းမဲ့ ခွင့်မဲ့ပျက်ကွက်နေပါက

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ တွင် "ဝန်ထမ်းတစ်ဦးသည် ပြင်ပဝန်ထမ်း စည်းကမ်းချက်များဖြင့် လွှဲပြောင်းတာဝန် ထမ်းဆောင်နေသည့်အခါမှတစ်ပါး ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ် ကင်းကွာလျှင် ကင်းကွာသည့်ကာလ ငါးနှစ်ပြည့် သည့်နေ့၏ နောက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ အလို အလျောက်ရပ်စဲပြီးဖြစ်သည်။" ဟု ပြဋ္ဌာန်းထားရာ ဝန်ထမ်းသည် ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင် မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာနိုင်သည်ဟု နားလည်မှုလွဲမှားနိုင်ပါသည်။ အဆိုပါ ပြဋ္ဌာန်းချက် ကို ထည့်သွင်းပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်မှာ "ဝန်ထမ်း၏ ပြုမူချက်ကြောင့်မဟုတ်ဘဲ သဘာဝ ဘေးအန္တရာယ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဌာနမှကင်းကွာခဲ့ရသူများအတွက် ကိုသာ ရည်ရွယ်ခြင်းဖြစ်"ပါသည်။ မိမိသဘော ဆန္ဒအလျောက် အလုပ်ပြန်လည်ဝင်ရောက်ခြင်း မရှိဘဲ အကြောင်းမဲ့ ခွင့်မဲ့ပျက်ကွက်နေပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာပြစ်မှုဖြင့် အရေးယူခြင်းသာခံရမည် ဖြစ်ပါ သည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း ၁၅ တွင် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၆၁ တွင် အလုပ်ချိန်နှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှု (၆)မျိုးကို "လုံလောက်သော အကြောင်းရင်းမရှိဘဲ အလုပ်တက်ချိန်နောက်ကျ၍ အလုပ်ခွင်သို့ ရောက် ရှိခြင်း၊ လုံလောက်သော အကြောင်းရင်းမရှိဘဲ အလုပ်ဆင်းချိန်ထက်စော၍ အလုပ်ခွင်မှ ထွက်ခွာ ခြင်း၊ အထက်တာဝန်ရှိသူ၏ ခွင့်ပြုချက်မရဘဲ မကြာခဏအလုပ်ခွင်မှ ပျက်ကွက်ခြင်းတို့မှာ အလေ့ အကျင့်ကဲ့သို့ဖြစ်နေခြင်း၊ ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း၊ ခိုင်လုံသော အကြောင်းမရှိဘဲ ခွင့်ရက်ထက်ပို၍ နေခြင်း သို့မဟုတ် ခွင့်ရက်ကုန်ဆုံးပြီးနောက် အလုပ်ဝင် ရောက်ရန် ပျက်ကွက်ခြင်း၊ ခိုင်လုံသောအကြောင်း မရှိဘဲ ခွင့်ပြုထားသည့် အလုပ်ကူးပြောင်းချိန်ကုန်ဆုံး ပြီးနောက် အလုပ်ဝင်ရောက်ရန် ပျက်ကွက်ခြင်း" ဟုလည်းကောင်း၊ နည်းဥပဒေ ၁၆၂ တွင် တာဝန် ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့်သက်ဆိုင် သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှု(၄) မျိုးကို "တာဝန်မကျေပွန်ခြင်း သို့မဟုတ် တာဝန်ကို ပေါ့ဆ စွာထမ်းဆောင်ခြင်း၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံ့ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်း ဆုံးရှုံး ပျက်စီးရခြင်း၊ ခန့်အပ်ထားသည့် ရာထူးနှင့်မညီဘဲ လုပ်ရည်ကိုင်ရည် အဆင့်အတန်းမမီခြင်း သို့မဟုတ် အရည်အချင်းညံ့ဖျင်းခြင်း၊ အရည်အသွေးမပြည့်ဝ ခြင်း၊ ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း" ဟုလည်းကောင်း၊

### ပြစ်မှု(၂၂)မျိုး

နည်းဥပဒေ ၁၆၃ တွင် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာ ပြစ်မှု (၂၂)မျိုးကို " ရာထူးခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ပြည်ပပညာသင် စေလွှတ်ခြင်းတို့အတွက် အရေး ပါသော ကိုယ်ရေးအကြောင်းအရာ၊ အချက်အလက် များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်း သို့မဟုတ် မရိုးသားမှု တစ်ခုခုပြုလုပ်ခြင်း၊ တာဝန် ထမ်းဆောင်ရာ၌ ရိုးသားဖြောင့်မတ်မှု မရှိခြင်း၊ လိမ်လည်ခြင်း၊ လိမ်လည်ရန် အားထုတ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်း၊ အခြား ဝန်ထမ်းတစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မဟုတ် မမှန်စွပ်စွဲတိုင်ကြားခြင်း၊ သူတစ်ပါး၏အမည်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အမည်မှန်ကို ဖုံးဝှက် ၍ဖြစ်စေ ပစ်စာရေးသားခြင်း၊ အလုပ်ခွင်ငြိမ်းချမ်း သာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံး ညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်း ကိုအားပေးကူညီခြင်း၊ အလုပ်ခွင်တွင် လောင်းကစား ခြင်း သို့မဟုတ် မူးယစ်သောက်စားခြင်း၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော တားမြစ် ဆေးဝါးများကို မှီဝဲသုံးစွဲခြင်း၊ တာဝန်ထမ်းဆောင် ရာတွင် ရိုင်းပျစွာ ပြောဆိုပြုမူဆက်ဆံခြင်း၊ အလုပ် ခွင်တွင် ခိုက်ရန်ဖြစ်ပွားခြင်း သို့မဟုတ် တစ်စုံ တစ်ဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း သို့မဟုတ် ရန်းရင်းဆန်ခတ်ဖြစ်စေခြင်း၊ လုပ်ငန်း သုံးပစ္စည်းကိရိယာများကို တမင်သက်သက် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးစေခြင်း၊

အလုပ်ခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ စည်းကမ်းများကို တမင်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ ဖောက်ဖျက်ခြင်း၊ သိက္ခာ ကင်းမဲ့စွာ ပြုမူနေထိုင်ခြင်း၊ ဝန်ထမ်းနှင့်မလျော် ညီအောင် ဝတ်စားဆင်ယင်ခြင်း၊ လာဘ်ပေး လာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း၊ တာဝန်အရ ဆောင်ရွက်ရန်ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ် ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ အခြားဝန်ထမ်း တစ်ဦး အား အမှုကိစ္စတစ်ရပ်ကို ပြုလုပ်ပေးစေရန် သို့မဟုတ် တာဝန်အရ ပြုလုပ်ရမည့်အလုပ်ကို မပြု လုပ်စေရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစား ခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊ မိမိကဖြစ်စေ၊ အခြားဝန်ထမ်း

*စာမျက်နှာ ၁၈ သို့*

# ကျွန်မချစ်တဲ့ ရုပ်ရှင်အနုပညာသည်

မိုးမိုးမြင့်

ရန်ကုန်မြို့ထဲ သွားမိလေတိုင်း မြင်တွေ့နေရတဲ့ ရုပ်ရှင်ရုံကြီးတွေက ကျွန်မစိတ်ကို ညစ်နွမ်းစေလှပါတယ်။ ငယ်စဉ်ဘဝကတည်းက အဲဒီရုပ်ရှင်ရုံကြီးတွေမှာ ကျွန်မချစ်ခင်နှစ်သက်ခဲ့ရတဲ့ ရုပ်ရှင်အနုပညာသည်တွေနဲ့ ရုပ်ရှင်ဇာတ်ကားကြီးတွေကို စွဲစွဲလမ်းလမ်းကြည့်ရှုခဲ့ရတယ်။ အခုအချိန်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်ဇာတ်ကားတွေမကြည့်ရ၊ ရုပ်ရှင်အနုပညာသည်တွေကို မတွေ့မမြင်ရနဲ့ ရုပ်ရှင်ရုံကြီးတွေ ပိတ်ထားခဲ့ကြတာ အချိန်အားဖြင့် တစ်နှစ်ပင်ကျော်ခဲ့ပါပြီ။ ယခင်အချိန်တွေကို ပြန်တွေးသတိရ လွမ်းရမယ်ဆိုရင်တော့ လွမ်းလောက်တာပေါ့။

### ကျွန်မချစ်ရတဲ့ ရုပ်ရှင်အနုပညာသည်

ကျွန်မတို့ ဖြတ်သန်းခဲ့ရတဲ့ ခေတ်တွေက မြန်မာ့ရုပ်ရှင်ရွှေရတု၊ စိန်ရတုခေတ်။ ရုပ်ရှင်ရုံတွေမှာ တန်းစီတိုးဝှေ့ပြီး ကြည့်ခဲ့ရသလို ကွင်းပြင်ကြီးတွေထဲ ပိတ်ကားကြီးတွေထောင်ပြီး တခုပ်တရ ကြည့်ရှုကြရတဲ့ခေတ်။ ပြတဲ့သူတွေက ဖလင်ကားထုပ်ကြီးတွေနဲ့ ပြသရသလို ကြည့်ရတဲ့သူတွေကလည်း "တုန်ခြင်း၊ မှုန်ခြင်း၊ သည်းခံပါ" ဆိုတဲ့ ပိတ်ကားကြီးတွေပေါ်က စာတန်းကြီးကိုဖတ်ပြီး နားလည်ခွင့်လွှတ်ကြည့်ရှုရတဲ့ခေတ်။

ပြန်တွေးကြည့်တိုင်း မျက်စိထဲ မြင်ယောင်နေတာက–

ချေးအထပ်ထပ်၊ မိုးစက်အကွက်ကွက်ဖြစ်နေတဲ့ ရုပ်ရှင်ရုံပိတ်ကားကြီးတွေ၊

ယိုင်နဲ့နဲ့၊ ပျော့တွဲတွဲဖြစ်နေတဲ့ ထိုင်ခုံတွေ၊

အရုပ်၊ အသံ၊ မပီပြင်တဲ့ကြားက အနုပညာရှင်တွေရဲ့ ကြိုးစားအားထုတ်မှုတွေဟာ ကျွန်မတို့ခေတ်ရဲ့ ကြေးမုံပြင်တွေပဲ ဖြစ်ပါတယ်။

အဲဒီခေတ်ကာလတွေကို ရုပ်ရှင်အနုပညာရှင်တွေ ဘယ်လိုကြိုးစား အားထုတ်ခဲ့ရတယ်ဆိုတာကို ပြန်ကြည့်ရင် ရုပ်ရှင်စက်ပစ္စည်းကင်မရာမှာ ဖလင်ကို စက်ပေါ်တင်ပြီး လက်နဲ့လှည့်ရတဲ့အတွက် အညီအညွတ် မရှိနိုင်တော့ဘဲ ပြတဲ့အခါ တုန်ခြင်း၊ မှုန်ခြင်းတို့ ကြုံခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ရုပ်ရှင်ဖလင်၊ အဖြူအမည်း၊ အသံတိတ်ခေတ်မှ တေးသံစုံခေတ်ကို ရောက်ရှိပြီး အသံထွက်ခေတ်အဖြစ် အဆင့်ဆင့် ကြိုးစားခဲ့ရတယ်လို့ ရုပ်ရှင်အနုပညာရှင်ကြီးတွေ ပြောခဲ့၊ ရေးခဲ့တဲ့ မှတ်တမ်းတွေမှာ ဖတ်ရပါတယ်။

မြန်မာ့ရုပ်ရှင်ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲဖို့ရာ ကုမ္ပဏီတွေ၊ ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေးဆရာတွေ၊ စက်မှုပညာရှင်တွေ၊ သရုပ်ဆောင်တွေအားလုံးက အားထုတ်ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ခေတ်ရဲ့ ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်အနုပညာသည်တွေကို ပြန်တွေးမိတိုင်း လွမ်းဆွေးတသဖြစ်မိပါတယ်။ ကျွန်မစိတ်ထဲ စွဲလမ်းနှစ်သက်ခဲ့ရတဲ့ ရုပ်ရှင်အနုပညာသည် များစွာထဲမှာ မင်းသားကြီး ကျော်ဆွေ၊ ဝင်းဦး၊ ညွန့်ဝင်း၊ တွံတေးသိန်းတန်၊ ကောလိပ်ဂျင်နေဝင်းနဲ့ မင်းသမီးကြီး ခင်ယုမေ၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနု၊ မြင့်မြင့်ခိုင်၊ ဒေစီကျော်ဝင်း၊ စန္ဒာ၊ နွဲ့နွဲ့မူ၊ တင်တင်နွဲ့၊ မြင့်မြင့်ခင်တို့ကိုတော့ ဒီနေ့ထက်တိုင် ချစ်ခင်နှစ်သက် သတိရနေဆဲ ဖြစ်ပါတယ်။

တကယ်တော့ ရုပ်ရှင်ကြည့်တဲ့သူတိုင်းဟာ ငိုခြင်း၊ ရယ်ခြင်း၊ တုန်လှုပ်ခြင်း၊ အံ့သြခြင်း၊ ရွှင်လန်းခြင်း၊ ကျေနပ်ခြင်း၊ ပီတိဖြစ်ရခြင်း၊ ရွံမုန်းရခြင်း ဆိုတဲ့ ရသစုံကို ခံစားကြရပါတယ်။

များသောအားဖြင့် ရုပ်ရှင်ကြည့်တဲ့သူတိုင်းဟာ ကိုယ်ကြိုက်နှစ်သက်တဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီး အနုပညာသည်အပေါ်လိုက်ပြီး ကြည့်တတ်ကြပါတယ်။ ရုပ်ရှင်ကြည့်တဲ့သူတွေရဲ့ နှစ်သက်စွဲလန်းခြင်းဟာ သရုပ်ဆောင်သူရဲ့ သရုပ်ဆောင်မှုအပေါ်မှာ အများကြီးမူတည်ပါတယ်။




ကျွန်မ ချစ်ခင်နှစ်သက်ရတဲ့ အနုပညာသည်တွေအကြောင်း ပြောရမယ်ဆိုရင် မင်းသားကြီး ကျော်ဆွေဟာ မျိုးချစ်စိတ်ပြည့်ဝတဲ့ သရုပ်ဆောင်မင်းသားကြီးတစ်ဦးဖြစ်ပြီး လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တွေကို တော်လှန်တိုက်ခိုက်တဲ့ ဘီဒီအေတပ်ရင်းမှာ ဝင်ရောက်အမှုထမ်းခဲ့သူ တစ်ဦးဖြစ်ပါတယ်။ မင်းသားကြီး ကျော်ဆွေရဲ့ ရုပ်ရှင်ဘဝ၊ ရုပ်ရှင်ပညာ၊ ရုပ်ရှင်အရည်အသွေးကို ပြည်သူတစ်ရပ်လုံးက လက်ခံခဲ့ကြပြီး လေးစားခင်တွယ် မြတ်နိုးခဲ့ကြပါတယ်။

မင်းသားကြီးဝင်းဦးအကြောင်းကတော့ လူတိုင်းနီးပါးသိပြီးဖြစ်လို့ အထူးပြောစရာလိုမယ် မထင်ပါဘူး။ ရုပ်ရှင်နယ်ပယ်တစ်ခုတည်းသာမက စာပေ၊ ဂီတနယ်ပယ်အထိပါ ပြောင်မြောက်တဲ့ ပါရမီရှင်တစ်ဦးလို့ ပြောရပါမယ်။ တပ်မတော်အရာရှိဘဝမှ ရုပ်ရှင်နယ်ပယ်ထဲကို ကူးပြောင်းလာသူတစ်ဦးဖြစ်ပြီး မြန်မာ့အနုပညာလောကရဲ့ အသရေကို ပိုမိုထိန်ဝေ တောက်ပြောင်စေဖို့ ကြိုးပမ်းအားထုတ်ခဲ့သူ တစ်ဦးပဲဖြစ်ပါတယ်။

မင်းသားကြီး ညွန့်ဝင်းကတော့ တကယ်သစ်စ အနုပညာသည်တိုင်း အားကျလောက်အောင် တစ်ဟုန်ထိုး နာမည်ကျော်ကြားလာခဲ့တဲ့ အနုပညာဗီဇကြီးမားသူတစ်ဦး ဖြစ်ပါတယ်။ အနုပညာအသိုက်အဝန်းအတွင်း ပေါက်ဖွားလာခဲ့ပေမယ့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာ သွားရောက်ပညာဆည်းပူးခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ အနုပညာသည်ဘဝကို အရိုးသားဆုံးကြိုးစားအားထုတ်ခဲ့တဲ့ အနုပညာရှင်ကြီးတစ်ဦးအဖြစ် ကျွန်မတို့ပြည်သူတွေ လေးစားတန်ဖိုးထားခဲ့ရပါတယ်။

မင်းသားကြီးတွံတေးသိန်းတန်အကြောင်း ပြောမယ်ဆိုရင်တော့ ရုပ်ရှင်နယ်ပယ်သာမက ဂီတနယ်ပယ်မှာပါ လွန်စွာထူးချွန်တဲ့ ပါရမီရှင်တစ်ဦးပဲဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင် ယနေ့တိုင် ကျေးလက်ရော မြို့ပြမှာပါ စွဲစွဲလမ်းလမ်း နှစ်နှစ်သက်သက်ဖြစ်ရသည့်အကြောင်းမှာ ရုပ်ရှင်မင်းသားဖြစ်ခြင်းထက် အဆိုတော်ဂီတဖန်တီးရှင်တစ်ဦးဖြစ်ခြင်းကြောင့် ဖြစ်ပါတယ်။

မင်းသားကြီး ကောလိပ်ဂျင်နေဝင်းကတော့ နာမည်ကျော်တိုင်းပြည်ကိုယ်စားပြု ဘောလုံးသမားတစ်ယောက်မှ ရုပ်ရှင်မင်းသားဘဝကို ကူးပြောင်းခဲ့တဲ့ အနုပညာရှင်ကြီးဖြစ်ပါတယ်။ သူဟာ တပ်မတော်ရေတပ်မှာ တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ရုပ်ရှင်လောကမှာ သဘာဝမင်းသားအဖြစ်သာမက စွယ်စုံရမင်းသားကြီးတစ်ယောက်အဖြစ် ပြည်သူများမြတ်နိုးမှုကို ခံယူခဲ့ရသူတစ်ဦး ဖြစ်ပါတယ်။

ကျွန်မချစ်ခင်မြတ်နိုးရတဲ့ မင်းသမီးကြီး ခင်ယုမေဟာ "ပုလဲမျက်ရည်" ဇာတ်ကားနဲ့ ပရိသတ်ရင်ထဲရောက်ရှိခဲ့ပြီး ရုပ်ရှင်ကိုသာမက ပန်းချီနဲ့ ဖက်ရှင်ကိုပါ ဝါသနာပါသူ အနုပညာသည်ကြီးတစ်ဦး ဖြစ်ပါတယ်။

မင်းသမီးကြီး ဝါဝါဝင်းရွှေကတော့ အထူးပြောစရာမလိုဘဲ ရုပ်ရှင်နယ်ပယ်မှာ ဂုဏ်သတင်း ထိန်ဝင်းတဲ့ မင်းသမီးကြီးအဖြစ် လူတိုင်းက သိထားကြပါတယ်။

အဲဒီလိုပဲ မင်းသမီးကြီး ခင်သန်းနု၊ မြင့်မြင့်ခိုင်၊ ဒေစီကျော်ဝင်း၊ စန္ဒာ၊ နွဲ့နွဲ့မူ၊ တင်တင်နွဲ့တို့နဲ့ မြင့်မြင့်ခင်တို့ဟာ ကျွန်မတို့ခေတ်၊ ကျွန်မတို့ဘဝမှာ လေးစားမြတ်နိုးရတဲ့ အနုပညာသည်တွေပဲ ဖြစ်ပါတယ်။

သူတို့ရဲ့စိတ်ဓာတ်၊ သူတို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ သူတို့ရဲ့ အနုပညာစိတ်ထားတွေဟာ အင်မတန်ရိုးသားပြီး အရည်အသွေး တောက်ပြောင်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ကြလို့လည်း ယနေ့ထိတိုင် ကျွန်မတို့နား၊ မျက်စိထဲမှာ သူတို့ရဲ့ ပုံရိပ်၊ သူတို့ရဲ့ အသံ၊ သူတို့ရဲ့ အနုပညာတွေဟာ စွဲထင်ကျန်ရှိနေခဲ့ပါတယ်။ ကျွန်မကတော့ သူတို့ဟာ မြန်မာ့ရုပ်ရှင်ရဲ့ ဂုဏ်ဒြပ်၊ ဂုဏ်ပုဒ်ကို အနုပညာစိတ်သက်သက်နဲ့ အားသွန်ခွန်စိုက် မြှင့်တင်ခဲ့ကြသူတွေလို့ မှတ်ထင်ထားမိပါတယ်။

### အနုပညာဆိုတာ ရိုးသားရမယ်

အနုပညာဆိုတာ ခက်ဖြာစီးဆင်းနေတဲ့ မြစ်မကြီး တစ်ခုပမာလိုပါပဲ။ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတစတဲ့ စတဲ့ မြစ်လက်တက်တွေနဲ့ တန်ဆာဆင်ရပါတယ်–

- လောကကို ကောင်းကျိုးပြုရပါတယ်။
- လောကအကျိုး သယ်ပိုးကြရပါတယ်။
- လူ့အဖွဲ့အစည်းအားလုံးရဲ့ လူနေမှုဘဝတွေကို ထင်ဟပ်ပြရပါမယ်။
- မိမိလူမျိုးရဲ့ ယဉ်ကျေးမှုစရိုက် လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းကြရပါမယ်။

အနုပညာအလုပ်ဆိုတာ ကျယ်ပြန့်တဲ့သဘောရှိတဲ့အတွက် ပုံစံတကျ ဘောင်ခတ်သတ်မှတ်ဖို့ မဖြစ်နိုင်တဲ့အတွက် အနုပညာရေစီးကြောင်းမှာ ပါဝင်စီးမျောကြသူတိုင်းရဲ့ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံ တရားတွေနဲ့သာ ထိန်းကျောင်းပဲ့ပြင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် အနုပညာဟာ ကျွန်မတို့နေ့စဉ် ကျင်လည်နေရတဲ့ ဘဝရေစီးကြောင်းပေါ်လိုက်ပြီး ဖျော်ဖြေမှုအပိုင်း၊ အနုပညာခံစားမှုအပိုင်း၊ အသိပညာပေးမှုအပိုင်း၊ ဘဝရပ်တည်မှုအပိုင်းစတဲ့ ရှုထောင့်တိုင်းမှာ အစွမ်းထက်တဲ့ လက်နက်တစ်ရပ်လို့လည်း နားလည်ထားပါတယ်။

ကောင်းတဲ့စေတနာသက်ရောက်တဲ့ အနုပညာတာဝန်ထမ်းဆောင်မှုအပိုင်းရှိသလို အန္တရာယ်အဆိပ်အတောက်သက်ရောက်စေတဲ့ အနုပညာအမည်ခံဆိုးရွားတဲ့လုပ်ရပ်တွေလည်း ရှိနေတာကို ကျွန်မတို့အားလုံး သတိပြုကြရမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကျွန်မတို့ လေးစားချစ်ခင်ရတဲ့ ဘဘစည်သူဗိုလ်ကလေးတင့်အောင်က **"အနုပညာသည် စေတနာကို ဦးထိပ်ထား၍ မေတ္တာကိုပွားများရသော အလုပ်ဖြစ်သည်။ အကြောင်းတစ်ခုရေးမည်ဟု တွေးဆဲကာလကတည်းက ထိုအကြောင်းကို အသေးစိတ် ထပ် တလဲလဲ တွေး၍ စိတ်ပါလက်ပါ**

*စာမျက်နှာ ၁၈ သို့*

- **မြန်မာ့ရုပ်ရှင်ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲဖို့ရာ ကုမ္ပဏီတွေ၊ ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေးဆရာတွေ၊ စက်မှုပညာရှင်တွေ၊ သရုပ်ဆောင်တွေအားလုံးက အားထုတ်ကြိုးပမ်းခဲ့ကြတာဖြစ်။**
- **မင်းသားကြီး ကျော်ဆွေဟာ မျိုးချစ်စိတ်ပြည့်ဝတဲ့ သရုပ်ဆောင်မင်းသားကြီး တစ်ဦးဖြစ်ပြီး လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တွေကို တော်လှန်တိုက်ခိုက်တဲ့ ဘီဒီအေတပ်ရင်းမှာ ဝင်ရောက်အမှုထမ်းခဲ့သူ တစ်ဦးဖြစ်။**

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော် မေ ၈

**မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) ၏၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်း အတွင်းဝန်၊ MITS ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက MITS သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ဖွဲ့စည်းပေးထားသည့် သီးခြားလွတ်လပ်သော အဖွဲ့ အစည်းဖြစ်ပြီး ဝန်ကြီးဌာနကို တာဝန်ခံ၍ လယ်ယာထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာ၌ စံချိန်စံညွှန်းနှင့်ကိုက်ညီရန် စစ်ဆေး ဆောင်ရွက်ပေးသော Third party အဖွဲ့အစည်းဖြစ်ပါကြောင်း၊ MITS အနေဖြင့် နိုင်ငံတကာအသိ အမှတ်ပြု အရည်အသွေးစံချိန် စံညွှန်းများကို လိုက်နာလက်ခံ ကျင့်သုံးလျက်ရှိပြီး ISO 9001: 2008 လက်မှတ်ကို ၂၀၁၂ တွင် ရရှိထားပြီး ISO 9001:2015 ကို ၂၀၁၈ တွင် ရရှိထားပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ ISO 17020 နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ISO 17025 တို့ကိုရရှိရန် ဆက်လက်ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ ISO 17025 ရရှိရေးအတွက် ISO စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဓာတ်ခွဲခန်းသုံး ပစ္စည်းများဖြည့်တင်းရန် လိုအပ်သလို HR ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ပါကြောင်း၊ ကုန်သွယ်မှု ပြုလုပ်နိုင်မည့် ဆိပ်ကမ်းများ၊ နယ်စပ်ဂိတ်များတွင် ကုန်ပစ္စည်း စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ကုန်သည် လုပ်ငန်းရှင်များ၏ ယုံကြည်မှု၊ အားကိုးမှု ရရှိနိုင်စေရန် ဘက်မလိုက်မှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်သိမှု စသည့်အချက်များနှင့် ညီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ MITS ဥက္ကဋ္ဌ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က MITS ၏ နောက်ခံသမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အုပ်ချုပ်မှုဒါရိုက်တာက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ MITS ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကိုဖတ်ကြား တင်သွင်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း MITS သို့ လုပ်ငန်းအများဆုံး အပ်နှံခဲ့သည့် ကုမ္ပဏီများကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၇ မှ*

## ပုံရိပ်လှလှ မြန်မာ့ရုပ်ရှင်

အားရဝမ်းသာရေးရသည်။ ပြည်သူအပေါင်းတို့ နှစ်ထောင်းအားရဝမ်းသာစွာ ခံယူနိုင်ကြပါစေ ဟူသော ခံယူချက်ဖြင့် တင်ဆက်ရသည်။ ငွေကြေးအသပြာသည် အဓိကမဟုတ်။ အနုပညာတင်ဆက်ခွင့်သည်သာ အဓိကဖြစ်သည်ဟု ခံယူခဲ့လေရာ ကိုယ့်ဘဝကို ကိုယ်ကျေနပ်အားရလှသည်။" ဟု စာအုပ်တစ်အုပ်တွင် အမှာစာရေးပေးခဲ့ဖူးပါတယ်။

ကျွန်မကတော့ အောင်မြင်စစ်မှန်တဲ့ အနုပညာသည် တစ်ယောက်ဟာ စေတနာမှန်၊ ခံယူချက်မှန်တဲ့ လုပ်ရပ်များရှိဖို့လိုသလို ဝါသနာနဲ့ ဗီဇစွမ်းရည်လည်း လိုအပ်တယ်လို့ ထင်ပါတယ်။

ကျွန်မတို့ခေတ် တွေ့မြင်ခံစားခဲ့ရတဲ့ အနုပညာသည်များရဲ့ အောင်မြင်မှုတွေကို လေ့လာကြည့်ရင် ရည်ရွယ်ချက်မှန်၊ စေတနာမှန်ခဲ့ကြရုံသာမက ရိုးသားမှု၊ ရင့်ကျက်မှု၊ ဗီဇဝါသနာထုံမှုတွေကြောင့် ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ အနုပညာသည်ဆိုတာ ဘယ်လိုနိုင်ငံရေးအရောင်အသွေး ဘယ်လိုပယောဂမှ ကပ်ငြိမှုမရှိဘဲ ရိုးရိုးသားသား တင်ဆက်ရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

ပိတ်ထားတဲ့ ရုပ်ရှင်ရုံကြီးတွေ မြင်တွေ့ပြီး ဖြစ်ပေါ်လာတဲ့ စိတ်အာရုံတွေက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြန်မာ့ရုပ်ရှင်လောကရဲ့ ရှုမျှော်ခင်းတွေဆီ ရောက်ခဲ့ပါတယ်။

ပစ္စုပ္ပန်တည့်တည့်ကို စိတ်အာရုံတွေ ပြန်ခေါ်ကြည့်မိပြန်တော့ ဝမ်းနည်းစိတ်မကောင်းမှု များစွာခံစားရမိပြန်ပါတယ်။

ကျွန်မချစ်ခင်မြတ်နိုးရတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ရုပ်ရှင်ဒါရိုက်တာကြီးတွေက ရန်ကုန်မြို့လယ်ခေါင်ကြီး ထွက်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်ဆန္ဒပြကြတာတွေ၊ ဆန္ဒမပြတဲ့ အနုပညာရှင်တွေကို Social Bullying ဆိုတဲ့ အနိုင်ကျင့်ခြိမ်းခြောက်ပြီး ပြည်သူနဲ့ ရန်တိုက်ပေးတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးမတက်ကြဖို့ လှုံ့ဆော်ကြတာတွေ၊ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားပျက်ပြားအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်ကြတာတွေကို တွေ့မြင်ကြားသိရတော့ ကျွန်မ စိတ်ထဲ ပြောစရာ စကားမဲ့ခဲ့ရပါတယ်။

ခေတ်အဆက်ဆက် ကျွန်မချစ်ခင်လေးစားမြတ်နိုးခဲ့ရတဲ့ ရုပ်ရှင်အနုပညာသည်ကြီးတွေရဲ့ စိတ်နေစိတ်ထား၊ ခံယူချက်ယုံကြည်ချက်ဟာ အနုပညာ ဖန်တီးမှုတွေအပေါ်သာ တိမ်းညွတ်ခဲ့ကြပေမယ့် ယနေ့ ကျွန်မမြင်တွေ့နေရတဲ့ အနုပညာသည်တွေကတော့ ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးအပေါ်တွင်သာ တိမ်းညွတ်သက်ဝင်နေကြပြီး ကွန်မြူနစ်သဘောတရားသက်ဝင်နေတဲ့ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေနဲ့ ဝန်ထမ်းတွေ ပြည်သူတွေကို လမ်းပေါ်ဆွဲတင်ခဲ့ကြပါတယ်။ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလို ထင်တိုင်းကြဲကြတာကို ဘယ်အဖွဲ့အစည်းက ထိန်းသိမ်းကြပ်မတ်ပေးကြလိမ့်မလဲလို့ မျှော်ကြည့်မိပြန်တော့ ထိန်းသိမ်းကြပ်မတ်ရမယ့် အဖွဲ့အစည်းကြီးရဲ့ အကြီးအမှူးအချို့က ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုရဲ့အကျိုးကို ဦးစားပေးပြီး နိုင်ငံရေးအရောင်အသွေးတွေနဲ့ လူလုံးထွက်ပြနေတဲ့အတွက် အထိန်းအကွပ်မဲ့တဲ့အခြေအနေကို ရောက်ခဲ့ရပါတယ်။ နောင်တစ်ချိန်မှာ ဘယ်သူတွေဘယ်လို ပြောစမှတ်ပြုကြမယ် မသိပေမယ့် အနုပညာနဲ့ နိုင်ငံရေးကို ရောစပ်ယှက်နွယ် ဆောင်ရွက်ခဲ့ကြသူတွေအတွက် မိမိကိုယ်ကိုယ် လိပ်ပြာသန့်စွာ ရပ်တည်နေနိုင်ပါစေလို့ ရင်ထဲက ဆုတောင်းပေးမိပါတယ်။

ဘယ်လိုဖြစ်ဖြစ် ပိတ်ထားတဲ့ရုပ်ရှင်ရုံကြီးတွေကို ကြည့်မိတဲ့တစ်ခဏ ကျွန်မစိတ်အာရုံထဲ ခေတ်အဆက်ဆက်က ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်အနုပညာသည်တွေ ပြေးမြင်မိသလို မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားမှာ ထုတ်လွှင့်ပေးခဲ့တဲ့ ဂုဏ်ပြုတေးသီချင်းထဲက တေးသွားအချို့ကို ပြန်လည်ကြားယောင်မိပါတယ်။ ဒီနေ့အချိန်မှာ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားပါက ကျွန်မတို့ ရုပ်ရှင်လောကသားအချင်းချင်း တစ်ဦးကိုတစ်ဦး ဖေးကူထူမရင်း မြန်မာ့ရုပ်ရှင်လောကရဲ့ ပုံရိပ်ကို ပြန်လည်တည့်မတ်တည်ဆောက်ရမည်သာ ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်မိပါတယ်-

**"ရာပြည့်နှစ်လွန် အကျိုးဆက်ရှာဖွေ**
**မြန်မာ့ရုပ်ရှင် တိုးတက်ပါစေ။"**

---

*စာမျက်နှာ ၁၆ မှ*

တစ်ဦးကဖြစ်စေ အမှုကိစ္စတစ်ခုကို မတရားသော နည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊

အထက်ပါတရားနည်းလမ်းနှင့် ဆန့်ကျင်သော အကျိုးခံစားခွင့်များကို အမှုကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်သူထံမှသာမက ထိုကိစ္စနှင့်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်နှင့်ဖြစ်စေ ပတ်သက်နေသူများထံမှ အကျိုးခံစားခွင့်တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ လုပ်ငန်းနှင့်ပတ်သက်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုအလွဲသုံးစားပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ရန်အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီ ပေးသည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန်လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း" ဟု လည်းကောင်း၊ နည်းဥပဒေ ၁၆၄ တွင် တရားဥပဒေ ဖောက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာ အရေးယူနိုင်သည့် အခြေအနေ (၃) ရပ်ကို "ဥပဒေကြောင်းအရ ဖမ်းဆီးခံနေရခြင်း၊ ကိုယ်ကျင့် တရားပျက်ပြားသည့် ပြစ်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ကြီးလေးသော ပြစ်ဒဏ် ထိုက်သင့်သည့်ပြစ်မှုနှင့် ပတ်သက်၍ဖြစ်စေ တရားစွဲဆိုခံရခြင်း၊ ဥပဒေကြောင်းအရ တရားရုံး၏ပြစ်ဒဏ်စီရင်ခံရခြင်း" ဟု လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိသဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ဆောင်ရွက်မှုများကို ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများနှင့် ငြိစွန်းမှု မရှိစေရေး အထူးသတိပြုဆောင်ရွက်သွားရန် လိုအပ်ပါသည်။

### ဥပဒေများပါ ပြဋ္ဌာန်းချက်များဖြင့် အရေးယူ

အထက်ပါဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်သည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များဖြင့် အရေးယူရမည်ဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ရာတွင်လည်း ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှု ထိရောက်စေရေး အဓိကထား သတိပြုဆောင်ရွက်ကြရပေသည်။

ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဝန်ထမ်းအနေဖြင့်လည်း အယူခံခွင့်ရှိကြောင်းနှင့် အယူခံတင်သွင်းရမည့်လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၅၅၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၈ မှ နည်းဥပဒေ ၂၂၈ အထိတို့တွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အတွက် အရေးယူခံရသည့် ဝန်ထမ်းများမှ အယူခံမှုကို တင်သွင်းလျှောက်ထားနိုင်သည့် အခွင့်အရေးလည်းရှိပါသည်။

မည်သို့ဆိုစေ..... နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြစ်မှုလည်း မဖြစ်ပေါ်စေလိုပါ။ ပြစ်ဒဏ်လည်း မကျရောက်စေလိုပါ။ ထိုထက်ပို၍ ရာဇဝတ်သားလည်း မဖြစ်စေလိုပါ။

သို့ဖြစ်ပါ၍ သက်ဆိုင်သူ နိုင်ငံသားများသည် အများပြည်သူ ထိခိုက်ပျက်စီးစေသည့် ဆန့်ကျင်ဘက် လုပ်ရပ်များကို မပြုလုပ်ကြဘဲ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ရှေးရှုလျက် နေထိုင်သွားကြရန်နှင့် သက်ဆိုင်သူ နိုင်ငံ့ဝန်ထမ်းများသည်လည်း ကျင့်ဝတ်စည်းကမ်းများကို လိုက်နာပြီး နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် အထူးလိုအပ်လှပါသောကြောင့် နိုင်ငံသားတာဝန်၊ နိုင်ငံ့ဝန်ထမ်းတာဝန်တို့ကို အေးချမ်းပျော်ရွှင်စွာ၊ ကျေပွန်စွာ ထမ်းဆောင်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုက်ရပေသည်။ ။

# ရခိုင်ပြည်နယ် မောင်တောမြို့နယ် (မြို)၊ သက် တိုင်းရင်းသား ၉၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မောင်တော မေ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစုံ ဝေးလံခေါင်ဖျားသော တပ်ချောင်းကျေးရွာအုပ်စု ဒုံးညို ၊ ရွှေတိုင်၊ တပ်ချောင်းကျေးရွာများမှ(မြို)၊ သက် တိုင်းရင်းသားများအား မေ ၆ ရက်မှ စတင်ကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို အဆိုပါရုံး၌ ပြုလုပ်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ရှိန် ဦးဆောင်၍ ဝန်ထမ်းများက တပ်ချောင်းကျေးရွာအုပ်စု ဒုံးညို၊ ရွှေတိုင်၊ တပ်ချောင်းကျေးရွာများမှ(မြို)၊ သက် တိုင်းရင်းသား အသက် ၁၀ နှစ်ပြည့် အမျိုးသား ကိုး ဦး၊ အမျိုးသမီး ၁၂ ဦး၊ အသက် ၁၈ နှစ်ပြည့် အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၅ ဦး ၊ အသက် ၁၀ နှစ်ပြည့်မှ အသက် ၁၈ နှစ်ပြည့် လဲလှယ်ခြင်း အမျိုးသား နှစ်ဦး နှင့် ပျောက်ဆုံးခြင်း အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၉၄ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မေ ၅ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထိန်လင်းနှင့် တာဝန်ရှိသူများက(မြို)၊ သက်တိုင်းရင်းသားများထံသို့ ပေးအပ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါ သည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၅- ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၄၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀ | ကျပ် | ၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၁၀ | ကျပ် | ၁၀၇၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၉၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ .၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၁၀၀ | ၁၆၂၆ | ၁၄၇၃၀၆၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၆၃၅ | ၂၁၉၀၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂၄ | ၁၉၄၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၂၉ | ၂၅၁၅၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၁ | ၂၉၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၅ | ၁၆၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၈

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်နှင်းအိဖြူ | ဒုတိယဦးစီးမှူး(ဖွံ့ဖြိုး)၊ မြို့နယ်ပညာရေးမှူးရုံး၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ခင်ဆွေဝင်း | လက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်နွေးနွေးအိ | အငယ်တန်းစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးညီညီမင်း | ငွေစာရင်းကိုင်-၃၊ မြို့နယ်ပညာရေးမှူးရုံး၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်အေးသီအောင် | ကျောင်းအုပ်၊ အမက(၃)၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်သိင်္ဂီမျိုးနွယ် | အထက်တန်းပြ၊ အထက(၇)၊ မင်္ဂလာဒုံမြို့နယ် | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ယဉ်ယဉ်နွယ် | အလယ်တန်းပြ၊ မူလွန်(၁)၊ ကျိုက်မရောမြို့ | ကျိုက်မရောမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်နှင်းပွင့်အေး | အလယ်တန်းပြ၊ အထက(ထီးသိမ်ရွှေး)၊ တောင်ကြီးမြို့နယ် | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၉ | ဒေါ်နန္ဒာမျိုး | အလယ်တန်းပြ၊ အလက-ခွဲ(ပေါင်းကျေးရွာ)၊ ပုလောမြို့နယ် | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးစိုးမိုးဝေ | မူလတန်းပြ၊ အထက၊ ဘုတ်ပြင်းမြို့ | ဘုတ်ပြင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |



ဦးညီညီမင်း(ငွေစာရင်းကိုင်-၃၊ မြို့နယ်ပညာရေးမှူးရုံး၊ ပုလောမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဒေါ်အေးသီအောင်(ကျောင်းအုပ်၊ အမက(၃)၊ ပုလောမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးစိုးမိုးဝေ(မူလတန်းပြ၊ အထက၊ ဘုတ်ပြင်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးစက်မှုဇုန် ၂၉ ဇုန်မှ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် မေ ၆ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး မင်္ဂလာခန်းမ၌ တိုင်းဒေသကြီး စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။ **(အပေါ်ယာပုံ)**



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ်တွင် စက်မှုဇုန် ဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ မူလတည်ရှိပြီး စက်မှုဇုန်များအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျရှိစေရေး ဆောင်ရွက်နိုင်ရန်နှင့် အခက်အခဲများရှိပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနိုင်ရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက စက်မှုဇုန်အတွင်း ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ လျော့နည်းသွားသည့် စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များကို အစားထိုးဖြည့်စွက်ဖွဲ့စည်းမည့် အခြေအနေများ၊ လမ်းကောင်းမွန်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများ၊ ကျူးကျော်နေထိုင်သူ စီမံရေးကိစ္စများ၊ လျှပ်စစ်ဓာတ်အား အချိန်ပြည့်ရရှိရေးကိစ္စ၊ လုံခြုံရေးဆောင်ရွက်မှု အခြေအနေများနှင့် သက်ဆိုင်ရာဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် စက်မှုဇုန်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ဥပဒေနှင့်အညီ စနစ်တကျ ဖြစ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ဖွင့်လှစ်နေသည့် အားကစားသင်တန်းများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သွားရောက်အားပေး

**လှိုင်ကော် မေ ၈**

ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်)တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ၂၀၂၁ ခုနှစ် နွေရာသီ အခြေခံအားကစား သင်တန်းများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက မေ ၇ ရက်က သွားရောက်ကြည့်ရှု အားပေးသည်။

ဖွင့်လှစ်လျက်ရှိသည့် ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘောနှင့် ဘောလုံး စသည့် အားကစားနည်းသင်တန်းများကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး အားကစားသမားများအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းအုပ်ချုပ်မှုရုံးခန်း၌ ကျောင်း အုပ်ကြီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ပြီး ကျောင်း အကျိုးတော်ဆောင် ရန်ပုံငွေသို့ ကျပ်သိန်း ၅၀ ကို ထည့်ဝင်လှူဒါန်းခဲ့ကာ ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြ၁က လက်ခံရယူခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းကို မေ ၁ ရက်က စတင်ဖွင့်လှစ်ပြီး မေ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ အားကစားနည်းပေါင်း ၁၁ မျိုးကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ် ဗန်းမော်မြို့ အောင်သာ ရပ်ကွက်နှင့် ရိုးကြီးရပ်ကွက်ကြားရှိ ဝါးရုံတောအတွင်းမှ ဆာလာအိတ်ဖြင့် အုပ်ထားသော ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး၊ ဆိုင်ကယ်ဘက်ထရီအိုး တစ်လုံး၊ ဖြူး(စ်) တစ်ခုနှင့် ဂေါ်ပြား တစ်ချောင်းတို့ကို လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ အရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အင်းစိန်ဆေးရုံကြီး၏ အနောက်ဘက်ခြံစည်းရိုးအနီးရှိ ဖော့ပုံးအတွင်းမှ M–31 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၅၀ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း**(အောက်ပုံ)**၊ ည ၇ နာရီ ၁၅ မိနစ်တွင် ခရမ်းမြို့နယ် အမှတ် (၂)ရပ်ကွက်နေ ဝေဖြိုးအောင်(၃၈နှစ်)၏ နေအိမ်၌ ဝေဖြိုးအောင်ကို တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်ဂက်စ် သေနတ်တစ်လက်နှင့် သံဘောစေ့ ရှစ်လုံးအားတို့ကို လည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့ နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ ဦးကျော်မင်း (၄၁နှစ်) (ဘ) ဦးအောင်တိုး ပိုင်ဆိုင်သော ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ ခြံဝင်းအတွင်းရှိ အလုပ်သမားတန်းလျား၌ ပြုံးခိုင် (၄၅နှစ်)(ဘ) ဦးတင်ရေးပါ အမျိုးသားနှစ်ဦးကို လက်လုပ်ဂက်စ် သေနတ် သုံးလက်၊ သေနတ်ကိုယ်ထည် တစ်ခု၊ သံပိုက် နှစ်ခုနှင့် ဂက်စ်ဘူး ခုနစ်ဘူးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# ရှမ်းပြည်နယ် မူဆယ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၁၃၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်နှင့် တာချီလိတ် မြို့နယ်တို့တွင် ငွေကျပ်သိန်း ၁၃၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် နံနက် ၁၁ နာရီတွင် မူဆယ်မြို့နယ် တိန်းလုံကျေးရွာအနီး မူဆယ်–နမ့်ခမ်း သွားကားလမ်းတွင် လိကွယ်ရှန်(၂၄နှစ်)မောင်းနှင်ပြီး ရန်တင်ဆူ (၂၅ နှစ်) လိုက်ပါလာသည့် Crown အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို ကွတ်ခိုင်မြို့နယ်မှ နမ့်ခမ်းမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း။



အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် ည ၈ နာရီခွဲခန့်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ပုံလို့လမ်းတွင် စိုင်းသန်းဌေး(ခ)အိုက်ဌေး (၃၉ နှစ်) မောင်းနှင်ပြီး အိုက်ရှိန် (၆၁နှစ်) လိုက်ပါလာသည့် ALPHARD အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၁၀ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် နတ်စင်လမ်းနေ နန်းဝိုးစံ(ခ)မြမြစံ(၆၅နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၊ ဆေးခြောက် ၁ ဒသမ ၂ ကီလို၊ ထိန်းချုပ်ဓာတုဆေးရည် ၃၇ ဒသမ ၅ လီတာနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

# KIA အဖွဲ့၏ ကချင်ပြည်နယ် မြစ်ကြီးနား-ဗန်းမော် ဆက်သွယ်ရေးလမ်းကြောင်းအား ဖြတ်တောက်နိုင်ရေး ကြိုးပမ်းမှုကို တပ်မတော်က တားဆီးထိန်းချုပ်နိုင်ခဲ့

**နေပြည်တော် မေ ၈**



တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နိုင်ငံအဝန်းတွင် ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလား တောင့်တလျက်ရှိသော ထာဝရငြိမ်းချမ်းရေး ရရှိရန် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA လမ်းကြောင်းအား ဆက်လက်လျှောက်လှမ်းနိုင် ရန် လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးကို ခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ လက်မှတ်မရေးထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့များကို လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက် ဆွေးနွေးနိုင်ရေးတို့ကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မတ် ၂၄ ရက်တွင် KIA အဖွဲ့ဦးဆောင်သည့် တပ်ပေါင်းစုများက ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွဲ့ဖုန်းယန်မြို့၏ အရှေ့တောင်ဘက် မီတာ ၁၀၀၀၀ ခန့်၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်မှ မီတာ ၃၀၀၀ ခန့် အကွာရှိ အာလောဘွမ် တပ်မတော်လုံခြုံရေးစခန်းကို လက်နက်ကြီးများအသုံးပြု၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ဧပြီ ၁၁ ရက်တွင်လည်း တပ်မတော်မှ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် နွယ်လန်းရွာ၏ အရှေ့မြောက်ဘက်မီတာ ၄၀၀၀ ခန့်အကွာရှိ ဇျုံပှာလမ်းဆုံစခန်းကုန်းနှင့် မြို့သစ်ရွာ၏ အရှေ့မြောက်ဘက်မီတာ ၃၀၀၀ ခန့်အကွာရှိ မိုက်ခရိုဝေ့စခန်းကုန်းအား သာလွန်အင်အားများစွာဖြင့် အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်မောင်းထုတ်ခဲ့ရသည်။ တစ်ချိန်တည်းတွင် မြို့သစ်ရွာ၏ တောင်ဘက်မီတာ ၂၀၀၀ ခန့်အကွာရှိ မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့ကို ဆက်သွယ်ထားသော လမ်းကြောင်းပေါ်ရှိ တာပိန်မြစ်ကူးကြိုးတံတားအား ဖောက်ခွဲဖျက်ဆီး၍ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ကြိုးပမ်းလာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲဖျက်ဆီးမှုများ မပြုလုပ်နိုင်ရေးတားဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အလားတူ KIA အဖွဲ့အနေဖြင့် ဧပြီ ၁၇ ရက်နေ့မှစ၍ မေ ၇ ရက်နေ့အထိ မြို့သစ်ရွာတစ်ဝိုက်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များကို ၁၀၇ မမ ရှော့တိုက်ဒုံးနှင့် လက်နက်ကြီးများ အသုံးပြု၍ နှောင့်ယှက်ပစ်ခတ်မှု ၂၉ ကြိမ်၊ တိုက်ခိုက်သိမ်းပိုက်ရန်ကြိုးပမ်းမှု ၆ ကြိမ် ပြုလုပ်လာခဲ့သဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။

ထို့နောက် KIA အဖွဲ့ဦးဆောင်သည့် တပ်ပေါင်းစုများသည် ဧပြီ ၂၃ ရက်တွင် မြို့သစ်မိုက်ခရိုဝေ့စခန်းကုန်းကို ယခင်ထက်သာလွန်သည့် အင်အားများစွာဖြင့် လက်နက်ကြီးများ အသုံးပြု၍ ထပ်မံလာရောက်တိုက်ခိုက်လာခဲ့သဖြင့် စခန်းကုန်းအား ယာယီစွန့်ခွာ၍ ပြန်လည်စုဖွဲ့ခဲ့ရသည်။

## ဆုတ်ခွာထွက်ပြေးသွား

KIA အဖွဲ့ဦးဆောင်သည့် တပ်ပေါင်းစုများ အနေဖြင့် မြစ်ကြီးနား-ဗန်းမော် ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ထိန်းချုပ်နိုင်ရေး ခြိမ်းခြောက်မှုအဖြစ် တပ်မတော်မှ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် အာလောဘွမ်၊ ဇျုံပှာလမ်းဆုံ၊ မြို့သစ်မိုက်ခရိုဝေ့စခန်း၊ တာပိန်မြစ်ကူးကြိုးတံတားနှင့် မြို့သစ်အနီးတစ်ဝိုက်ရှိ တပ်ရင်းဌာနချုပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် တပ်ပေါင်းစုအင်အားများစုဖွဲ့၍ ၈၂ မမ၊ ၅၇ မမ၊ ၆၀ မမ နှင့် ၁၀၇ မမ ရှော့တိုက်ဒုံးများအပါအဝင် လက်နက်ကြီးများ အများအပြားအသုံးပြုကာ တိုက်ခိုက်လာခဲ့သော်လည်း တပ်မတော်သားများ၏ ရဲဝံ့စွာပြန်လည်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ဇျုံပှာလမ်းဆုံ၊ တာပိန်မြစ်ကူးကြိုးတံတားနှင့် မြို့သစ်အနီးတစ်ဝိုက်ရှိ တပ်ရင်းဌာနချုပ်များကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ရသည်။

တပ်မတော်အနေဖြင့် မြို့သစ်မိုက်ခရိုဝေ့စခန်းကုန်းကို ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးအတွက် ကျားကုတ်ကျားခဲဖြင့် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ခဲ့ရာ အနီးကပ်လုံးထွေး တိုက်ခိုက်ရသည်အထိ ပြင်းထန်တိုက်ပွဲ ၂၄ ကြိမ် ဖြစ်ပွားခဲ့ပြီး မေ ၇ ရက် မွန်းလွဲပိုင်းတွင် မြို့သစ်မိုက်ခရိုဝေ့ စခန်းကုန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့ကာ သောင်းကျန်းသူများ အနေဖြင့် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ နှစ်နိုင်ငံ နယ်စပ်နယ်နိမိတ်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။


## သိမ်းဆည်းရရှိခဲ့

ဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရပြီး အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။ မြို့သစ်မိုက်ခရိုဝေ့စခန်းကုန်းကို ပြန်လည်သိမ်းပိုက်တိုက်ခိုက်ရာတွင် စခန်းကုန်း ပတ်ဝန်းကျင်တစ်ဝိုက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ဆဲ လက်ရှိအချိန်ထိ အခြားသတင်းများအပါအဝင် မြေပြင်စစ်ဆေးချက်များအရ KIA အဖွဲ့ဦးဆောင်သည့် တပ်ပေါင်းစုများဘက်မှ တပ်မဟာမှူးအဆင့်ရှိသူ နှစ်ဦးအပါအဝင် အကျအဆုံးများစွာ ရှိခဲ့ကြောင်း သိရှိရပြီး အလောင်းအချို့နှင့် လက်နက်မျိုးစုံ ၃၅ လက်အပါအဝင် ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကာ အလောင်းများအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရှိရသည်။ ဆက်လက်၍လည်း နယ်စပ်တစ်လျှောက် လုံခြုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ၂၀၁၈ ဒီဇင်ဘာလ ၂၁ ရက်မှ စတင်၍ နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထုတ်ပြန်ချက်များ ထုတ်ပြန်၍ ရပ်ဆိုင်းပေးထားလျက်ရှိပြီး ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရေး လမ်းဖွင့်ပေးထားပြီးဖြစ်သည်။ သို့သော်လည်း KIA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်းမရှိသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်း၊ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းနှင့် တံတားများကို မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၈**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်သန်းသန်းရီ (အထက်တန်းသူနာပြု) | မူဆယ် ပြည်သူ့ဆေးရုံ | မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၂ | ဒေါ်လှလှသင်း (အထက်တန်းသူနာပြု) | မူဆယ် ပြည်သူ့ဆေးရုံ | မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်အိအိမွန် (အထက်တန်းသူနာပြု) | မူဆယ် ပြည်သူ့ဆေးရုံ | မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၄ | ဒေါ်လပြည့်ဝန်း (အထက်တန်းသူနာပြု) | ဒလ ပြည်သူ့ဆေးရုံ | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်မော်မော်ခိုင် (အထက်တန်းသူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်အေးငြိမ်းသူ (သူနာပြု) | ကျောက်ဆည် ပြည်သူ့ဆေးရုံကြီး | စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်အင်ကြင်းဖူး (သူနာပြု) | မိုးကုတ် ပြည်သူ့ဆေးရုံကြီး | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်ဟန်နီထွန်း (သူနာပြု) | ယင်းတော် တိုက်နယ်ဆေးရုံ | ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်နှင်းဝတီနှင်း (သူနာပြု) | တက်သစ် တိုက်နယ်ဆေးရုံ | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်အေးအိပိုင် (သူနာပြု) | ဘောလယ် တိုက်နယ်ဆေးရုံ | ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်ရှိ နန့်ဒရက်ချောင်းကူးတံတားကို အကြမ်းဖက်သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က မိုင်းခွဲဖျက်ဆီး

**နေပြည်တော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စီမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာ၏တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ အရှည်ပေ ၂၈၀၊ အကျယ် ၂၈ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်အမျိုးအစား နန့်ဒရက်ချောင်းကူးတံတားကို ယနေ့နံနက် ၄ နာရီခွဲခန့်တွင် အကြမ်းဖက်သောင်းကျန်းသူ(စိစစ်ဆဲ) အဖွဲ့က ဒေသန္တရ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ ကြမ်းခင်းအလျား ၁၀ ပေ၊ အနံ ၅ ပေခန့် ပျက်စီးခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

အဆိုပါတံတားပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာသို့ အင်းတော်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် ပြည်သူပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၈**

ဆူပူအကြမ်းဖက်သူများအနေဖြင့် တိုင်းဒေသကြီးအချို့ရှိ မြို့နယ်အချို့၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ ပြည်သူပိုင် ပစ္စည်းများကို မီးရှို့ခြင်းနှင့် မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။



ထိုသို့ လုပ်ဆောင်ရာတွင် မေ ၇ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ချောင်းဦးမြောက်ရပ်ကွက် ရွာမရပ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်ဖြစ်သူ ရန်အောင်မြင်ရပ်ကွက်နေ ဦးစန်းငွေ(ခ) ဦးခင်မောင်စန်းငွေ (၅၈နှစ်)(ဘ) ဦးဖိုးမယ် ပိုင်ဆိုင်သည့် အုတ်စက်အတွင်း ရပ်တန့်ထားသည့် မြေကော်စက်တစ်စီးကို လည်းကောင်း၊ **(အပေါ်ပုံ)** မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံး၊ သုံးထပ်ဆောင်အောက် မြေညီထပ်တွင် ရပ်တန့်ထားသည့် ဆိုင်ကယ်များကို လည်းကောင်း၊ ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများနှင့် ပစ်ပေါက်ခဲ့ရာ မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပြီး မီးလောင်မှုများကြောင့် မော်တော်ဆိုင်ကယ်များနှင့် စက်ယန္တရားများ မီးလောင်ပျက်စီးခဲ့ပြီး အခင်းဖြစ်နေရာအနီး၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

အလားတူ ယနေ့ နံနက် ၆ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဆူရ်ခွားကျေးရွာရှိ လုံခြုံရေးအရ ယာယီရုပ်သိမ်းထားရှိသည့် နယ်မြေရဲစခန်းကို အကြမ်းဖက်သူအင်အား ၅၀ ခန့်က လက်နက်များကိုင်ဆောင်ရောက်ရှိလာပြီး ရဲစခန်းဆိုင်းဘုတ်ကို ရိုက်ချိုးဖျက်ဆီးကာ ရဲစခန်းဝင်းအတွင်းရှိ ပေ ၄၀ x ၁၈ ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ စခန်းရုံးအဆောက်အအုံတစ်လုံး၊ ၈ ပေx ၆ ပေရှိ သွပ်မိုး၊ ပျဉ်ခင်း နားနေဆောင် တစ်လုံး၊ ပေ ၂၀ x ပေ ၆၀ ရှိ သွပ်မိုး၊ သွပ်ကာ လူပျိုဆောင် တစ်လုံး၊ ပေ ၃၀ x ၁၈ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ် တစ်လုံး၊ ပေ ၆၀ x ၂၅ ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ လေးခန်းတွဲ နေအိမ်တစ်လုံး၊ ရှစ်ပေပတ်လည်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်တစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ၁၀ ပေပတ်လည်ရှိ လက်နက်တိုက်အဖြစ် အသုံးပြုသော အုတ်တိုက်တံခါးသော့ကို ရိုက်ချိုးဖျက်ဆီးခဲ့ရာ အဆိုပါရဲစခန်းမှ ရဲစခန်းရုံးအပါအဝင် အဆောက်အအုံ ခြောက်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရှို့ခဲ့သူအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီအရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သင်ယုံလွယ်သလား စာများများဖတ်ပါ

## စာချစ်သူ

**“လူတစ်ယောက်သည် ယနေ့အထိ စာဖတ်နေ၏။ ထိုသူသည် ယနေ့အထိ ခေတ်မီသောအသိရှိပေ၏။ ငယ်စဉ်က မိုးပျံနေအောင် စာသင်ခဲ့ပါစေ၊ ယနေ့ စာမဖတ်လျှင် ယနေ့ပင် အသိရပ်၊ အသိတုံးသွားပေ၏။ ”**

> ❍ ငယ်စဉ်က အလွန်အရုက်အကြောက် ကြီးမားသော သူငယ်လေးသည် လူမှုအဖွဲ့အစည်းများအကြား ဝင်ဆံ့နိုင်စေရန် မလွတ်တမ်းလေ့လာ ဖတ်ရှုခဲ့သည့် လူမှုဓလေ့စရိုက်နှင့် ဆက်စပ်သော စာအုပ်စာတမ်းများ၊ ကမ္ဘာကျော် ဗြိတိသျှ ပြတိုက် စာကြည့်တိုက်တွင် မွေနှောက်ဖတ်ရှုခဲ့သော စာပေများ၏ ကျေးဇူးကြောင့် နောင်အခါတွင် နိုဘယ်ဆုရှင် ကမ္ဘာကျော်စာရေးဆရာကြီး ဘားနပ်ရှောအဖြစ် ထင်ရှားလာခဲ့
>
> ❍ မြန်မာလူငယ်မောင်မယ်များ အနေဖြင့်လည်း လူကောင်းလူတော်၊ လူချွန်လူမွန်၊ လူရည်ချွန်များဖြစ်လာစေရန်၊ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ငယ်စဉ်ကတည်းက စာကောင်းပေမွန်များကို များများ ဖတ်ရှုလေ့လာကြရန် အကြံပြုတိုက်တွန်းလို

၁၉၉၁ ခုနှစ် နှစ်ဆန်းက မိုးဂျာနယ်ကို တည်ထောင်ထုတ်ဝေခဲ့သူ ဆရာကြီး သခင်အောင်ဖေ (အိုးဝေမောင်)၏ အဆိုအမိန့်က ဘဝကြီးပွားတိုးတက်ရေးကို လိုလားသူ၊ လူကောင်းလူတော် လူချွန်လူမွန်ဖြစ်လိုသူ လူငယ်လူရွယ်များအတွက် မှတ်သားလိုက်နာစရာ အဆိုအမိန့်တစ်ရပ်ဖြစ်၏။

ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်ခဲ့သူ ပုဂ္ဂိုလ်အများစုကို လေ့လာကြည့်လျှင် အားလုံးနီးနီး စာဖတ်ဝါသနာပါသူ စာဖတ်နာသူ စာကြမ်းပိုးချည်း ဖြစ်နေကြသည်ကို တွေ့မြင်ရပေလိမ့်မည်။

ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ဘားနပ်ရှော ဆိုပါလျှင် ကျောင်းပညာရပ်ကိုပင် ကောင်းစွာမသင်ကြားခဲ့ရသော်လည်း သူ၏စာဖတ်ဝါသနာကြောင့် အခြားပညာတတ် စာရေးဆရာများကို ကျော်လွှားကာ နိုဘယ်ဆုကြီးပင် ဆွတ်ခူးရရှိခဲ့လေသည်။

သူသည် ခုနစ်နှစ်သားအရွယ်ကတည်းက ရှိတ်စပီးယား၏စာပေများကို ဖတ်ရှုခဲ့ပြီးဖြစ်သည်။ ထို့အပြင် နာမည်ကျော်တစ်ထောင့်တစ်ညပုံပြင်များ၊ သမ္မာကျမ်းစာများ၊ ဒူးမား(စ်)၊ ရှယ်လီ စသော စာရေးဆရာကြီးများ၏ လက်ရာစာပေများကိုလည်း ၁၂ နှစ်သားအရွယ်ကပင် မြည်းစမ်းဖတ်ရှုရင်း အကျွမ်းတဝင်ရင်းနှီးခဲ့လေသည်။

မိသားစုစီးပွားရေး အဆင်မပြေမှုကြောင့် ဘားနပ်ရှောသည် ၁၅ နှစ်သားအရွယ်မှာပင် စာရေးလေးအလုပ်ကို ဝင်လုပ်ခဲ့ရသည်။ သို့ရာတွင် စာပေလေ့လာဖတ်ရှုခဲ့သူပီပီ **“ငါဟာ ရုံးစားပွဲမှာ ဒီပုံစံနဲ့ အချိန်ကုန်နေလို့မဖြစ်ဘူး”**ဟူ၍ သူ့အသက် ၂၀ ပြည့်မွေးနေ့မရောက်မီ သူ့ဘဝကို စစ်တမ်းထုတ်ကာ ပြောင်းလဲနိုင်ရန်ကြိုးပမ်းခဲ့၏။

စာရေးဆရာဘဝဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ရန် စာပေနယ်ထဲသို့ ဘဝကိုဝင်ရောက်ခဲ့လေ၏။ စာပေသက်သက်နှင့် မရပ်တည်နိုင်မီ ဘဝကို ကိုးနှစ်လုံးလုံး စမ်းတဝါးဝါးဖြင့် မဆုတ်မနစ်ကြိုးပမ်းခဲ့ရရှာ၏။ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တစ်နေ့ငါးမျက်နှာစာရေးဖြစ်အောင် ရေးသားခဲ့၏။

သို့ဖြင့် ငယ်စဉ်က အလွန်အရှက်အကြောက် ကြီးမားသောသူငယ်လေးသည် လူမှုအဖွဲ့အစည်းများအကြား ဝင်ဆံ့နိုင်စေရန် မလွတ်တမ်းလေ့လာ ဖတ်ရှုခဲ့သည့် လူမှုဓလေ့စရိုက်နှင့် ဆက်စပ်သော စာအုပ်စာတမ်းများ၊ ကမ္ဘာကျော်ဗြိတိသျှပြတိုက် စာကြည့်တိုက်တွင် မွှေနှောက်ဖတ်ရှုခဲ့သော စာပေများ၏ ကျေးဇူးကြောင့် နောင်အခါတွင် နိုဘယ်ဆုရှင် ကမ္ဘာကျော်စာရေးဆရာကြီး ဘားနပ်ရှော အဖြစ် ထင်ရှားလာခဲ့ပါ၏။

ဘားနပ်ရှောနည်းတူ ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦးဖြစ်သူ မတ်ခ်တွိမ်း (Mark Twain) သည်လည်း သစ်သားတုံးများဖြင့် ဆောက်လုပ်ထားသော ကျောင်းလေးတွင် ၁၂ နှစ်သားအထိသာ စာသင်ကြားခဲ့ရလေသည်။

### အထင်းသား တွေ့မြင်နိုင်

သူသည် ကျောင်းမှ မကြာခဏ လစ်ထွက်ပြီးနောက် မစ္စစ္စပီမြစ်ကမ်းပါးတွင် ထိုင်ကာ အချိန်အတော်ကြာကြာ စိတ်ကူးယဉ်တတ်သည်။ ဖောင်စီးပြီး မြစ်ထဲမျှောလိုက်သည်။ လိုဏ်ဂူများအတွင်း ဝင်ပြီးစပ်စုသည်။ ထိုအတွေ့အကြုံများသည် တစ်ချိန် တွင် သူ့အတွက် တန်ဖိုးမဖြတ်နိုင်သောအရာများ ဖြစ်ခဲ့လေသည်။ ယင်းအတွေ့အကြုံများသည် သူ၏ နာမည်ကျော် စာအုပ်နှစ်အုပ်ထဲတွင် အထင်းသား တွေ့မြင်နိုင်လေ၏။

သူ ကမ္ဘာကျော်စာရေးဆရာတစ်ဦးဖြစ်လာခဲ့မှုကလည်း ဆန်းကြယ်သည်။ တစ်နေ့ သူလမ်းလျှောက်လာစဉ် လေထဲလွင့်ပါလာသော စက္ကူစလေးက အစပြုသည်။ ထိုစက္ကူစလေးမှာ စာအုပ်တစ်အုပ်မှ ဆုတ်ဖြဲထားသော စာတစ်မျက်နှာစာ ဂျုံး၏ အတ္ထုပ္ပတ္တိ တစ်စိတ်တစ်ဒေသအကြောင်း ဖြစ်သည်။

### ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်

သူတစ်ခါမျှမကြားဖူးသည့် “ဂျုံး” အကြောင်းကို သူ့ဝါသနာအတိုင်းသိအောင် စပ်စုလေတော့သည်။ စပ်စုရင်း စပ်စုရင်း စာဝင်္ကပါထဲဝယ် တဝဲလည်လည် ဖြစ်ကာ မထင်မှတ်ဘဲ တွေ့ခဲ့ရသည့် စာရွက်စက္ကူစလေးက သူ့ကို စာရေးချင်စိတ်ပေါ်လာအောင် တွန်းအားပေးစေခဲ့သည်။ သို့နှင့် သူသည် တစ်ချိန်ဝယ် မတ်ခ်တွိမ်းဟူသော ကမ္ဘာကျော်စာရေးဆရာကြီး တစ်ဦးဖြစ်လာလေသည်။ ဟောလိဝုဒ်က သူ့ဘဝကို ရုပ်ရှင်ရိုက်ကူးခဲ့ရုံမက အောက်စ်ဖို့ဒ်နှင့် ယေးလ် တက္ကသိုလ်တို့ကလည်း သူ့ကိုဂုဏ်ထူးဆောင်ဘွဲ့များပင် ပေးအပ်ချီးမြှင့်ခဲ့လေသည်။

ဘားနပ်ရှော၊ မတ်ခ်တွိမ်းတို့ကဲ့သို့ပင် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီနှင့် ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးများသည်လည်း စာအုပ်စာပေတို့နှင့် မကင်းနိုင်။ မြားမြောင်လှသောနိုင်ငံ့ရေးရာ၊ စစ်မှုရေးရာ ကိစ္စရပ်များကြားကပင် အချို့က အချိန်ရလျှင်ရသလို၊ အချို့ကအချိန်ပေး၍ စာအုပ်စာပေများကို မပြတ်တမ်း လေ့လာဖတ်ရှုတတ်ကြသည်။

ချာချီသည် ငယ်စဉ်က စာတော်သူမဟုတ်၊ သို့သော် စာဖတ်ဝါသနာကြီးသည်။ အိန္ဒိယနိုင်ငံ၌ တပ်စွဲထားသော ဗြိတိသျှ ကြည်းတပ်တွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေခိုက်မှာပင် အင်္ဂလန်၌ ရှိနေသော မိခင်ဖြစ်သူထံ စာရေးပြီး အတ္ထုပ္ပတ္တိ စာအုပ်များ၊ သမိုင်းရေးရာ စာအုပ်စာတမ်းများ၊ တွေးခေါ်မှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စာအုပ်စာတမ်းများကို သူ့ထံပေးပို့ရန် မှာကြားတတ်လေ၏။

ချာချီသည် ထိုစဉ်ကတည်းက သူ့ကိုယ်ကိုယ် ပြည့်ဝအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ကာ သူ့ရဲဘော်ရဲဘက်များ မွန်းလွဲပိုင်း ပူပြင်းချိန်တွင် တစ်ရေးတစ်မော အိပ်နေစဉ်အခိုက် သူသည် ပလေတိုမှအစ ဂစ်ဘွန်နှင့် ရှိတ်စပီးယားအဆုံး နာမည်ကျော် စာရေးဆရာကြီးများ၏ စာအုပ်များကို အငမ်းမရ ဖတ်ရှုလေ့လာနေတတ်သည်။ ထို့ကြောင့် ချာချီသည် နိုင်ငံရေးသမားဘဝတွင် ပရိသတ်ကို ဆွဲဆောင်ဖမ်းစားနိုင်စွမ်းရှိသည့် စကားပြောကောင်းသူတစ်ဦး ဖြစ်လာလေသည်။

အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီးဂျော့စီမာရှယ်သည်လည်း စာချစ်သူ တစ်ဦးဖြစ်လေသည်။ ပြည်သူ့စာကြည့်တိုက်သို့ မကြာခဏသွားလေ့ရှိပြီး စာကြည့်တိုက်မှူးက ရွေးချယ်ပေးသည့် သမိုင်းဆိုင်ရာစာအုပ်များ၊ အတ္ထုပ္ပတ္တိများ စသဖြင့် စာအုပ်စာတမ်း ၂၀ ခန့်ကို အိမ်သို့ ငှားရမ်းယူလာလေ့ရှိသည်။

သူ့အိပ်ရာဘေးတွင် စာအုပ်များဖြင့် ပြည့်နှက်နေသော စားပွဲတစ်လုံးရှိလေသည်။ ဗိုလ်ချုပ်ကြီး မာရှယ်သည် အံ့သြဖွယ်ကောင်းလောက်အောင် စာဖတ်မြန်သူဖြစ်သည်။ သုံးနာရီခန့်အတွင်း စာမျက်နှာ ၂၀၀ ခန့်ရှိသော စာအုပ်တစ်အုပ်ကို ပြီးစီးအောင် ဖတ်နိုင်လေသည်။ စာကို အိပ်ပျော်သွားသည်အထိ ဖတ်လေ့ရှိသည်။ ညတစ်ရေးနိုးလာလျှင်လည်း မျက်လုံးကြောင်ပြီး အိပ်မပျော်ခြင်းမဖြစ်ပေ။ မီးဖွင့်ပြီး ပြန်၍အိပ်ပျော်သွားသည်အထိ စာပြန်ဖတ်လေသည်။

ဗိုလ်ချုပ်ကြီးအိုင်စင်ဟောင်ဝါ(နောင် အမေရိကန်သမ္မတ)သည်လည်း အထက်တန်းကျောင်းသားလေးဘဝကတည်းက စစ်ဗိုလ်ချုပ်ကြီးများထဲတွင် နေလို၊ လလို ထင်ရှားခဲ့သူ ဟင်နီဘောလ်စာအုပ်ကို လေ့လာဖတ်ရှုရင်း နစ်မျောနေလေ့ရှိသည်။

ထို့ပြင် သူသည် စစ်ဘက်ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိများ၊ ရောမအင်ပါယာကျဆုံးခန်းစာအုပ်များအပါအဝင် စစ်သမိုင်းများကို စိတ်ပါလက်ပါ လေ့လာဖတ်ရှုလေ့ရှိသဖြင့် ဆရာများက ဤသူငယ်သည် တစ်နေ့သောအခါဝယ် ယေးလ်တက္ကသိုလ်တွင် သမိုင်းပါမောက္ခတစ်ဦးဖြစ်လာလိမ့်မည်ဟု နိမိတ်ဖတ် ခန့်မှန်းခဲ့ကြလေသည်။

သို့အတွက် မြန်မာလူငယ်မောင်မယ်များ အနေဖြင့်လည်း လူကောင်းလူတော်၊ လူချွန်လူမွန်၊ လူရည်ချွန်များဖြစ်လာစေရန်၊ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ငယ်စဉ်ကတည်းက စာကောင်းပေမွန်များကို များများဖတ်ရှုလေ့လာကြရန် အကြံပြုတိုက်တွန်းလိုပါသည်။

### ရွေးချယ်တာဝန်ပေးအပ်နိုင်

နိုင်ငံသားများအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် ယနေ့ မျက်မှောက်ခေတ်ကာလဝယ် စာပေဗဟုသုတ ပိုမိုရရှိစေရန် စာများများဖတ်ဖို့လိုပါသည်။ နိုင်ငံသားများ ပညာပြည့်ဝ နှလုံးလှမှ ပြည်သူ့ကိုယ်စားလှယ်များကို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့်သာ ရွေးချယ်နေမှုများအစား နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် တိုင်းချစ် ပြည်ချစ်စိတ်အပြည့်ဖြင့် တိုင်းပြုပြည်ပြု တိုင်းကျိုး ပြည်ကျိုး ထမ်းဆောင်နိုင်သူ၊ စာရိတ္တကောင်းမွန်သူ၊ အမှန်တကယ်တော်သူ တတ်သူများကို ရွေးချယ်တာဝန်ပေးအပ်နိုင်ပေလိမ့်မည်။

ဆရာကြီး သခင်အောင်ဖေ (အိုးဝေမောင်)ကလည်း **“မိမိကို သူတစ်ပါးက မညာနိုင်အောင် မလိမ်နိုင်အောင် စာများများဖတ်ပါ။ စာပေဗဟုသုတရှိအောင် ကြိုးစားပါ။**

**သူတစ်ပါးက ချမ်းသာအောင်လုပ်ပေးမည် ဆိုလျှင် ချမ်းသာအောင်လုပ်ပေးသူသည် ဆင်းရဲသလော၊ ချမ်းသာသလော စုံစမ်းပါ။ တစ်သိန်းချမ်းသာသူက တစ်ရာပေးမည်ဆိုက ယုံနိုင်စရာရှိပေမယ့် အိမ်ခြေယာခြေ မတည်သူက ချမ်းသာအောင်လုပ်ပေးမည်ဟု ပြောသောစကားကို ယုံခြင်းသည် စာပေဗဟုသုတ မရှိသောကြောင့်သာ ဖြစ်၏။**

**သင်ယုံလွယ်သလား၊ သင်ကြောက်တတ်သလား၊ စာများများဖတ်လော့**”ဟူ၍ တိုက်တွန်းနှိုးဆော်ထားပါ၏။

သို့ကြောင့်မို့ မိတ်ဆွေ သင်ယုံလွယ်သလား၊ စာများများဖတ်ပါ။

**ကိုးကား –**
**ဦးမြတ်လှ (အထောက်တော်)၏**
**“ဘဝကိုစိန်ခေါ်၍ကမ္ဘာကျော်ခဲ့သူများ”**

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ကျုံမငေးမြို့ မဟာသကျမုနိဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီး

## မောင်တင်လှိုင်(ဟိုတယ်/ခရီး)

**ကျုံမငေးမြို့ဟု လူသိများခြင်းမှာ ဘုရားကျောင်းကန်၊ အဆောက်အအုံများ၊ ရဟန်းသံဃာတော်များနှင့် ကျုံမငေးမြို့သူ/မြို့သားများ၊ နယ်သူ/နယ်သားများ၊ ရန်ကုန်နှင့် အဝေးရောက် ကျုံမငေးနယ်သားများ၏ မွန်မြတ်ကောင်းမွန်သော ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။**

ကျုံမငေးမြို့၌ သာသနိကအဆောက်အအုံများကို များစွာ ကြည်ညိုဖွယ် တွေ့မြင်ဖူးမြော်ရပါသည်။ မဟာသကျမုနိဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီးများ၏ သမိုင်းကြောင်းများကိုလည်း လေ့လာနိုင်ပါသည်။

မဟာသကျမုနိဘုရားကြီးနှင့် တန်ဆောင်းတော်ကြီးအား ရှေးနှစ်ပေါင်း ၁၀၀ ကျော်မှ ယခုအချိန်အထိ သပ္ပာယ်စွာဖူးမြော်နိုင်ရန် အပတ်တကုတ် ဆက်လက်ကြိုးစားဆောင်ရွက်နေသူမှာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ အုန်းပင်ကျေးရွာ အုန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ဖြစ်ပါသည်။

### ဘုရားကြီးနှင့် တန်ဆောင်းတော်ကြီး

ဧရာဝတီတိုင်းဒေသကြီး၏ ကျက်သရေဆောင် မဟာသကျမုနိဘုရားကြီးအား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ အုန်းပင်ကျေးရွာတွင် ရှေးနှစ်ပေါင်း (၁၀၀) ကျော်က တည်ထားကိုးကွယ်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက မွန်လူမျိုးတို့သည် ကြုင်မငေး(ကရုံမငေး)ဟူ၍ (ကြုင် – ချောင်း၊ မငေး – လုံခြုံရာအရပ်)၊ လှိုင်းလေခြုံသောချောင်း၊ ဘေးရန်လုံခြုံသော ချောင်းဟူ၍ ချောင်း၏တစ်ဖက်တစ်ကမ်းကို ကျုံမငေးဟုလည်းကောင်း၊ ချောင်းအောက်ဘက်ကမ်းကို အုန်းပင်ဟု လည်းကောင်း သတ်မှတ်ခေါ်ဝေါ်၍ ရွာတည်ကာနေထိုင်ခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် အုန်းပင် ပုလဲငွေရောင်ရပ်ကွက်နေ တိုက်သူကြီးကတော် ဒေါ်အေးနှင့် သမီး ဒေါ်မိတို့က အုန်းပင်ဘက်ချောင်းကမ်းဘေးတွင် မန္တလေးပန်းရန်ဆရာကြီး ဦးတင်အား ငှားရမ်း၍ ဘုရားကြီးအား စတင်တည်ထားခဲ့ပါသည်။

မြတ်စွာဘုရားသည် မြင့်မြတ်သောသကျသာကီဝင် မင်းမျိုးမှ ဘုရားဖြစ်ခြင်းကြောင့် မဟာသကျမုနိဘုရားကြီးဟု ဘွဲ့တော်သတ်မှတ်တည်ထားခဲ့ရာ ၈ နှစ်ခန့် ကြာသော်လည်း ပြီးစီးမှုမရှိ၍ အုန်းပင်ကျေးရွာ တိုက်သူကြီး ဦးဖိုးချိတ်နှင့် ရပ်ရွာလူကြီးများက ဦးဆောင်ကာ ရွာဘုံဆက်လက်တည်ထားသဖြင့် မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ကိုယ်ထည်လုံးပတ်တော် ပေ ၄၀၊ ဉာဏ်တော်အမြင့် (၃၄တောင်၊ ၂ မိုက်) ရှိ မဟာသကျမုနိဘုရားကြီးအား အပြီးသတ်ကိုးကွယ်နိုင်ခဲ့သည်။ ယင်းနှစ်တွင်ပင် ကျုံမငေးမြို့နေ ဦးဘကျော်၊ ဒေါ်ကြည်တို့မှ ဘုရားကြီး၏ အနောက်ဘက်၊ ဘေးဘက်တို့တွင် ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ နှစ်ကျိပ်ရှစ်ဆူ ၂၈ ဆူ လှူဒါန်းခြင်း၊ ရွာသူရွာသားများစုပေါင်း၍ ကြေးဆင်းတု၊ ကျောက်ဆင်းတု အဆူ ၂၀ စုစုပေါင်း ကြေးဆင်းတု၊ ကျောက်ဆင်းတု ၄၈ ဆူတို့ကို တည်ထားကိုးကွယ်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် ဘုရားကြီးအား ခြံငုံ၍ ဆယ်ထပ်ကြီး မှန်စီရွှေချ သစ်သားတန်ဆောင်းကြီးနှင့် နတ်လမ်းတို့ကို ရွာဘုံစုပေါင်း၍



❂ **မြတ်စွာဘုရားသည် မြင့်မြတ်သော သကျသာကီဝင်မင်းမျိုးမှ ဘုရားဖြစ်ခြင်းကြောင့် မဟာသကျမုနိဘုရားကြီးဟု ဘွဲ့တော်သတ်မှတ်တည်ထားခဲ့ရာ ၈ နှစ်ခန့် ကြာသော်လည်း ပြီးစီးမှုမရှိ၍ အုန်းပင်ကျေးရွာ တိုက်သူကြီး ဦးဖိုးချိတ်နှင့် ရပ်ရွာလူကြီးများက ဦးဆောင်ကာ ရွာဘုံဆက်လက်တည်ထားသဖြင့် မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ကိုယ်ထည်လုံးပတ်တော် ပေ ၄၀၊ ဉာဏ်တော်အမြင့် (၃၄တောင် ၂ မိုက်)ရှိ မဟာသကျမုနိဘုရားကြီးအား အပြီးသတ်ကိုးကွယ်နိုင်ခဲ့။**

အောင်ချမ်းသာရပ်ကွက်နေ လက်သမားဆရာကြီး ဦးပြောင်းအဖွဲ့က ဆောက်လုပ်ခဲ့ပါသည်။ ၎င်းနှစ်တွင် ပုလဲငွေရောင်ရပ်ကွက်နေ ဘုရားအမကြီး ဒေါ်စိတ်ကောင်းနှင့် သားသမီး၊ မြေး၊ မြစ်မိသားစုမှ ပိဿချိန် ၆၀၀ ကျော်ရှိ ကြေးခေါင်းလောင်းကြီး တစ်လုံး လှူဒါန်းခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ်တွင် အုန်းပင်ကျေးရွာ အောင်ချမ်းသာရပ်ကွက်နေ ဦးဆို၊ ဒေါ်မြစ်မိသားစုက ဘုရားကြီး၏ ရင်ပြင်တော်ပတ်လည်၌ အီတလီကျောက်ပြား အချပ် ၂၇၀၀ ကို စီခင်း လှူဒါန်းခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် (၁၃၀၀)ပြည့်နှစ်တွင် အုန်းပင်ကျေးရွာ အောင်ချမ်းသာရပ်ကွက်နေ ဦးဖက်၊ ဒေါ်ရှမ်းမ သားသမီး၊ မြေး၊မြစ်မိသားစုတို့က ပျက်စီးယိုယွင်းလာသော သစ်သားတန်ဆောင်းအစား စေတီရံ (လေးဆူ)ပါရှိသော အမြင့် ၁၄၇ ပေ၊ အလျား ၁၂၄ ပေ၊ အနံ ၁၃၃ ပေရှိ သံတန်ဆောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ သံတန်ဆောင်းတော်ကြီးကို ဆောက်လုပ်ရာတွင် ရန်ကုန်မြို့ အမှတ် ၈၀၊ ၁၁–လမ်းနေ ဦးစိန်တင် (အင်ဂျင်နီယာနှင့် ကန်ထရိုက်တာ) က ပုံစံထုတ်လုပ်ပြီး အင်္ဂလန်နိုင်ငံမှ ပစ္စည်းများ မှာယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၃၀၂ ပြည့်နှစ်တွင် ဦးဖက်၊ ဒေါ်ရှမ်းမ မိသားစုတို့က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ ဦးထွန်းမောင် (အလုပ်ရုံကန်ထရိုက်တာ) အား ငှားရမ်း၍ ဘုရားကြီး၏ ပလ္လင်၊ စလွယ်၊ မကိုဋ်များ တပ်ဆင်လှူဒါန်းခဲ့သည့်အပြင် ဖားရုပ်နှစ်ကောင်ကို ရန်ကုန်မြို့မှ ဝယ်ယူလှူဒါန်းခဲ့ပါသည်။ ၎င်းတို့၏ သား ဦးဘဟန်၊ ဒေါ်လှတို့က ဘုရားကြီး၏ နတ်လမ်းအား ပြုပြင်လှူဒါန်းခဲ့ပါသည်။ မဟာသကျမုနိဘုရားကြီး ပူဇော်ခဲ့သည့်အချိန်မှစ၍ ယခုတိုင် ဂေါပကအဖွဲ့အဆက်ဆက်မှ သီတင်းကျွတ်လဆန်း ၇ ရက်နေ့မှ သီတင်းကျွတ်လဆုတ် ၁ ရက်နေ့အထိ ၉ ရက် အရုဏ်ဆွမ်းတော်ကပ် ပွဲတော်ကြီးကို နှစ်စဉ်မပျက် ကျင်းပခဲ့ကြပါသည်။

မဟာသကျမုနိဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီးမှာ နှစ်ပေါင်းကြာ၍ ပျက်စီးချွတ်ယွင်းလာသဖြင့် ဗုဒ္ဓအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရန်အတွက် အုန်းပင်ကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ဩဝါဒကို ခံယူ၍ ဂေါပကအဖွဲ့က ဘက်စုံမွမ်းမံပြုပြင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ပေသည်။

သံတန်ဆောင်းကြီး အပေါ်စေတီရံ (လေးဆူ) အား ပြုပြင်ခြင်း၊ နတ်လမ်းဝင်ပေါက် အုတ်တိုင်နှစ်တိုင်နှင့် ဘာဂျာတံခါးတပ်ဆင်ခြင်း၊ ဘုရားပတ်ဝန်းကျင်အုတ်တံတိုင်းကာခြင်း၊ ကြေးခေါင်းလောင်း အုတ်တိုင်ပြုလုပ်ခြင်း၊ ဘုရားကြီးလက်ညှိုးတော်ပြုပြင်ခြင်း၊ သံတန်ဆောင်းအတွင်းရေကန်တည်ခြင်း၊ ဘုရားကြီးအား မွမ်းမံပြင်ဆင်ခြင်း၊ ဘုရားကြီး၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ စလွယ် စက်ယား၊ နားတောင်းတော်၊ နားပန်းတော်များကို မှန်စီခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ ပြုလုပ်ခဲ့သည်။

တန်ဆောင်းတော်ကြီး၏ ပျက်စီးနေသော အမိုးသွပ်များအား ဝန်ကြီး ဦးအောင်ဖုန်း၏ မတည်လှူဒါန်းငွေနှင့် အများစုပေါင်း၍ မွမ်းမံပြင်ဆင်ခဲ့သည်။ မွမ်းမံပြင်ဆင်ရန်ရှိသော သံတန်ဆောင်းတော်ကြီးနှင့် ဘုရား၊ အဆောက်အအုံများအား ကျုံမငေးမြို့သူမြို့သားများ ကျုံမငေးမြို့နယ်အသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ရန်ကုန်နှင့် အဝေးရောက်အလှူရှင်များက မဟာသကျမုနိဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီးတို့၏ တင့်တယ်မှု၊ ကြီးကျယ်ခမ်းနားမှု၊ သပ္ပာယ်မှုများ ဖြစ်စေရန် ဆောင်ရွက်ကြကြောင်း သိရှိခဲ့ရသည့်အတွက် သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။

ဘုရားကြီး၏ နတ်လမ်းအတွင်းတွင် ၄ ပေ မီးချောင်းများ၊ အပေါ်ထပ်တွင် မီးငါးရစ်နှင့် ဘုရားနှစ်ဆူအား မီးလုံးများ၊ ထုံးသင်္ကန်းများကို အဘိုးဦးဘိုးလိပ်၊ အဘွား ဒေါ်မမလေး၊ ဖခင် ဦးဘိုးဝနှင့် မိခင် ဒေါ်လုံမလေးတို့ကို ရည်စူး၍ စာရေးသူ၏ မိသားစုက ၁၀–၁၀–၁၉၇၀ ပြည့်နှစ်တွင် လှူဒါန်းခဲ့ပါသည်။

မဟာသကျမုနိဘုရားကြီးနှင့် သံတန်ဆောင်းတော်ကြီး အဆောက်အအုံတို့အား ထာဝရတည်တံ့ခိုင်ခံ့စေရန် ဆရာတော်ကြီး အဆက်ဆက်က ဆောင်ရွက်တော်မူလျက်ရှိရာ ယခုလက်ရှိ ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၏ ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ကြည်ညိုခွင့်ရရှိပါသည်။

### မာဂဓစကားကို တတ်ကျွမ်းသော ဆရာတော်များ ပေါ်ထွန်းခြင်း

ကျုံမငေးမြို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရှေးဆရာတော်ကြီးများသည် သီဟိုဠ်ကျွန်းတွင် သွားရောက်ပညာသင်ကြားခဲ့ပြီး ကျေးငှက်သတ္တဝါများ၏ ပြောဆိုသံများကို တတ်ကျွမ်းနားလည်သော ဆရာတော်ကြီးများ ပေါ်ထွန်းခဲ့သည်။ ကျုံမငေးမြို့တွင် မှီတင်းနေထိုင်ကြသော မြို့သူမြို့သားများသည် ထမင်းချက်သောအခါ တစ်ဆုပ်ဆန်အဖြစ်ဖယ်ထား၍ အလှူဒါနများပြုလုပ်သည့်အခါများတွင် မပူမပင်ရဘဲ စုဆောင်းထားသော တစ်ဆုပ်ဆန်မှ ၉ ရက် အရုဏ် သီတင်းကျွတ်ပွဲတော်များတွင် လှူဒါန်းလေ့ရှိကြသည်။ သို့ဖြစ်ရာ တစ်ဆုပ်ဆန်အစကျုံမငေးကဟု ဆိုနိုင်ကြလေသည်။

### အံ့ဖွယ်အဖုံဖုံ တန်ခိုးတော်စုံ

မဟာသကျမုနိဘုရားနှင့် အတုလဗုဒ္ဓမဟာစွယ်တော်မြတ်ကြီးတွင် အံ့ဖွယ်အဖုံဖုံ တန်ခိုးတော်ဂုဏ်များ ရှိလေသည်။

စွယ်တော်မြတ်အား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးပေးစဉ်က လက်ဝါးနှစ်ဖက်ဖြင့်ကာယူခဲ့သည်။ မြတ်စွယ်တော်သည် ဖျူဖွေးသန့်စင်နေပြီး ပြိုးပြက်သော ရောင်တော်တို့က ဝင်းခနဲ လက်ခနဲဖြစ်ကာ လက်ဝါးနှစ်စုနှင့် ထိသည်ဟု မထင်ခဲ့ကြောင်း ရောင်တော်များအမျိုးမျိုး ပြောင်းနေသဖြင့် အံ့ဩဝမ်းမြောက်ဖြစ်ရခြင်း။

ထို့အတူပင် အနှစ် ၄၀ ခန့်အကြာတွင် လက်ဆင့်ကမ်းယူခဲ့ရာ လက်ဝါးပြင်ပေါ်သို့ တင်လိုက်ရာ လှုပ်နေသည်ဟု ထင်ရခြင်း။

(၁၇)ကြိမ်မြောက် ဘုရားပွဲတော် ကျင်းပနေသည့်ရက်အတွင်း မှန်ကျောင်းဆောင်အတွင်းရှိ သစ်ကနက်ရုပ်ပွားတော် အရှင်သူမြတ်ဆင်းတုတော်ထံမှ ချွေးများယိုစီးခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်မီးကူးစက်ကာ ကျွဲညီနောင်ဟုခေါ်ဆိုသော ဗြိတိသျှစစ်တပ်မှ လေယာဉ်နှစ်စင်းသည် စက်သေနတ်ဖြင့်

စာမျက်နှာ ၂၆ သို့

# ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တို့တွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုများကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက် ပင်လုံလမ်း သီတဂူဗုဒ္ဓတက္ကသိုလ်ရှေ့၌ ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်နေစဉ် ဇော်မင်းထွန်း(ခ)ဘိုချစ် (ဘ)ဦးကြည်မင်း စီးနင်းလာသော MAROKIN စာတန်းပါ ခဲရောင်မိန်းမစီး စက်ဘီးကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ အလေးချိန် ငါးဂရမ်ခန့်ရှိ အထုပ်တစ်ထုပ်၊ ဆေးခြောက် အရိုး/အရွက်/အသီး ခြောက် အလေးချိန် ငါးဂရမ်ခန့်ရှိ အထုပ်တစ်ထုပ်တို့ကို သိမ်းဆည်း ရမိခြင်းဖြင့် မူးယစ်ဆေးဝါး (သို့မဟုတ်)စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခဲ့ခြင်းကြောင့် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၂၀) ရပ်ကွက် ဝေပုလ္လ(၇)လမ်း အမှတ်-၁၂/ခ ရှိ မျိုးမင်းထွန်း(ခ)သားကြီး (ဘ)ဦးစိုးမြင့်နှင့် ယုယုမွန် (ခ)ယုမွန် (ဘ)ဦးဖေသန်းတို့၏ နေအိမ်ကို ဧပြီ ၈ ရက် ည ၁၀ နာရီခန့်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ ယုယုမွန်(ခ)ယုမွန်ကို အအေးစုပ်ပိုက်တိုအတွင်း ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားပါ ပိုက်တို တစ်ချောင်း၊ အဖြူရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြားနှင့် အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား အပြားတစ်ပြားပါ အထုပ်တစ်ထုပ်၊ စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား၊ အလေးချိန် (၃ ဒသမ ၇) ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိခဲ့ခြင်းကြောင့် လည်းကောင်း။

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ဧပြီ ၆ ရက် ည ၉ နာရီခန့်တွင် ငရဲ(ခ) ရဲထွဋ်ခေါင်(ဘ)ဦးစိုးလွင်၊ တင်သန်းဦး (ခ) ပါးပါးလေး(ဘ) ဦးအောင်ဝင်းနိုင်၊ မစူးထက်ထက်အောင် (ခ) ထက်ထက် (ဘ) ဦးထိန်းလင်းတို့သည် မူးယစ်ဆေးဝါးသုံးစွဲပြီး လမ်းလျှောက်လာစဉ် လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးခဲ့ရာ ငရဲ(ခ) ရဲထွဋ်ခေါင်ထံမှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၄ ပြား၊ အလေးချိန် (၃ ဒသမ ၄) ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိရာတွင် အားပေး ကူညီခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၃) ရပ်ကွက် ဆိပ်ကမ်းသာလမ်း ကျူးနေအိမ်ကို ဧပြီ ၉ ရက် ည ၁၁ နာရီခွဲခန့်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေရာ ရဲလေး(ခ) ရဲလင်းထွန်း(ဘ) ဦးထွန်းမြင့်ကို WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ပြား၊ အလေးချိန် (၅ ဒသမ ၇) ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိခဲ့ခြင်းကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က)နှင့် ဥပဒေပုဒ်မ-၁၉(က)/၂၁ တို့အရ ၎င်းတို့အား မေ ၇ ရက်တွင် " နှစ်အကန့်သတ်မရှိ အလုပ်နှင့် ထောင်ဒဏ်" အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ ခုနစ်ဦးအနက် မျိုးမင်းထွန်း(ခ) သားကြီး(ဘ) ဦးစိုးမြင့်သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ထားကြောင်း သိရသည်။

**အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ အမိန့်ချမှတ်**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၂) ရပ်ကွက် စိန်ချယ်လမ်း၌ မတ် ၂၆ ရက် ည ၉ နာရီခန့်တွင် အောင်နိုင်ထွန်း(ခ) ထွန်းလင်းဦးနှင့် အောင်မျိုးငြိမ်း(ခ)ထွန်းထွန်း၏ ဇနီးဖြစ်သူ မယုယုမော်တို့ စကားများရန်ဖြစ်ကြစဉ် အောင်နိုင်ထွန်း(ခ) ထွန်းလင်းဦးက မယုယုမော်ကို ဓားဖြင့်ခုတ်ရန်ပြုလုပ်ခဲ့သဖြင့် အောင်မျိုးငြိမ်း(ခ) ထွန်းထွန်းမှ ဓားဖြင့် အောင်နိုင်ထွန်း(ခ) ထွန်းလင်းဦးကို လှမ်းခုတ်ခဲ့ရာ အောင်နိုင်ထွန်း(ခ) ထွန်းလင်းဦး၏ ဇက်ပိုးကို ထိမိပြီး နောက်သို့ ထွက်ပြေးသွားစဉ် အောင်ကိုဝင်း(ခ) မြတ်ကြီးနှင့် အောင်မျိုးငြိမ်း(ခ)ထွန်းထွန်းတို့မှာ နောက်မှပြေးလိုက်ခဲ့၍ အောင်နိုင်ထွန်း(ခ) ထွန်းလင်းဦးကို အောင်မျိုးငြိမ်း(ခ)ထွန်းထွန်းက အရိုးရှစ်လက်မခန့်၊ အသွား ၁၉ လက်မခန့်၊ စုစုပေါင်း အရိုး/အသွား ၂၇ လက်မခန့်ရှိ လက်ကိုင်စတီးရိုးတပ် ထိပ်ဦးချွန်ဓားရှည်ဖြင့် ခုတ်ခဲ့သဖြင့် အောင်နိုင်ထွန်း(ခ)ထွန်းလင်းဦး သေဆုံးခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်း ရွက်နုဝေအလှပြင်ဆိုင်၌ ဧပြီ ၅ ရက် ည ၇ နာရီခန့်တွင် အောင်ကျော်သူ (ဘ)ဦးကျော်အေးသည် ဇနီးဟောင်းဖြစ်သူ မခင်သီတာ အောင်(ဘ)ဦးခင်မောင်စိုးက သားဖြစ်သူ မောင်သူရအောင်ကို တွေ့ဆုံ ပေးခြင်းမရှိသဖြင့် ဒေါသဖြစ်ကာ အသင့်ယူဆောင်လာသော ဓားကောက်ဖြင့် ထိုးခုတ်ခဲ့သဖြင့် မခင်သီတာအောင် သေဆုံးခဲ့သည့် အတွက်ကြောင့် လည်းကောင်း၊ ဖြိုးသူကျော်(ဘ) ဦးအေးသွယ်နှင့် သက်နောင်စိုး (ဘ) ဦးစံရွှေမြင့်တို့သည် ဧပြီ ၇ ရက် နံနက် ၅ နာရီ ခန့်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၂) ဆိပ်ကမ်းသာ လမ်းရှိ JOC Galaxy (Myanmar) Apparel Co.Ltd စက်ရုံအတွင်းရှိ လုပ်ငန်းသုံးပစ္စည်းများနှင့် အထည်လိပ်များကို ကတ်ထူစက္ကူကို မီးရှို့ ခဲ့ပြီး အဆိုပါမီးရှို့ထားသော ကတ်ထူစက္ကူကို စက်ရုံအတွင်း ပစ်ထည့်ခဲ့ ခြင်းနှင့် ဒီဇယ်များအား မီးလောင်နေသောပစ္စည်းများအပေါ်သို့ ပက်ဖျန်း၍ မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် ကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၃၀၂ နှင့် ရာဇသတ်ကြီး ပုဒ်မ- ၄၃၆ တို့အရ ၎င်းတို့အား မေ ၇ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀" အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်" စီ အမိန့်ချမှတ်**

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)ရပ်ကွက် အောင်ဇေယျကြိုးတံတားထိပ်၌ ဧပြီ ၁၀ ရက် ည ၁၀ နာရီခန့်တွင် မြင့်ခိုင်(ခ)ပြုံးချို(ဘ)ဦးမြင့်ဦး မောင်းနှင် လာသည့် KENBO-125 မော်တော်ဆိုင်ကယ် အမှတ်၊ ၅၄/၄၅၀၁ အား လုံခြုံရေး တပ်ဖွဲ့ဝင်များက ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား၊ အလေးချိန် (၁ ဒသမ ၆)ဂရမ်ခန့်ကို တွေ့ရှိခဲ့ခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် အောင်ဇေယျ ကြိုးတံတားအဆင်း၌ ဧပြီ ၉ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် အင်းစိန် မြို့ဘက်မှ လှိုင်သာယာမြို့နယ်ဘက်သို့ လမ်းလျှောက်လာသော ရဲထွန်း နိုင်(ခ)ကုလား(ဘ)ဦးပန်းအေးကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့် စစ်ဆေးရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ အလေးချိန် တစ်ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မူးယစ် ဆေးဝါး (သို့မဟုတ်) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လက်ဝယ်ထားရှိ ခဲ့သည့်အတွက်ကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူးယစ် ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ- ၁၆(ဂ)အရ ၎င်းတို့အား မေ ၇ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်" စီ အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန် ကြေညာခဲ့သည်။

စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များ အတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲ ထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန် ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက်အနီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်လာသူအား ခြောက်လှန့်ပစ်ခတ်

**နေပြည်တော် မေ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် မြို့ပတ်လမ်းရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ကွက်လုံခြုံရေးဆောင်ရွက် လျက်ရှိစဉ် မေ ၆ ရက် နံနက် ၂ နာရီခွဲခန့်တွင် အမည်မသိအကြမ်းဖက်သူ တစ်ဦးရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားဖြင့် ရန်ပြုတိုက်ခိုက် လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

အဆိုပါ ခြောက်လှန့်ပစ်ခတ်မှုကြောင့် ရန်ပြုတိုက်ခိုက်လာသူ၌ ထိခိုက် ဒဏ်ရာရရှိပြီး သတိလစ်မေ့မြောနေသဖြင့် ရွှေတောင်မြို့ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၅ မှ*

ရောဝတီမြစ်ရိုးတစ်လျှောက် ပစ်လေ့ရှိသော်လည်း ကျုံမငေးမြစ်ရိုးချောင်းရိုးတို့တွင် အထိအခိုက် အသေအပျောက်မရှိခြင်း၊ ဂျပန်ခေတ်တစ်လျှောက် ပလိပ်ရောဂါ၊ ဝမ်းရောဂါများ နေရာအနှံ့ ဖြစ်ပွား နေချိန်တွင် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေခြင်း အကျိုးပြု သစ်ကနက်စစ် နတ်သစ်ရုပ်ပွားတော် အရှင်သူမြတ်အားပင့်ဆောင်၍ မြို့တွင်းရှိ ရပ်ကွက် အသီးသီးသို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ဘုရား ပွဲတော်ချိန်မဟုတ်သဖြင့် စွယ်တော်မြတ်ကြွချီတော် မမူခဲ့ချေ။

ကျုံမငေးတစ်မြို့လုံး အန္တရာယ်ကင်းစင်စေ ခြင်းသည် စွယ်တော်မြတ်နှင့် သစ်ကနက်စစ် နတ်သစ်ရုပ်ပွားတော် အရှင်သူမြတ်တို့၏ တန်ခိုး တော်ကြောင့် ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက် ခဲ့ရုံသာမက အဓိကဂိုဏ်းကြီးများ သူပုန်တို့ ကြီးစိုး နှိပ်စက်မှုများ ဖြစ်ပေါ်ခဲ့ခြင်း မရှိနိုင်ခဲ့ပါ။

စွယ်တော်မြတ်တန်ဆောင်း နံဘေးတွင် မီးလောင်ရာတွင်လည်း မီးမကူးခဲ့ပေ။ မဟာသကျ မုနိဘုရား တစ်ဖက်ကမ်း စပါးဂိုဒေါင် မီးလောင်ရာ တွင် တစ်ဖက်ကမ်းရှိ ဘုရားကြီးသို့ မီးမကူးခဲ့ချေ စသည့် ထူးကဲသော အံ့ဖွယ်များနှင့် ပြည့်စုံသော ကျုံမငေးမြို့ မြတ်စွယ်တော်နှင့် ဘုရားများ ဖြစ်ပါ သည်။

ရောဝတီတိုင်း၏ ကျက်သရေဆောင် ဖြစ်တော် မူသော မဟာသကျမုနိဘုရားကြီးနှင့် သာသနိက အဆောက်အအုံ သံတန်ဆောင်းတော်ကြီးအား တွေ့မြင်ဖူးမြော်ခဲ့ရသည့်အတွက် ဆောက်လုပ် လှူဒါန်းခဲ့သော ဘုရားဒကာများ၊ ဆရာတော်ကြီး များအား ဦးခိုက်ပူဇော်လိုက်ရပါသည်။ ဆက်လက် ပြုပြင်လျက်ရှိသော ဂေါပကအဖွဲ့ဝင်များ၊ ကျုံမငေး မြို့သူ/မြို့သားများ၊ နယ်သူ/နယ်သားများ၊ ကျုံမငေး မြို့အသင်း၊ ဥက္ကဋ္ဌကြီး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ၊ အဝေးရောက်အလှူရှင်များအား များစွာ ကျေးဇူးတင်ဂုဏ်ယူလျက်ရှိပါကြောင်းနှင့် မိဘ များ၏ဇာတိ၊ ကျွန်တော့်ချက်မြှုပ်မြေဖြစ်သော ကျုံမငေးမြို့မှာ သာသနာ့အရောင်ထွန်းလင်းပြောင် ၍ အစစဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ခဲ့ရ သဖြင့် များစွာဂုဏ်ယူ ဝမ်းမြောက်ပီတိ ဖြစ်ရပါ ကြောင်း ပူဇော်ရေးသားလိုက်ရပေသည်။

# Social Punishment လုပ်ရန်လှုံ့ဆော်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

**နေပြည်တော်  မေ  ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့်အညီ မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြရာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော နိုင်ငံရေးအစွန်းရောက်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာနှင့် ဝန်ထမ်းကျင့်ဝတ်တို့ကို ဖောက်ဖျက်လျက် CDM လုပ်နေကြသော အချို့သော နိုင်ငံ့ဝန်ထမ်းများက ခြိမ်းခြောက်ခြင်း၊ Social Punishment ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ အထူးသဖြင့် နိုင်ငံတော်၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ/ဆရာမများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအား ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းသို့ ခြိမ်းခြောက်ခြင်း၊ Social Punishment လုပ်ရန် လှုံ့ဆော်ခြင်းများ ပြုလုပ်သည့် အဖွဲ့အစည်းများ၊ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ခြိမ်းခြောက်မှုများ ပြုလုပ်လာပါက နီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပို့ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ကျူးလွန်သူများအား ဖော်ထုတ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန်နှင့် အောက်ပါ ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်း အသိပေးအပ်ပါသည်-

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone - ၀၉ ၄၂၅၂၈၃၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone - ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉၈၈၀၈၂၅၆၉၆
Viber Phone - ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone - ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone - ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉၈၈၀၈၂၅၆၇၇
Viber Phone - ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone - ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone - ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone - ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone - ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉၇၄၀၈၄၇၉၅၀
Viber Phone - ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၂၉၁၇၅၉၆
Viber Phone - ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone - ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
Viber Phone - ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone - ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone - ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉၆၈၀၃၇၄၉၇၄
Viber Phone - ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၈၄၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone - ၀၉ ၂၅၈၄၆၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉၇၅၉၆၉၈၇၈၃
Viber Phone - ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone - ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone - ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone - ၀၉ ၄၂၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone - ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone - ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone - ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone - ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone - ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
Viber Phone - ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone - ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone - ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone - ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone - ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone - ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone - ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone - ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone - ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone - ၀၉ ၂၅၇၀၈၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone - ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone - ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone - ၀၉ ၄၂၀၇၆၀၂၄၆

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉ ၄၀၀၁၀၄၉၃၃
Viber Phone - ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone - ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone - ၀၉ ၄၀၃၇၄၂၂၆၅

*စာမျက်နှာ ၂၈ သို့*

# မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်အား လက်လုပ်မိုင်းဖြင့်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သူတစ်ဦးကို ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး

**နေပြည်တော်  မေ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်အား မေ ၇ ရက် နံနက် ၅ နာရီခန့်တွင် အကြမ်းဖက်သူလေးဦးခန့်က မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားသဖြင့် အုပ်ချုပ်ရေးမှူးက ဆိုင်ကယ်ဖြင့် လိုက်လံဖမ်းဆီးစဉ် အကြမ်းဖက်သူများက လက်လုပ်သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သဖြင့် အုပ်ချုပ်ရေးမှူးတွင် ဒဏ်ရာရရှိခဲ့ပြီး မြင်းခြံမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။


### ပစ်ခတ်ထွက်ပြေးသွား

ယင်းသို့ လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသည့် အကြမ်းဖက်သူလေးဦးကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ထက်ကြပ်လိုက်လံရှာဖွေခဲ့ရာ နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် လယ်သစ်ကျေးရွာ၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာရှိ လယ်ကွင်းအတွင်း၌ ထွက်ပြေးနေသူ အကြမ်းဖက်သူတစ်ဦးကို တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန်နှင့် ဥပဒေအား လေးစားလိုက်နာရန် ပြောကြားစဉ် အကြမ်းဖက်သူက ရပ်တန့်ခြင်းမရှိသည့်အပြင် လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ကြိုးပမ်းလာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး မြင်းခြံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

### မိုင်းနှစ်လုံး သိမ်းဆည်းရမိ

အဆိုပါ သေဆုံးခဲ့သည့် အကြမ်းဖက်သူသည် မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာနေ အောင်ထက်ပိုင် (ခ)ဖိုးချစ် (၁၇နှစ်) (ဘ)ဦးအောင်မျိုးဝင်း ဖြစ်ပြီး ၎င်းထံမှ ဓားရှည်တစ်ချောင်းနှင့် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံး သိမ်းဆည်းရမိခဲ့ကာ သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသည့် အကြမ်းဖက်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သူလူတစ်စုက ရထားသံလမ်းထိန်းကလစ်များ ဖြုတ်ထားမှုကို တွေ့ရစဉ်။

# အကြမ်းဖက်သူလူတစ်စုမှ ရထားသံလမ်းထိန်းကလစ်များ ဖြုတ်ထားမှုကြောင့် မန္တလေးမြို့မှ ကန့်ဘလူမြို့သို့ ထွက်ခွာလာသည့် မီးရထားလမ်းချော်မှုဖြစ်ပွား

**နေပြည်တော်  မေ ၈**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့သို့ စမ်းသပ်ပြေးဆွဲရန် ယနေ့နံနက် ၆ နာရီခန့်တွင် ထွက်ခွာလာသည့် RBE အမျိုးအစား ရထားတွဲနှစ်တွဲသည် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရွှေဘိုမြို့နယ် ပေါက်တုံကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ မိုင်တိုင်အမှတ်(၄၄၁/၂) သို့ အရောက်၌ ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ အကြမ်းဖက်သူလူတစ်စုက ရထားသံလမ်းထိန်းကလစ်များဖြုတ်၍ သံလမ်းအောက်မှ ခဲများဖြင့် ခုထားခြင်းကြောင့် လမ်းချော်ရခြင်းဖြစ်ပြီး လမ်းချော်မှုကြောင့် ကွန်ကရစ်ဇလီဖားတုံး ခုနစ်တုံးပျက်စီးကာ ရထားသံလမ်းအပြင်သို့ ကားထွက်ပြီး လူ၊ တိရစ္ဆာန်နှင့် မီးရထားတွဲ ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါ ရထားလမ်းချော်မှုဖြစ်ပေါ်ခဲ့သည့်နေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား(ရွှေဘိုဌာန)မှ တာဝန်ရှိသူများက ရထားသံလမ်း ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၇ မှ*

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊
၀၉ ၇၉၂၄၄၄၈၅၂ Viber Phone – ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း-၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊
၀၉ ၄၀၀၁၀၃၃၈၆ Viber Phone – ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊
၀၉ ၆၈၂၇၈၇၈၈၂Viber Phone – ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊
၀၉ ၄၂၃၃၃၂၇၄၆ Viber Phone – ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊
၀၉ ၆၈၈၉၀၀၇၈၇ Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊
၀၉ ၆၈၃၉၇၂၀၉၃ Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊
၀၉ ၆၉၄၃၅၉၄၀၂ Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊
၀၉ ၄၂၃၂၃၉၉၆၈ Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊
၀၉ ၉၆၉၁၇၉၆၆၁ Viber Phone – ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊
၀၉ ၄၂၆၁၈၃၂၄၅ Viber Phone – ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊
၀၉ ၄၂၆၁၈၃၂၉၃ Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊
၀၉ ၄၂၆၁၈၃၂၃၈ Viber Phone – ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊
၀၉ ၄၂၆၁၈၃၂၆၄ Viber Phone – ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊
၀၉ ၃၄၆၁၁၃၂ ၇၁၀ Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊
၀၉ ၃၄၆၁၁၃၂၆၄၅ Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊
၀၉ ၃၄၆၁၁၂၈၆၈၄ Viber Phone – ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊
၀၉ ၃၄၆၁၁၃၂၅၉၅ Viber Phone – ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊
၀၉ ၃၄၆၁၁၂၈၉၂၄ Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊
၀၉ ၃၄၆၁၁၂၈၆၄၃ Viber Phone – ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊
၀၉ ၃၄၆၁၁၂၈၉၆၅ Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆက်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊
၀၉ ၃၄၆၁၁၃၂၅၀၄ Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊
၀၉ ၃၄၆၁၁၂၈၇၄၂ Viber Phone – ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊
၀၉ ၃၄၆၁၁၃၂၉၇၅ Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊
၀၉ ၃၄၆၁၁၂၈၈၄၁ Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊
၀၉ ၄၅၁၂၃၆၀၇၀ Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊
၀၉ ၉၅၉၅၉၁၀၉၇ Viber Phone – ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊
၀၉ ၄၅၉၂၉၃၃၄၅ Viber Phone – ၀၉ ၄၅၄၄၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၆၈၊
၀၉ ၄၀၃၇၂၂၆၀၁ Viber Phone – ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊
၀၉ ၄၅၀၁၈၃၅၂၆ Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ — ဖုန်း- ၀၉ ၇၇၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊
၀၉ ၆၆၉၇၄၂၁၂ Viber Phone – ၀၉ ၂၆၉၄၈၂၈၂၀

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၈**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၇ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ လမ်း ၃၀ နှင့် ၃၈ လမ်းထောင့်ရှိ တိုင်းပညာရေးမှူးရုံးကိုလည်းကောင်း၊ ည ၈ နာရီခန့်တွင် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည် တောင်ရပ်ကွက်၊ စစ်ကိုင်းလမ်းခွဲနှင့် နှင်းဆီလမ်းကြားရှိ မြဝတီဘဏ်ရှေ့ကို လည်းကောင်း၊ ည ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ၊ နည်းပညာ တက္ကသိုလ်ကျောင်းကိုလည်းကောင်း၊ ည ၈ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် စစ်ကိုင်း-မန္တလေး ကားလမ်းဘေးရှိ ဆက်သွယ်ရေးရုံးကို လည်းကောင်း၊ ည ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်ရှိ မြို့နယ် ပညာရေးမှူးရုံးအနီးနှင့် သပြေကုန်းကျေးရွာရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အနီးကို လည်းကောင်း၊ ယနေ့နံနက် ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနှင့် အလံပြ ဘုရားလမ်းထောင့်ရှိ ယာဉ်ထိန်းမီးပွိုင့်ရုံကို လည်းကောင်း၊ နံနက် ၄ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်တော်သာရပ်ကွက်ကို လည်းကောင်း၊ နံနက် ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ခရိုင်ဆေးရုံဝင်းအတွင်းကို လည်းကောင်း၊ နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ "အင်းဝ" ဘဏ်၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးကို လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ် ခါနမ်ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဝန်ထမ်းအိမ်ရာကို လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလတံတား ချဉ်းကပ်လမ်းကို လည်းကောင်း အကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကာ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ရုံး၊ နေအိမ်အဆောက်အဦများ၊ မော်တော်ယာဉ်များ အနည်းငယ်ထိမှန် ပျက်စီးခဲ့၍ ဘဏ်လုံခြုံရေး ဝန်ထမ်း ၁ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အောင်မြေသာစံဖြစ်စဉ်၌ ပစ်ပေါက်ထွက်ပြေးခဲ့သူ ၁ ဦးကို ဆိုင်ကယ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၅)ရပ်ကွက် လောပိတလမ်းနှင့် ဦးရာဇတ်လမ်းထောင့်ရှိ လူနေထိုင်ခြင်းမရှိသော ခြံအမှတ် (၈၆၁) ခြံထောင့်၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်နေ ဒေါ်မို့မို့ဝင်း (၅၉)နှစ် (ဘ) ဦးထွန်းရီပိုင်ဆိုင်သော "ထွန်းရီ" ပန်းချီ၊ အားကစား ပစ္စည်းအရောင်းဆိုင်ရှေ့ ရပ်ထားသော 2F-xxxx Toyota Belta ယာဉ်၏အောက်၌ လည်းကောင်း အကြမ်းဖက်သမားများက လက်လုပ်မိုင်းများ ထောင်ထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး ပြည်သူလူထု အန္တရာယ်မရှိစေရေးအတွက် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းပညာရေးမှူးရုံး အမျိုးသားအိမ်သာအနီး လက်လုပ်မိုင်းပေါက်ကွဲမှု

# ဝိုင်းမော်မြို့ ဘွန်မြန်မာကုမ္ပဏီမှ ဆီတင်ယာဉ်ကို KIA အဖွဲ့က အကြောင်းမဲ့ပစ်ခတ်

**နေပြည်တော် မေ ၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့ ဘွန်မြန်မာဆီကုမ္ပဏီမှ ယာဉ်မောင်း အောင်ကျော်စိုး (ဘ)ဦးထွန်းတင် မောင်းနှင်၍ သာထက်စိုး(ဘ) ဦးလှသောင်း လိုက်ပါလာသည့် SINO အမျိုးအစား ၁၂ ဘီး ဆီတင်ယာဉ်အမှတ် ယာယီ/---- သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် လမြန်ကျေးရွာနှင့် မုန်ကြိတ်ကျေးရွာကြားသို့ အရောက်၌ KIA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သာထက်စိုးတွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်၏လေကာမှန်များ၊ ယာဉ်ကိုယ်ထည်များနှင့် ဆီတိုင်ကီတို့တွင် ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာရရှိခဲ့သူအား ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှုခံယူစေလျက်ရှိပြီး အဆိုပါနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၃ယ/၆၄၃၀၊ New Zhineng-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် ၇/ပခန(နိုင်)၀၀၈၃၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်နေ ဦးထွန်းခ၏သမီး မနုငယ်နှင့် မနှင်းဝေ ၅/ဖပန(နိုင်)၀၀၁၃၂၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်နေ ဦးစိန်၏သမီး ဒေါ်မေရီ ၅/ကလတ(နိုင်)၀၆၁၆၁၇၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်နေ ဦးမောင်မောင်ဝင်း(ခ)ဦးသိန်းမောင်၏သား မောင်ပေါက်ပေါက်(ခ)မောင်ဝင်းလတ်(ခ)ဝင်းလတ်ကြည် ၅/ကလတ(ဧည့်)၀၀၀၂၀၂အား ဒေါ်မေရီမှ ကောလင်းမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ (၂၆-၄-၂၀၁၉)ရက်စွဲပါစာချုပ်အမှတ် (၈၁/၂၀၁၉)ဖြင့် ကိတ္တိမမွေးစားခြင်းစာချုပ်အား မှတ်ပုံတင်သွင်း၍ ကိတ္တိမသားအဖြစ်မွေးစားခဲ့ပါသည်။

သို့သော် မောင်ပေါက်ပေါက်(ခ)မောင်ဝင်းလတ်(ခ)ဝင်းလတ်ကြည်သည် သားသမီးအရင်းကဲ့သို့ ယုံကြည်အပ်နှံရန် စီစဉ်ထားမှုတို့ကို အလွဲသုံးစားပြုလုပ်၍ ဒေါ်မေရီအပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲစေပါသောကြောင့် မောင်ပေါက်ပေါက်(ခ)မောင်ဝင်းလတ်(ခ)ဝင်းလတ်ကြည်အား ကိတ္တိမသားမွေးစားခြင်းမှ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်စာတမ်းမှတ်ပုံတင်၍ ဖျက်သိမ်းပြီး ကိတ္တိမမွေးစားခြင်းမှ ဖျက်သိမ်းပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်မေရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒေဇီ**
**B.A (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၄)**
**ကောလင်းမြို့၊ ဖုန်း-၀၉-၂၅၆၁၆၃၉၉၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကသာမြို့နယ်၊ ဝက်တူးကျေးရွာနေ ကျွန်မ ဒေါ်စာ၏သမီး မအုန်းရှင် ၅/ကသန(နိုင်) ၀၃၆၈၂၀ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စာ**
**၅/ကသန(နိုင်)၀၆၁၃၅၀**

## စာအုပ်စာပေ လူ့မိတ်ဆွေ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၇-၅-၂၀၂၂ရက်မှ ၇-၆-၂၀၂၂ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်- ၇-၆-၂၀၂၂ရက် မွန်းလွဲ ၁၅:၀၀နာရီ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၇-၅-၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၂၀၆၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ တရားသီးစုအကွက်၊ ဦးပိုင်အမှတ်(၁၂၅-ထ) မှ မြေဧရိယာ ၀ဒသမ၁၃၈ ဧကရှိမြေနေရာအား ဦးအောင်မျိုး အမည်ဖြင့် ၂၉-၁-၂၀၁၇ရက်မှ ၂၈-၁-၂၀၄၇ ရက်ထိ နှစ်ပေါင်း(၃၀) မြေငှားဂရန်ရရှိထားရာ မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူ ထုတ်ယူခွင့်ပြုပါရန် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူ များသည် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် မိတ္တူထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လှိုင်မြစ်- လော့်ကား ရေအားဖြည့်စီမံကိန်းလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံများ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်း(၄)ခုကို ပုတ်ပြတ်(Turnkey) စနစ် မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၇.၅. ၂၀၂၂) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၆.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၊ ၀၁ - ၂၃၀၂၀၇၁ ဖုန်းနံပါတ်သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ အကွက်အမှတ် -၁၂၂/မာတချောင်းဖျားအကွက်၊ ဦးပိုင်အမှတ်-၃၉၊ ဧရိယာ ၀ဒသမ၀၅၅ဧက မြေကွက်အား ဒေါ်ရီရီမြင့်၏မြေငှားဂရန်အသစ်လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့နယ်၊ ကျောက်စစ်ပုံတောင်ကျေးရွာ၊ အကွက်အမှတ်နှင့်အမည် (၃၄၀/ကျောက္ကာဗျိုင်းခြေရာကျ)၊ ဦးပိုင်အမှတ်(၉/၂)၊ ဧရိယာ ၁ဒသမ၇၆ ဧကရှိမြေအား ဦးမြင့်ဆွေအမည်ဖြင့် မြေငှားစာချုပ် (စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (စက်မှုစီးပွား) ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုစမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုစမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်သိန်းရှင်
## အောင်လံမြို့
## အသက် (၁၀၁)နှစ်

အောင်လံမြို့၊ ကန်ကြီးရပ်၊ လမ်းမတော်လမ်း၊ အမှတ်(၁၅၀) နေ ဦးစောဝေ-ဒေါ်နွဲ့နွဲ့အေး (PANDA HOTEL)၊ ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ခင်ခင်အေး (စွမ်းပြည့်စုံမုန့်ဆိုင်)၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်သောင်းအေး (ပုလဲဆုပိုင်ဆန်၊ ဆီရောင်းဝယ်ရေး)၊ ဦးခင်မောင်မြင့်-ဒေါ်ကြည်ကြည်မြင့် (ကောင်းထက်သူဆိုင်ကယ်ရောင်းဝယ်ရေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး(၁၁)ယောက်၊ မြစ် (၇)ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၆-၅-၂၀၂၁ ရက် (ကြာသပတေးနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၁ ရက် (စနေနေ့) ညနေ ၄:၀၀ နာရီတွင် မြောက်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အသိပေးကြေညာခြင်း

မိုင်းရှူးမြို့၊ ရပ်ကွက် (၂)နေ ဒေါ်နန်းသီတာထွေး ၁၃/မရန(နိုင်)၀၂၃၀၁၀ သည် မိမိထံတွင် ထားရှိသည့် ဒေါ်ရီရီမွန် အမည်ပေါက် ပုံစံ (၁၀၅) အား ခုနစ်ရက်အတွင်း ငွေသားဖြင့် ပြန်လာယူပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းမွေလှိုင်း ၁၃/မရန(နိုင်)၀၂၃၀၀၉**
**မိုင်းရှူးမြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်နေ ဦးမောင်မောင်ဝင်း(ခ)ဦးသိန်းမောင်(ကွယ်လွန်)နှင့် ဒေါ်နှင်းအေး(ခ)အလင်းတို့၏သား မောင်ပေါက်ပေါက်(ခ)မောင်ဝင်းလတ်(ခ)ဝင်းလတ်ကြည် ၅/ကလတ(ဧည့်) ၀၀၀၂၀၂သည် မိခင်ဖြစ်သူအား ကိုယ်စိတ်နှစ်ပါးဆင်းရဲ၍ ဒုက္ခရောက်စေရန် အမျိုးမျိုးပြုလုပ်ခြင်း၊ မိဘဆွေမျိုးများ၏ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းများကြောင့် ၎င်းအပေါ် ခံစားခွင့် ခံစားထိုက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ခွဲဝေပေးပြီးဖြစ်၍ သားအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်အားလုံးကို လုံးဝဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်နှင်းအေး(ခ)အလင်း ၅/ကလတ(ဧည့်)၀၀၀၀၈၃**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရော၀တီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၀၊ အောက်ပိုင်း)၊ ဦးပိုင်အမှတ်(၁၆၁)၊ ဧရိယာ (၀ဒသမ ၇၉၈)ကေရှိ မြေအား ဓနုဖြူမြို့နယ်၊ ထိုက္ကလေးကျေးရွာအုပ်စု၊ ဇွက္ကဒိန်တောင်ကျေးရွာနေ ဦးလူပု ၁၄/ဓနဖ(နိုင်)၀၃၅၉၃၈မှ မြေငှားဂရန်သက်တမ်းတိုးရရှိရေးအတွက် မြေငှားဂရန်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက် ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် သက်တမ်းတိုးထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-IV/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၇၈-ခ/၁+၇၈-ခ/၂)၊ မြေဧရိယာ (၀ဒသမ ၃၄)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်စိုးဝေ ၁၂/အစန(နိုင်)၀၇၇၉၅၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၈၄၇ လက်ဝယ်ရှိသူ ဦးတင်အေး ၁၀/ကမရ (နိုင်) ၀၆၂၆၈၆မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ လူနေရပ်ကွက်အမှတ်(-)၊ အိမ်အမှတ်(၁၅၅)၊ ပင်လုံလမ်း၊ မြေကွက်အမှတ်(၁၂၀၆/ခ)၊ အကျယ်အဝန်း(၂၂ပေ× ၆၀ပေ)ရှိ ဦးရှိန်သန်း(၁၂/ဗတထ (နိုင်) ၀၁၉၂၇၀)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညိမ်းမြင့် (၁၂/ဗတထ (နိုင်)၀၁၉၀၄၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ လူနေရပ်ကွက်အမှတ်(-)၊ ဗိုလ်ဗလ(၁)လမ်း၊ မြေကွက်အမှတ်(၇၈၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅)ဧက ရှိ ဒေါ်သင်းယုဆွေ( AA- ၀၇၉၂၅၄)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မွန်မွန်အောင် (၁၂/တတန (နိုင်)၁၇၆၇၅၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ဦးမြတ်ကိုကို(DSA-26)
### အသက်(၅၉)နှစ်

မန္တလေးမြို့နေ ဦးကိုကြီး-ဒေါ်စန်းစန်းတို့၏သား၊ မိတ္ထီလာမြို့နေ (ဦးလှမောင်)-ဒေါ်တင်ညွှန့်တို့၏သားသမက်၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ဘူတာလမ်းနေ ဒေါ်ဝင်းဝင်းမာ(ဝင်းရတနာရွှေဆိုင်)၏ခင်ပွန်း၊ ဦးရဲရင့်ကိုကို-ဒေါ်ပြည့်ပြည့်ဝင်း၊ ဦးသက်စံ-ဒေါ်သီရိရတနာကိုကို၊ ဦးသန်းထိုက်-ဒေါ်စုနန္ဒာလင်းတို့၏ဖခင်၊ မောင်ကောင်းထက်သက်စံ၊ မမြတ်သီရိခေတ်၊ မသွန်းရတနာသက်စံ၊ မဖူးဖူးယသော်တို့၏ချစ်လှစွာသောအဘိုးသည် ၈-၅-၂၀၂၁ရက် ညနေ ၄:၄၅နာရီ တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၅-၂၀၂၁ရက် ညနေ ၄နာရီတွင် ပြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြတ်ကိုကို(DSA-26)
### အသက်(၅၉)နှစ်

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ဘူတာလမ်းနေ ဒေါ်ဝင်းဝင်းမာ (ဝင်းရတနာရွှေဆိုင်)၏ခင်ပွန်း၊ ဦးမြတ်ကိုကို အသက်(၅၉)နှစ်သည် ၈-၅-၂၀၂၁ရက် (စနေနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆) သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ၃၉လမ်းနှင့် ၈၅လမ်းထောင့်နေ ဦးသူတော်-ဒေါ်မြသိန်း တို့၏ သား၊ ဦးနေဝင်း-ဒေါ်မာမာလေး (ပွင့်လန်း-ရွှေဆိုင်)တို့၏အစ်ကို၊ ဦးရဲမြတ်သူ၊ ဦးရဲမိုးသူ၊ ဒေါက်တာဇော်ရဲသူ-ဒေါက်တာနန်းသိင်္ဂီဖြူ၊ ကိုရဲဝင်းသူ၊ ကိုနိုင်ရဲသူ-မထက်ထက်ငွေးတို့၏ဖခင်၊ မောင်ဟိန်းထက်သူ၊ မောင်ဝေဘုန်းထက်နိုင်တို့၏အဘိုး၊ ဒေါ်ဆွေဆွေ၏ခင်ပွန်း ဦးအေးကို (ဓနဗလဆီစက်) အသက် (၈၅)နှစ်သည် ၄-၅-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရတနာပုံကွန်ပျူတာနည်းပညာကော်ပိုရေးရှင်းလီမိတက်**

## ဒေါ်ခင်သန်း
### အသက် (၆၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်ကျေးရွာနေ ဦးသာဥဏ်-(ဒေါ်အုန်း) တို့၏သမီးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကန်မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ် (၃)လမ်းနေ ဦးလှဝင်း၏ ချစ်လှစွာသောဇနီး၊ မဖြိုးဇာနည်ဝင်း၊ ကိုအောင်ဇင်ဖြိုး-မပိုးအိဖြူတို့၏မိခင်၊ မမေမြင့်မိုရ်ဖူးတို့၏ ဘွားဘွားကြီးသည် ၇-၅-၂၀၂၁ရက် (သောကြာနေ့) ညနေ ၄:၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဘုတလင်မြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၆၆/ခံပင်သာ)၊ ဦးပိုင်အမှတ်(၆/၂)၊ ဧရိယာ ၀ဒသမ၆၆ ဧကရှိမြေအား ဦးဇော်ဝင်း အမည်ဖြင့် မြေငှားစာချုပ် (စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (စက်မှုစီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ကျော်လွမ်းမိုး ၁၀/မလမ(နိုင်)၂၅၀၁၇၆ သည် မိဘ၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာခံဘဲ မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကို ကျစေမည့် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယခုကြေညာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးရင်ရွှေ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာ စီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(အေ)၊ လေးလွှာ၊ အခန်း ၄၁၇၊ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းမွေလိုင်း ၁၃/သနန(နိုင်)၀၂၁၆၉၆ ထံမှ ကျွန်တော် ဦးဝဏ္ဏထွန်း ၁၂/ကမတ(နိုင်)၀၄၉၈၉၇ နှင့် ကျွန်မ ဒေါ်ဝင်းယုဟန် ၁၂/ဥကတ(နိုင်)၁၄၃၃၄၇သည် အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးဝဏ္ဏထွန်းနှင့် ကျွန်မ ဒေါ်ဝင်းယုဟန်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏထွန်း ၁၂/ကမတ(နိုင်)၀၄၉၈၉၇**
**ဒေါ်ဝင်းယုဟန် ၁၂/ဥကတ(နိုင်)၁၄၃၃၄၇**
**ဖုန်း-၀၉-၅၀၄၃၈၃၀၊ ၀၉-၅၁၈၉၆၀၈**

## ဦးလှကြည်(ဝါးခယ်မ)
### ဦးစီးအရာရှိ(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန
### အသက် (၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ထော်ကန္တတ်ရပ်နေ ဦးဘကြိုင်-ဒေါ်မြသွင်တို့၏သား၊ ရန်ကုန်မြို့၊ တိုက်အမှတ် (၁၁၁)၊ အခန်း (၂)၊ သံသုမာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဒေါ်တင်ဆွေဦး၊ ဒေါ်တင်ဆွေအေး၊ ဒေါ်ခင်မျိုးမျိုးစုတို့၏ဖခင်ကြီးသည် ၇-၅-၂၀၂၁ရက် (သောကြာနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မောင်တင့်
**B.Sc Engg(civil), M.Sc (U.K) DEP**
**အမှုဆောင်အင်ဂျင်နီယာ-က(ငြိမ်း)**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
### အသက် (၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄)လမ်း၊ အမှတ်(၇၆)နေ (ဒေါ်ခင်လေးနွယ်၊ ကထိက-ငြိမ်း) စီးပွားရေးတက္ကသိုလ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းထိုက် (ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၄၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့)-ဒေါ်နီလာတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးခင်မောင်တင့် [ အမှုဆောင်အင်ဂျင်နီယာ-က(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း]သည် ၆-၅-၂၀၂၁ ရက် နံနက် ၉:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေး(၄)၊ ရွှေဘိုမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၂ယ/၂၈၀၆၂ Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltd. မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 53W/75706 Suzuki Smash-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းသူ ၈/မဘန(နိုင်) ၁၀၉၈၇၂မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၅ယ/၈၀၅၀၂ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၈/မလန(နိုင်) ၀၇၇၄၄၁မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9421 Mazda Bongo SKF2T Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးရန်အောင် ၇/ပခန(နိုင်)၁၁၃၈၁၈မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၅၉)၊ မြေဧရိယာ (၀ဒသမ ၁၁၀)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအံ့ဘွယ်အေး ၉/မရတ(နိုင်)၁၁၁၉၉၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၆၉၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7299 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၁/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၅၈၅)၊ မြေယာအမှတ် (585)၊ မြေဧရိယာ (၀ဒသမ ၀၄၆)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်တင်မိုးမိုးမြင့် ၉/မရမ(နိုင်)၀၈၆၂၅၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုမြို့နယ်၊ ကော့စံနိုင်ရပ်ကွက်၊ အကွက်အမှတ် (၁၅)၊ တောကလေးအကွက်၊ ဦးပိုင်အမှတ် (၄၉)၊ ဧရိယာ ၀ဒသမ ၇၇၄ ကေအနက်မှ ၀ဒသမ၁၆၃ကေ+၀ဒသမ၉၉၁ကေ အနက်မှ ၀ဒသမ၂၃၆ကေ စုစုပေါင်းဧရိယာ ၀ဒသမ၃၉၉ကေရှိ မြေကွက်ကို ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာနေ ဦးရွှေကာ၏သမီး ဒေါ်တင်တင်ဝင်း ၁၂/ကတတ(နိုင်)၀၀၈၇၃၉ မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၄၉)၊ ဧရိယာ ၀ဒသမ၇၇၄ကေအနက်မှ ၀ဒသမ၁၇၁ကေ၊ ဦးပိုင်အမှတ် (၅၁)၊ ဧရိယာ ၀ဒသမ၉၉၁ကေအနက်မှ ၀ဒသမ ၂၁၀ကေ၊ စုစုပေါင်းဧရိယာ ၀ဒသမ၃၈၁ကေအား ဦးရွှေကာ၏သား ဦးစန်းဝင်း ၁၀/ကထန (နိုင်)၀၆၃၉၄၇ မှလည်းကောင်း၊ ဦးပိုင်အမှတ် (၄၉)၊ ဧရိယာ ၀ဒသမ ၇၇၄ ကေအနက်မှ ၀ဒသမ၁၅၆ကေနှင့် ဦးပိုင်အမှတ် (၅၁)၊ ဧရိယာ ၀ဒသမ၉၉၁ကေအနက်မှ ၀ဒသမ၁၅၆ကေ၊ စုစုပေါင်းဧရိယာ ၀ဒသမ၃၁၂ကေအား ဦးရွှေကာ၏သမီး ဒေါ်သန်းသန်းဝင်း ၁၀/ကထန(နိုင်)၀၆၀၄၁၅မှလည်းကောင်း ကျိုက်ထိုမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားချက်အား မည်သူမဆိုမြေကွက်များ၏ ပိုင်ဆိုင်မှုအထောက် အထားရှိသူမဆို ၃-၅-၂၀၂၁ရက်မှ ၂-၆-၂၀၂၁ရက်ထိ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်ရက်ပြည့်မြောက်ပါက လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ကျိုက်ထိုမြို့**

# ခရီးသည်လိုက်ပါစီးနင်းမှု များပြားသော ရန်ကုန်- ပဲခူး RBE ရထား ယနေ့စတင်ပြေးဆွဲ

**ရန်ကုန် မေ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ရည်ရွယ်၍ ယခင် နေ့စဉ် ခရီးသည်လိုက်ပါစီးနင်းမှု များပြားသော ရန်ကုန်- ပဲခူး RBE ခရီးသည်တင်ရထားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးဘူတာကြီးမှ ရန်ကုန်သို့ စတင်ထွက်ခွာပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"ဒီကနေ့ ပြန်လည်စတင်ပြေးဆွဲပေးတဲ့ ရန်ကုန်- ပဲခူး RBE ရထားဟာ အရင်ပြေးဆွဲကတည်းက နေ့စဉ်ခရီးသည်လိုက်ပါစီးနင်းမှု များပါတယ်။ ပြန်လည်စတင်ပြေးဆွဲတဲ့ ဒီကနေ့မှာတောင် ခရီးသည်လိုက်ပါစီးနင်းမှု မနည်းပါဘူး။ ဒါတောင် ရုံးတွေ၊ အလုပ်တွေ ပိတ်ရက်ဖြစ်နေတာ။ ရုံးတွေ၊ အလုပ်တွေ ဖွင့်ရက်ဆိုရင် အများစုက ဒီရထားကို လိုက်ပါစီးနင်းတာများတယ်။ ပြီးတော့ ရန်ကုန်နဲ့ ပဲခူး ကုန်သွယ်မှုပြုကြတဲ့သူတွေကလည်း အနည်းအပါး ကုန်တင်လို့ရတော့ ဒီရထားကို အားထားပြုကြတယ်။ ဒါကြောင့် အရင်ပုံမှန်လည်ပတ်တုန်းကဆိုရင် ဒီရထားရဲ့ ခရီးသည်လိုက်ပါစီးနင်းမှုက နံနက်ပိုင်းနဲ့ ညနေပိုင်းမှာ အတော်လေးကိုများပါတယ် " ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယနေ့စတင်ပြေးဆွဲပေးသော ရန်ကုန်- ပဲခူး RBE ရထားသည် ပဲခူးမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ လမ်းတစ်လျှောက်

*စာမျက်နှာ ၉ ကော်လံ ၁* ◆




ရန်ကုန်- ပဲခူး RBE ရထား ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာစဉ်။

# အာရှကလပ် အမျိုးသမီးပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်

**ရန်ကုန် မေ ၈**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှကလပ်အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားပြီး အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းမှ အမျိုးသမီးကလပ်အသင်းများအတွက် ရည်ရွယ်၍ ယင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင်မူ ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ပြိုင်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲကို အသင်းပေါင်း ရှစ်သင်းဖြင့် ကျင်းပရန် စီစဉ်ထားပြီး အုပ်စု (က) တွင် အရှေ့အာရှဇုန်လေးသင်း၊ အုပ်စု (ခ) တွင် အနောက်အာရှဇုန် လေးသင်း ပါဝင်မည်ဖြစ်သည်။ အုပ်စု (က) တွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)တို့မှ လိဂ်ချန်ပီယံအသင်းများ၊ အုပ်စု (ခ) တွင် အိန္ဒိယ၊ ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ လိဂ်ချန်ပီယံအသင်းများ ပါဝင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် ကိုယ်စားပြုကလပ်များနှင့် အိမ်ရှင်နိုင်ငံတို့ အတည်ပြုရန် ကျန်ရှိနေသေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ ကျင်းပဖွယ်ရှိနေသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ▼

# မန်ယူ၊ အာဆင်နယ်တို့ ပါဝင်သည့် ပရီမီယာလိဂ်ပွဲစဉ် (၃၅) မှ ပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ကစားမည်



ပရီမီယာလိဂ်ပွဲစဉ်(၃၅)မှ ပွဲစဉ်လေးပွဲဖြစ်သည့် ဝုဖ်နှင့် ဘရိုက်တန်၊ အက်စ်တွန်ဗီလာနှင့် မန်ယူ၊ ဝက်စ်ဟမ်းနှင့် အဲဗာတန်၊ အာဆင်နယ်နှင့် ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်များကို မေ ၉ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဝုဖ်နှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၅ နာရီခွဲတွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဝုဖ်အသင်းသည် ပရီမီယာလိဂ် ၃၄ ပွဲ ကစားပြီးချိန်တွင် ၄၂ မှတ် ရရှိထားကာ တန်းဆင်းဇုန် အန္တရာယ်မှ လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း ပြိုင်ဘက် ဘရိုက်တန်အသင်းက လာမည့်နှစ်ပရီမီယာလိဂ်တွင် တင်ကျန်ရန် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။

အက်စ်တွန်ဗီလာအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ယနေ့ည ၇ နာရီ ၃၅ မိနစ်တွင် အက်စ်တွန်ဗီလာ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မန်ယူအသင်းသည် မေ ၁၁ ရက်နှင့် ၁၄ ရက်တွင် လက်စတာ၊ လီဗာပူးအသင်းတို့နှင့် ရင်ဆိုင်ကစားရမည်ဖြစ်သောကြောင့်လည်းကောင်း၊ လာမည့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးအတွက် နိုင်ပွဲရရှိရန် လိုအပ်နေသေးသည့် အတွက်ကြောင့်လည်းကောင်း ယနေ့ပွဲစဉ်ကို နည်းပြဆိုးလ်ရှား အကောင်းဆုံး ပြင်ဆင်လာဖွယ် ရှိနေသည်။

ဝက်စ်ဟမ်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၁၀ နာရီတွင် ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဝက်စ်ဟမ်း အသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်ရှိနေသေးသည့်အတွက် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိရေးကို အားစိုက်ကစားလာဖွယ်ရှိနေသည်။ အဲဗာတန်အသင်းက ယူရိုပါလိဂ်ဝင်ခွင့် တစ်နေရာ ရရှိရန်အတွက် အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

**ယနေ့ မာတိကာ**

**COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃ ဦး တွေ့ရှိ** (စာ-၁၅)

**အင်းတော်မြို့နယ်ရှိ နန့်ဒရက်ချောင်းကူးတံတားကို အကြမ်းဖက်သောင်းကျန်းသူ(စီစစ်ဆဲ)အဖွဲ့က မိုင်းခွဲဖျက်ဆီး** (စာ-၂၃)

**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တို့တွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုများကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်** (စာ-၂၆)

Social Punishment **လုပ်ရန် လှုံ့ဆော်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း** (စာ-၂၇)